# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၂၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၄၀)


# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက်**
**ထုတ်ပြန်ချက်**
**(၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်)**
**(၂၀၂၁ ခုနှစ်၊ မေ ၂၀ ရက်)**

၁။ တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက်(၉) ရပ် ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် ဆက်လက်ဆွေးနွေးဆဲဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အမြန်ဆုံး ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်ဆိုင်းပေးလျက်ရှိသည်။

၃။ ယခုဆက်လက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆွေးနွေးနိုင်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အား ရှေးရှု၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ ထပ်မံတိုးမြှင့် ရပ်ဆိုင်းပေးသွားမည်ဖြစ်သည်။

၄။ တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ထပ်မံတိုးမြှင့်ရပ်စဲပေးထားသည့် ကာလများအတွင်း ညှိနှိုင်းဆွေးနွေးမှုများဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ မန်းသီတာဟိုတယ်ကို တွေ့ရစဉ်။ ဓာတ်ပုံ- သန်းနိုင်ဦး (ငဖဲ)

## ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနေနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးရှိ ဟိုတယ်၊ မိုတယ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြု

**နေပြည်တော် မေ ၂၀**

ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနေနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးရှိ ဟိုတယ်၊ မိုတယ်များကို မေလမှစတင်ကာ ပြန်လည်ဖွင့်လှစ် ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ဟိုတယ်၊ မိုတယ် အလုံး ၅၀ ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်အတွက် ခေတ္တပိတ်ထားခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကွာရန်တင်းစင်တာ မဟုတ်သည့်

*စာမျက်နှာ ၄ ကော်လံ ၁* ●

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး**

စာ ၁၅၊ ၁၆

**မိုက်မဲသောလုပ်ရပ်များနှင့် ဝေးရာသို့ . . .**

ဆောင်းပါး စာ ၁၀

**အိန္ဒိယနိုင်ငံမြို့တော်တွင် ကိုဗစ် - ၁၉ အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဇွန် ၇ ရက်အထိ ဆက်လက်ထားရှိမည်**

နိုင်ငံတကာသတင်း စာ ၁၃



**သတိထားဖွယ် မိုးကြိုးပစ်ခြင်း သဘာဝဘေးအန္တရာယ်**

ဆောင်းပါး စာ ၂၄



မြန်မာ့အလင်း

## ကျောင်းဖွင့်ချိန်မှာ လိုက်နာဆောင်ရွက် အချက် (၆) ချက်

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း မြို့အသီးသီး၊ နယ်အသီးသီးတို့၌ ကျောင်းသူ ကျောင်းသားများကို ကျောင်းအပ်နှံနေကြပြီဖြစ်သည်။ ပြီးခဲ့သည့် စာသင်နှစ်တစ်နှစ်လုံးမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းများပြန်မဖွင့်နိုင်သည့်အတွက် ကျောင်းသူကျောင်းသားများ တစ်နှစ်စာ ပညာရေးဆုံးရှုံးကြရသည်။ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးဆုံးရှုံးမှုသည် တစ်နှစ်ပြီးတစ်နှစ် နှစ်များစွာကြာမြင့်မည်ဆိုပါက တစ်ဦးချင်းစီ၏ဘဝတို့တွင် ထိခိုက်နစ်နာမှုများ ကြီးမားစေနိုင်သည့်အလျောက် ကျောင်းများဖွင့်လှစ်၍ ပညာသင်ကြားရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်းမှာ ကြိုဆိုရမည့်အရာ ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှု ပိုမိုမြန်ဆန်စွာဖြင့် အရှိန်မြင့်လာသည့်သတင်း၊ ဗိုင်းရပ်စ်ပိုးဗီဇမျိုးကွဲပေါ်ထွက်လာရာတွင် မူလဗိုင်းရပ်စ်ထက် ပိုမိုပြင်းထန်ပြီး ပို၍မြန်မြန်ဆန်ဆန် ကူးစက်နိုင်သည့်သတင်းများမှာ သတင်းဆိုးများအဖြစ် ပေါ်ထွက်လာသလိုပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း မြန်မာနိုင်ငံ၌ ပြည်တွင်းရောဂါကူးစက်မှု ခတ်ခွဲအတည်ပြုလူနာတွေ့ရှိသည့်ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာသည်ကို သတိထားမိသည်။ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှု ပိုမိုလျှော့ချလာခြင်းနှင့် အတူ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးဆိုင်ရာ လိုက်နာမှု အလေ့အကျင့်များလည်း လွန်စွာလျော့နည်းလာသည်ကို တွေ့ရသည်။ ယင်းအခြေအနေများက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ ပြန်ဖွင့်သည့်အချိန်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအန္တရာယ်ကို ဖိတ်ခေါ်နေသည့်သဖွယ်ဖြစ်သည်။

ယခုအခါ အခြေခံပညာကျောင်းများပြန်ဖွင့်ချိန်တွင် ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက်(၆)ချက်ကို မီဒီယာများမှတစ်ဆင့် အသိပညာပေးလျက်ရှိရာ အမှန်တကယ်လိုက်နာဆောင်ရွက်ရေးအတွက် ယခုထက်ပို၍ ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်မည်ဟူ၍ ယူဆမိသည်။ ကျောင်းသူ ကျောင်းသား သို့မဟုတ် ၎င်း၏အတူနေ မိသားစုဝင်တစ်ဦးဦးတွင် ကိုဗစ်-၁၉ သံသယအခြေအနေဖြစ်ပေါ်နေပါက ကျောင်းသို့မလွှတ်ရန်နှင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးအကြောင်းကြားရန်၊ ကျောင်းသွား ကျောင်းပြန်လမ်းတစ်လျှောက်နှင့် ကျောင်းတွင်ရှိနေစဉ်တစ်လျှောက်လုံး ပါးစပ်၊ နှာခေါင်းစည်းနှင့် မျက်နှာအကာများ စနစ်တကျတပ်ဆင်ရန် (မတပ်ဆင်ပါက ကျောင်းတွင်းသို့ ပေးမဝင်ရန်)၊ စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည့်အသုံးအဆောင်များ မျှဝေသုံးစွဲခြင်းမပြုရန်၊ လက်ကို စနစ်တကျဆေးရန်၊ တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေကွာ ခပ်ခွာခွာထိုင်ရန်၊ နှာချေချောင်းဆိုးတိုင်း တစ်သျှူး သို့မဟုတ် တံတောင်ဆစ်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းတို့ကို ဖုံးအုပ်ရန်၊ တစ်သျှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊ ပြီးလျှင် လက်ကိုစနစ်တကျဆေးရန်ဟူသော အချက်(၆)ချက်မှာ အလေ့အကျင့်စွဲမြဲစေရန် လေ့ကျင့်ပေးရမည့်သဘော၊ အမှိုက်ပုံး၊ ဆပ်ပြာ၊ ရေစသည်တို့ကို ကျောင်းသူ ကျောင်းသားများ အလွယ်တကူအသုံးပြုနိုင်ရန် စီမံဆောင်ရွက်ထားရမည့်သဘော၊ မိဘ ဆရာ ကျောင်းသား သုံးဦးသုံးဖလှယ် နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ကြရမည့်သဘောတို့ကို တွေ့ရှိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ အခြေအနေမှာ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုပြီးစီးသည့်အချိန်မှာပင် နောက်ထပ်နှစ်နှင့်ချီ၍ ဆက်လက်တည်ရှိနေမည်ဖြစ်ခြင်းကြောင့် ကာကွယ်ဆေးထိုးပြီးသူများအပါအဝင် လူတိုင်းက ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို မပျက်မကွက်လိုက်နာကြရန် နှိုးဆော်ထားသည်။ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကလေးများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ခြင်းနှင့်အတူကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်တားဆီးရေးကိုလည်း ကြပ်ကြပ်မတ်မတ် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ကြစေရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ကျောင်းတက်ချိန်

* တစ်ရုံနှစ်ရုံ သုံးလေးရုံ

ကျောင်းရှေ့ စံပယ်ရုံ၊

ပွင့်လှဖူးငုံ သင်းထုံမွှေး

လေချိုတသွေးသွေး။

* ကျောင်းသူမလေး မစံပယ်

ပါးကွက်ကျားလေးလိမ်းကာခြယ်၊

ကျစ်ဆံမြီးရယ် ဘယ်ညာချ

ကြည့်လို့အလွန်လှ။

* အင်္ကျီဖြူလွ စိမ်းထဘီ

ဝတ်ဆင်လိုက်ဖက်ညီ၊

မြန်မာပီပီ ရိုးဂုဏ်ပြ

ကျောင်းစာသင်ယူကြ။

* ဆရာ မိဘ ရှိရှိသေ

စိတ်ထားမွန်မြတ်ပေ၊

ကျောင်းတော်ဤမြေသာယာရေး

ဝိုင်းဝန်းကူညီပေး။ ။

**ဖိုလေးလုံးသောင်းကိုကို**

### အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**










## စားသောက်ကုန်များအား ပြည်တွင်း၌ သက်သာသော စျေးနှုန်းများဖြင့် ဖူလုံအောင်ထုတ်လုပ်

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည့် တိရစ္ဆာန်အစာများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရမှုများရှိကြောင်း၊ နိုင်ငံအတွင်း တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ ပေါများစွာရှိသဖြင့် တိရစ္ဆာန်အစာစပ်လုပ်ငန်းများဆောင်ရွက်၍ ပြည်တွင်း၌ လုံလောက်အောင် ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှဝယ်ယူသုံးစွဲမှုများလျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စားသောက်ကုန်များအား ပြည်တွင်း၌ သက်သာသော စျေးနှုန်းများဖြင့် ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်စျေးနှုန်းများအား ပြည်သူများ စျေးသက်သက်သာသာဖြင့် စားသုံးနိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ဘူတာများနှင့် ကုန်းတွင်းဆိပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မေ ၂၉ ရက်တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းအဆင့် (၁) ဖြစ်သည့် ရန်ကုန် – တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း ဘူတာများနှင့် ကုန်းတွင်းဆိပ် (Dry Port) တို့ကို ကြည့်ရှုစစ်ဆေးသည်။



### ညှိနှိုင်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင် ဘူတာကို ရွှေ့မှုမပျက် အဆင့်မြှင့် ပြုပြင်ထိန်းသိမ်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန် – တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ ပဲခူး–ညောင်လေးပင် လမ်းပိုင်း (CP–102) စီမံကိန်း (ပွဲ့န်တန်ဆာ) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (မြို့ပြ) က လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပဲခူး – ညောင်လေးပင် လမ်းပိုင်း (CP–102) စီမံကိန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

### သပ်ရပ်စွာ ပြုပြင်

ယင်းနောက် ပွဲ့န်တန်ဆာ ဘူတာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပွဲ့န်တန်ဆာဘူတာမှ ဒိုက်ဦး ဘူတာအထိ RBE ရထားဖြင့် သံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ (ယာဉ်ပုံ) ဒိုက်ဦးဘူတာတွင် ရထားစီးရန် စောင့်ဆိုင်းနေသည့် ခရီးသည်များနှင့်တွေ့ဆုံ၍ ရထားခရီးစဉ်များ အဆင်ပြေမှုရှိ၊မရှိ အခြေအနေကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းပြီး ခရီးသည်များ လက်မှတ်ဝယ်ယူရာတွင် အဆင်ပြေစွာ ရောင်းချပေးရေး၊ ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ဘူတာဆိုင်းဘုတ်များ သပ်ရပ်စွာ ပြုပြင်ဆောင်ရွက်ပေးရေး တာဝန်ရှိသူများကို မှာကြားသည်။

ထိုမှတစ်ဆင့် ပဲခူးဘူတာသို့ရောက်ရှိရာ ပဲခူးဘူတာ ရုံပိုင်ချုပ်မှ ပဲခူးဘူတာနှင့် ပတ်သက်သည်များ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရထားစီးခရီးသည်များ အဆင်ပြေစွာခရီးသွားလာနိုင်ရေး ဆောင်ရွက်ပေးရန်၊ ရထားများ သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိရေး၊ ဘူတာလုံခြုံမှုရှိရေး၊ မီးဘေးအန္တရာယ် ဂရုပြုဆောင်ရွက်ရေး၊ ဝန်ထမ်းလိုင်းခန်းများ ချို့ယွင်းပျက်စီးနေမှုများကို တာဝန်ရှိသူများက စစ်ဆေးပြုပြင် ဆောင်ရွက်ပေးရေး၊ ဘူတာအဆင့်မြှင့် ပြုပြင်တည်ဆောက်နေမှုများ အပေါ် ရေရှည်တည်တံ့ ခိုင်ခံ့စွာအသုံးပြုနိုင်ရေးအတွက် တည်ဆောက်နေချိန်တွင် စံချိန်စံညွှန်းကိုက်ညီရေး တာဝန်ရှိသူများက ကြီးကြပ်စစ်ဆေး ဆောင်ရွက်ပေးရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးဘူတာမှ ရွာသာကြီးဘူတာအထိ (၃၃ ဒသမ ၂၅) မိုင်အား RBE ရထားဖြင့် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ထုံးကြီးဘူတာ၌ သံလမ်းဂဟေဆက်လုပ်ငန်း ဆောင်ရွက်သည့် လုပ်ငန်းခွင်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စီမံကိန်း ရှင်းလင်းဆောင်တွင် မြန်မာ့မီးရထားအထွေထွေ မန်နေဂျာ (မြို့ပြ) က (CP–101) ၏ ရွာသာကြီး – ပဲခူး (အစုန်လမ်းပိုင်း) လုပ်ငန်းဆောင်ရွက်မှု၊ တံတားများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ မြေသားလုပ်ငန်းဆောင်ရွက်မှု၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို မှာကြားပြီး ရန်ကုန် – ပဲခူးလမ်းပိုင်း(CP–101) စီမံကိန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် ရွာသာကြီးရှိ ကုန်းတွင်းဆိပ် (Dry Port) နှင့် ဆက်စပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုများ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပမှ ပြန်လာသူများအား COVID-19 နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေး

နေပြည်တော် မေ ၃၀

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID–19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀) မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၉၀ ကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို COVID–19 ရောဂါနှင့်ပတ်သက်၍ စစ်ဆေးခြင်းများ ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၇၁၇၅ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး သည် ယနေ့နံနက်ပိုင်းတွင် ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပုသိမ်ကြီးမြို့နယ်ရှိ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။



### လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရဲရွာ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် စက်ရုံမှူးတို့က လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင် ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဓာတ်အားပေး စက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင် စက်ခန်းများအတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုနှင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံနှင့် ရေပိုလွှဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ အောင်ပင်လယ် ပင်မဓာတ်အားခွဲရုံများသို့ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးများက ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားခွဲရုံ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး က ဓာတ်အား မပြတ်တောက်စေရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဓာတ်အား ဖြတ်တောက်ရသည့်အခါတွင်လည်း အချိန်အနည်းဆုံးဖြစ်စေရန်နှင့် ပြည်သူသို့ ကြိုတင်အသိပေး ဆောင်ရွက်ကြရန် မှာကြားပြီး ဓာတ်အားခွဲရုံများအတွင်းရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မေ ၃၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၉ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ တနိုင်းမြို့၊ ဗန်းမော်မြို့၊ ပူတာအိုမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့၊ ဗထူးတပ်မြို့၊ ရပ်စောက်မြို့နယ်၊ မိုင်းပန်မြို့၊ နမ့်စန်မြို့၊ မိုင်းနောင်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းဖြတ်မြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကျိုက်ထိုမြို့၊ သံဖြူဇရပ်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့၊ ကော့ကရိတ်မြို့၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့၊ အင်းမမြို့၊ မင်းလှမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင်သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ပြန်လည်ပြုပြင်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

**သတင်းစဉ်**

● *ရှေ့ဖုံးမှ*

ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက် (Version 2.0) နှင့်အညီ လိုက်နာဆောင်ရွက် ပြင်ဆင်စစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဟိုတယ်၊ မိုတယ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်က “ပြီးခဲ့တဲ့ ဧပြီလအထိက ဟိုတယ်၊ မိုတယ် ၂၁ လုံး ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး အခု မေလကုန်မှာ အလုံး ၅၀ ကို အကုန်လုံး ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်တာဖြစ်ပါတယ်။ ရပ်တန့်နေတဲ့ လုပ်ငန်းတွေ ပြန်လည် လည်ပတ်နိုင်ပြီး ဝင်ငွေရတယ်ဆိုတော့ တဖြည်းဖြည်းနဲ့ အမြတ်အစွန်းတွေ မျှော်မှန်းလို့ ရလာနိုင်မှာဖြစ်ပါတယ်” ဟု ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့် ခရီးသွားလုပ်ငန်းများသည် ပြည်တွင်းခရီးသွားများကို အဓိကပိုမိုအားထားနေရခြင်းဖြစ်ကြောင်း သိရသည်။

“ဒီမှာက တက္ကသိုလ်တွေရှိတော့ တက္ကသိုလ်တွေ ဖွင့်တာ၊ ပိတ်တာနဲ့ ဘွဲ့နှင်းသဘင်ရက်တွေဆို ဟိုတယ်တွေက လူပြည့်တယ်။ ဒါ့အပြင် ရွှေစက်တော်ဘုရားပွဲက သုံးလနီးပါးရှိတယ်။ ဘုရားပွဲမတိုင်ခင် တစ်လနဲ့ ဘုရားပွဲပြီးတဲ့တစ်လ ပေါင်းလိုက်ရင် ငါးလနီးပါးလောက် မကွေးတိုင်းဒေသကြီးရဲ့ ဟိုတယ်၊ မိုတယ်တွေက ပြည်တွင်းပြည်ပ ခရီးသွားတွေနဲ့ တည်းခိုသူများပြားပါတယ်။ ဘုရားပွဲတွေကြောင့်လည်း ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက်လည်ပတ်တာကိုအမှီပြုပြီး အဓိကဝင်ငွေရနေတာဖြစ်ပါတယ်” ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံက ပြောသည်။

မကွေးမြို့နယ်တွင် မြသလွန်စေတီတော်၊ ကံ့ကော်တစ်ထောင်ဘုရားနှင့် ကွေ့ချောင်းခံတပ်၊ မင်းလှမြို့နယ်တွင် မလွန်မြသပိတ်ဘုရား၊ မင်းလှခံတပ်၊ မင်းဘူးမြို့နယ်တွင် စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ ရွှေစက်တော်ဘုရား၊ ရွှေစက်တော်ဘေးမဲ့တောနှင့် ဆင်စခန်း၊ စကုမြို့နယ်တွင် ရုပ်စုံကျောင်းနှင့် ရှေးဟောင်းဘုရားများ၊ ပွင့်ဖြူမြို့နယ်တွင် စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရား၊ ဘားဝပ်ကျောင်း၊ လယ်ကိုင်းရုပ်စုံကျောင်း စသည့်နေရာများသည် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်လေ့ရှိသော အထင်ကရနေရာများဖြစ်သည်။

မကွေးတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဖြစ်စေရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး၊ ရေမြေတောတောင် သဘာဝအလှအပများဖြင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်ကာ ခရီးသွားများအတွက် လုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာ လည်ပတ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလအလွန်တွင် ပြောင်းလဲလာသည့် ခရီးသွားလုပ်ငန်းများအတွက် ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကေတာ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် အသက်(၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့

နေပြည်တော် မေ ၃၀

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် အသက် (၈၅)နှစ်အထက် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်း အခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**




အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သူရိန်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အသက်(၈၅)နှစ်အထက် ဘိုးဘွားများနှင့် မသန်စွမ်းပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

### အမှာစကား ပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေ၊ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို ၃၃၃၆၆ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၀၈၂၆ ဦးအတွက် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၆၅၀ ဒသမ ၃၂၄ သန်းကို မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သူရိန်ထွန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ ဦးကျော်ဆန်း၊ ဦးမျိုးအောင်၊ ဦးသိန်းဌေးတို့က သက်ဆိုင်ရာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းမှ ကိုယ်စားလှယ် ဦးစိုင်းအောင်ထက်တို့ထံ ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

### လက်ဝယ်အရောက် ပေးအပ်

ထို့နောက် တက်ရောက်လာသူများကိုယ်စား ဂေဟာအုပ်ချုပ်ရေးမှူး ဦးထူးထူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဘိုးဘွားများနှင့် မသန်စွမ်းပုဂ္ဂိုလ်များထံ ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ (အောက်ဝဲပုံ)

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ နားမကြားသောကလေးများကျောင်း၌ပြုလုပ်သည့် မန္တလေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး တက်ရောက်လာသူ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နားမကြားသောကလေးများ ကျောင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေး လူငယ်သင်တန်းကျောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီး လူငယ်သင်တန်းကျောင်းတို့သို့ ရောက်ရှိကြပြီး သင်တန်းကျောင်းများအတွင်း သင်တန်းသားများနေထိုင်စားသောက်မှု၊ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သော ဆံသသင်တန်း၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်း၊ ပန်းချီသင်တန်း၊ သံဂဟေသင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်း၊ ပန်းရန်သင်တန်း၊ ပိုက်ဆက်သင်တန်း၊ လက်သမားသင်တန်း၊ လျှပ်စစ်တပ်ဆင်ပြုပြင်သင်တန်း၊ အပ်ချုပ်သင်တန်းတို့ကို လက်တွေ့သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရေဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရေဝတီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။



အခမ်းအနားသို့ ရေဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ ရေဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်နှင့် ပညာရေးဝန်ထမ်းများ၊ စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း သီချင်းဖြင့် အခမ်းအနားကို သီဆိုဂုဏ်ပြုဖွင့်လှစ်ပြီး ရေဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် ရေဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပညာရေး ဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့သော COVID-19 ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဖြစ်သည့် Mask၊ Face Shield နှင့် Hand Gel များ ပေးအပ်ရာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။ (ဝဲပုံ)

ဆက်လက်၍ တိုင်းမှူးက အခြေခံပညာ ကျောင်းသုံးပုံနှိပ်စာအုပ်များပေးအပ်ရာ ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းဦးက လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား ကျောင်းသူတစ်ဦးစီက လည်းကောင်း လက်ခံယူကြသည်။

ယင်းနောက် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဂုဏ်ပြုနှုတ်ဆက်ပြီး ရေဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခန်းမအတွင်း ပြသထားသော ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကျောင်းအပ်နှံရေးနေ့ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒီမိုကရေစီနှင့်ဆန့်ကျင်သည့် အကြမ်းဖက်အဖျက်လုပ်ရပ်

**ကိုလူလှ**

**TV၊ Youtube တို့တွင် ONE Championship နိုင်ငံတကာလက်ဝှေ့ပွဲများ၊ နပန်းပွဲများကို ကြည့်ဖူးကြပေလိမ့်မည်။ ထိုပွဲများတွင် ထိုးသတ်သူတို့သည် ကြိုးဝိုင်းထဲတွင် မည်သို့ပင် အသေအကျေ ထိုးသတ်ကြသော်လည်း ပွဲပြီးလျှင် ရှုံးသူကလည်း ကြည်ဖြူ နိုင်သူကလည်းဂုဏ်ယူ တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း နှုတ်ဆက်ကြသည်ကို တွေ့ဖူးမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ရန်သူသဖွယ် အသေအကျေ တိုက်ခိုက်ကြသော်လည်း ပြိုင်ပွဲပြီးသည်နှင့် ရန်သူမဖြစ် မိတ်ဆွေအဖြစ် ရပ်တည်ကြပေသည်။**

### ချစ်ချစ်ခင်ခင်

မြန်မာနိုင်ငံ၏ သတင်းစာလောကသမိုင်းတွင် ရှေးကာလပုဂ္ဂလိကခေတ်က သတင်းစာများသည် မိမိတို့သတင်းစာများ အောင်မြင်မှုရရှိရေးအတွက် သတင်းစာတစ်စောင်နှင့်တစ်စောင်၊ သတင်းစာဆရာ၊ သတင်းစာသမားများ တစ်ဦးနှင့်တစ်ဦး ပြိုင်ဘက်သဖွယ် အပြိုင်အဆိုင် အကြိတ်အနယ် သတင်းစာထုတ်ခဲ့ကြသည်။ သတင်းစာလုပ်ငန်းခွင်အတွင်း၌ အချင်းချင်းအထစ်အငေါ့၊ အတိုက်အခိုက်များ ရှိခဲ့ကြသည်။ သို့သော် လုပ်ငန်းခွင် ပြင်ပရောက်သောအခါ လုပ်ဖော်ကိုင်ဖက် တစ်ဦးနှင့်တစ်ဦး မိတ်ဆွေရင်းချာသဖွယ် ချစ်ချစ်ခင်ခင်နေထိုင်ကြသည်ကို တွေ့ဖူးကြားဖူးသည်။

ဒီမိုကရေစီ အသားကျနေသော နိုင်ငံကြီးများတွင် ပြိုင်ဘက်ပါတီမှ နိုင်ငံရေးခေါင်းဆောင်တို့သည် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် တစ်ဦးနှင့်တစ်ဦး အနိုင်မခံအရှုံးမပေး စကားစစ်ထိုးကြသော်လည်း ရွေးကောက်ပွဲပြီးသောအခါ တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း ကြည်ကြည်ဖြူဖြူ နှုတ်ဆက်သည်။ ရန်သူဟုသဘောမထားဘဲ ကိုယ့်အလုပ်ကိုယ်သာ တစိုက်မတ်မတ် လုပ်ကြပေသည်။ ဒီမိုကရေစီဘိုးအေကြီးဟု ခေါ်ဆိုသည့် အမေရိကန်နိုင်ငံ ရွေးကောက်ပွဲကို ပြန်ကြည့်လျှင် လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲနီးတိုင်း အဓိကအတိုက်အခံပါတီကြီးနှစ်ခုဖြစ်သည့် ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တစ်တို့သည် အပြိုင်အဆိုင် အနိုင်ကြဲကြသည်။

### ငြိမ်းချမ်းစွာနေထိုင်

ပြီးခဲ့သည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်ပါတီမှ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်ပါတီမှ ဂျိုးဘိုင်ဒင်တို့ အပြိုင်အဆိုင် အနိုင်ကြဲကြရာ ဒေါ်နယ်ထရမ့် ရှုံးသည်။ မကျေနပ်သော ထရမ့်၏ပါတီဝင်များ၊ ဝန်းရံထောက်ခံသူများက ကွန်ဂရက်ကို ဝင်ရောက်စီးနင်းသည်အထိ အမေရိကန်ရွေးကောက်ပွဲသမိုင်းတွင် ဆိုးရွားသော အဖြစ်အပျက်ဆိုးကြီးတစ်ခု ဖြစ်ပေါ်ခဲ့သည်။

ယင်းကို နှိမ်နင်းဖြေရှင်းပြီးနောက် ရီပတ်ဘလီကန်သည်လည်းကောင်း၊ ဒီမိုကရက်တစ်သည်လည်းကောင်း နိုင်ငံကောင်းရာကောင်းကြောင်း၊ မိမိတို့အကျိုးရှိရာရှိကြောင်းတို့ကို ပုံမှန်အတိုင်း ပြန်လည်လုပ်ကြသည်။ အလားတူ အိုဘားမားနှင့် ဟီလာရီကလင်တန်တို့ သမ္မတရွေးချယ်ပွဲ၌လည်း သမ္မတလောင်းတစ်ဦးနှင့်တစ်ဦး၊ ပါတီဝင်တစ်ဖက်နှင့်တစ်ဖက် ရန်သူသဖွယ် နှုတ်အားဖြင့် တိုက်ကြခိုက်ကြ၊ အကြိတ်အနယ် မဲဆွယ်ခဲ့ကြသော်လည်း ရွေးကောက်ပွဲပြီးသောအခါ အမေရိကန်ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ နေထိုင်လုပ်ကိုင်ခဲ့ကြသည်။



ဖလမ်းမြို့၌ အကြမ်းဖက် လက်လုပ်မိုင်းကြောင့် ပျက်စီးဆုံးရှုံးရသည့် စာသင်ကျောင်း တစ်ကျောင်း။

### ဇာတိရုပ်ပေါ်လာ

**မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ၁၀ နှစ်သား ကာလလွန် တတိယအကြိမ်မြောက် ရွေးကောက်ပွဲကာလတွင်မူ ဒီမိုကရေစီ နုနယ်သေး၍လား၊ ဒီမိုကရေစီ မရင့်ကျက်သေး၍လား၊ ဒီမိုကရေစီကို နားမလည်သေး၍လား၊ ဒီမိုကရေစီ ပုံဖျက်လို၍လား၊ ဒီမိုကရေစီ အရေခြုံ၍လား၊ အစွန်းရောက် အနောက်လစ်ဘရယ်ဝါဒ လွှမ်းမိုးခြယ်လှယ်နေ၍လား အကြောင်းတစ်မျိုးမျိုးကြောင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အခင်းအကျင်းမှာ အကျည်းတန်အရုပ်ဆိုးစရာများ ဖြစ်ပျက်ခဲ့ပါသည်။**

မြန်မာနိုင်ငံတွင် USDP နှင့် NLD ဟူသည့် အင်အားကြီးပါတီကြီးနှစ်ခုရှိပြီး တစ်ပါတီက အာဏာရသောအခါ တစ်ပါတီက အတိုက်အခံအဖြစ် ရပ်တည်ခဲ့ပါသည်။ အနောက်လစ်ဘရယ်ဝါဒ လွှမ်းမိုးသည့် ပါတီကြီးသည် "အစကတည်းက ယဉ်သကို" ဆိုသလိုပါပဲ တတိယအကြိမ်မြောက် ရွေးကောက်ပွဲကာလတွင် ဇာတိဇာတ်ရုပ်ပေါ်လာခဲ့သည်။

### အကြမ်းဖက်အစပျိုး

ယခင်အာဏာရပါတီကြီးသည် ပြည်သူနှင့်အတူ၊ ပြည်သူနှင့်တစ်သားတည်း၊ ပြည်သူသည်သာ အဓိက၊ ပြည်သူသည်သာအင်အား စသည့်ကြွေးကြော်သံများဖြင့် ပြည်သူကို စည်းရုံးသည်။ ရွေးကောက်ပွဲကို အသုံးချသည်။ အာဏာရရေးအတွက် အမြတ်ထုတ်သည်။ ဒီမိုကရေစီစနစ်တွင် မတူကွဲပြားသူများ သဘောထားကွဲလွဲနိုင်သော်လည်း ကွဲလွဲသည်ကို လက်မခံ။ "ငါနှင့်မတူ ငါ့ရန်သူ" စိတ်ဓာတ်ကို ကိုယ်တိုင်လည်းမွေးမြူ ပြည်သူများကိုလည်း ဖြန့်ဝေပေးခဲ့သည်။ ရွေးကောက်ပွဲအကြိုကာလက အတိုက်အခံပါတီကြီးနှစ်ခု၏ အဖြစ်အပျက်များကို ပြန်လည်လေ့လာကြည့်နိုင်သည်။ ထိုအချိန်ကတည်း က "ငါနှင့်မတူ ငါ့ရန်သူ" ဆိုသည့် အကြမ်းဖက်လုပ်ရပ်များ အစပျိုးပေးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုစဉ်က မတားဆီးခဲ့၊ မဟန့်တားခဲ့၊ မဖြောင့်ခဲ့၊ မတည့်မတ်ခဲ့၊ မသိလိုက် မသိဘာသာ နေခဲ့သည်။

### ဒီမိုကရေစီတန်ဖိုး

အိုဘားမားနှင့် ဟီလာရီကလင်တန်တို့ သမ္မတရွေးကောက်ပွဲကာလက သမ္မတလောင်းတို့ကို ဝန်းရံထောက်ခံအားပေးကြသော ပြည်သူတို့သည် တစ်ဖက်နှင့်တစ်ဖက် ဝေဖန်ပုတ်ခတ် အပုပ်ချပွဲများ သောသောညံအောင် ပြုလုပ်ခဲ့ကြသည်။ ရွေးကောက်ပွဲနီးသောအခါ တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် ပြောဆိုဝေဖန်မှုများ မပြုလုပ်ကြတော့ပေ။ သမ္မတလောင်းနှစ်ဦးသည် နိုင်ငံရေးစင်မြင့်မှ ပြင်းထန်သည့် ပုတ်ခတ်ရှုတ်ချ စွပ်စွဲ ပြစ်တင်သော စကားစစ်ထိုးပွဲကို ပြုလုပ်ခဲ့ကြသည်။ ရွေးကောက်ပွဲတွင် အိုဘားမား အနိုင်ရသောအခါ ဟီလာရီကို သူ၏အစိုးရအဖွဲ့တွင် ပါဝင်ရန်ဖိတ်ခေါ်သည်။ ဟီလာရီကလည်း ကြည်ကြည် ဖြူဖြူလက်ခံ၍ နိုင်ငံခြားရေးဝန်ကြီး တာဝန်ယူသည်။ နိုင်ငံ့ကောင်းကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည်။ ဤသည်မှာ ဒီမိုကရေစီ၏ တန်ဖိုး၊ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည်။

### လက်တွဲဆောင်ရွက်

ယင်းကို အမေရိကန်က အမေရိကန်ပုံစံ၊ မြန်မာနိုင်ငံက မြန်မာနိုင်ငံပုံစံဟု ဆင်ခြေပေးမည်ဆိုလျှင် ဒီမိုကရေစီစနစ်ကို နားမလည်သေးပါဟု ဆိုရမည် ဖြစ်သည်။ ဒီမိုကရေစီအတွေ့အကြုံ ရင့်ကျက်ပြီးသော နိုင်ငံမှ ကောင်းသောအတွေ့အကြုံတို့ကို ဒီမိုကရေစီ နုနယ်သောနိုင်ငံက ယူသင့်ယူထိုက်သည်။ အလုပ်သဘောအရ မည်မျှပင် အသေအကျေ ထိုးနှက်တိုက်ခိုက်ကြသော်လည်း အလုပ်ပြီးလျှင် အပြုံးမပျက်၊ အမုန်းမဖက်၊ ချစ်ချစ်ခင်ခင် နေထိုင်ခြင်းသည် ကောင်းသောလုပ်ရပ်ပင်ဖြစ်သည်။ နိုင်ငံရေးစင်မြင့်တွင် မည်မျှပင် ဝေဖန်ရှုတ်ချ အပုပ်ချခဲ့သော်လည်း နိုင်ငံအကျိုးအတွက် တူတူညီညီ ရယ်ရယ်ပြုံးပြုံး အားကြိုးမာန်တက် လက်တွဲဆောင်ရွက်ကြသည်မှာ ဒီမိုကရေစီ၏ အောင်မြင်မှုပင် ဖြစ်သည်။

### မကောင်းသောအကျင့်

**မြန်မာနိုင်ငံ၏ ဒီမိုကရေစီတွင် နိုင်ငံရေးသမားတို့နှင့် ၎င်းတို့၏ နောက်တော်ပါးများ၏ ပင်ကိုစိတ်ရင်း၊ စိတ်ထားများကို မြန်မာ့နိုင်ငံရေးသမိုင်းအစမှ ယနေ့တိုင်အောင် တွေ့ကြရသည်။ ပြိုင်ဘက်အချင်းချင်း၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ညစ်ရမှ၊ လူချရမှ ကျေနပ်ကြသလို နိုင်ရင်လည်းတစ်မျိုး၊ ရှုံးရင်လည်းတစ်ဖုံ အမျိုးမျိုးလုပ်ခဲ့ကြသည်။ မြန်မာလူမျိုးတို့သည် တစ်ဦးအပေါ်တစ်ဦး အမုန်းတရားများ၊ အာဃာတတရားများ ကြီးမားလှသည်ဟု ဆိုရမလို ဖြစ်သည်။ သူ့ထက်သာလျှင် မနာလို၊ သူတစ်ပါး ကောင်းစားလျှင် မကျေနပ်၊ ငါ့ဝါဒမှ အမှန်၊ သူ့ဝါဒက အမှား၊ ငါ့လမ်းစဉ်က အကောင်း၊ သူ့လမ်းစဉ်က မကောင်း။ ထိုအယူအဆတို့ကို နိုင်ငံရေးနယ်ပယ်တွင်ဖြစ်စေ၊ လူမှုရေးနယ်ပယ်တွင်ဖြစ်စေ၊ စီးပွားရေးနယ်ပယ်တွင်ဖြစ်စေ ပြန့်ပွားလာကြသည်။ တိုးတက်သောနိုင်ငံများ၏ ကောင်းသောအကျင့်ကိုလည်း မယူ။ မိမိအရပ်နှင့် မိမိဇာတ်ကောင်းကောင်း၊ မကောင်းကောင်း စိတ်ထင်သလို စခန်းသွားချင်ကြသည်။**

### အကြမ်းဖက်သမား

လက်ရှိနိုင်ငံရေးအခြေအနေတွင် နိုင်ငံရေးသမားတို့၏ စရိုက်လက္ခဏာများ အထင်အရှားပေါ်လာခဲ့သည်။ စိတ်ခံစားလွယ်သည့်၊ အသိအမြင်အားနည်းသည့် ပြည်သူများကို စည်းရုံးခဲ့သည်။ မှားယွင်းသောလမ်း၊ မကောင်းသောလမ်းသို့ အလွယ်တကူပို့ဆောင်နိုင်ခဲ့သည်။ စည်းရုံးခံရသော ပြည်သူများမှာ ပယောဂပူးကပ်သလို ပယောဂမထွက်မချင်း ဘယ်လိုမှပျောက်အောင် ဖျောက်ဖျက်မရ ဖြစ်ခဲ့ရသည်။

အဖြူထည်သက်သက်များမှာ အမည်းရောင်ဖြစ်ခဲ့ရသည်။ တစ်ဖက်နှင့်တစ်ဖက် အမုန်းတရားကြီးသထက်ကြီးအောင် ပွားခဲ့ကြသည်။ ဒီမိုကရေစီကို တန်ဖိုးထားပါသည်ဟု ပါးစပ်က ဆိုသော်လည်း ငါနှင့်မတူ ငါ့ရန်သူ၊ ငါတို့လုပ်သလို မလုပ်လျှင်

*စာမျက်နှာ ၇ သို့*

❍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ၁၀ နှစ်သား ကာလလွန် တတိယအကြိမ်မြောက် ရွေးကောက်ပွဲကာလတွင်မူ ဒီမိုကရေစီ နုနယ်သေး၍လား၊ ဒီမိုကရေစီ မရင့်ကျက်သေး၍လား၊ ဒီမိုကရေစီကို နားမလည်သေး၍လား၊ ဒီမိုကရေစီ ပုံဖျက်လို၍လား၊ ဒီမိုကရေစီ အရေခြုံ၍လား၊ အစွန်းရောက် အနောက်လစ်ဘရယ်ဝါဒ လွှမ်းမိုးခြယ်လှယ်နေ၍လား အကြောင်းတစ်မျိုးမျိုးကြောင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အခင်းအကျင်းမှာ အကျည်းတန်အရုပ်ဆိုးစရာများ ဖြစ်ပျက်ခဲ့ပါသည်

# စစ်တွေမြို့ပေါ်ရှိ သက်တော်ရှည်ဆရာတော်ကြီးများအား (၅)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ ကျင်းပ



**စစ်တွေ မေ ၃၀**

စစ်တွေမြို့ စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းတော်များက ဦးဆောင်ပြီး စစ်တွေမြို့ပေါ်ရှိ သက်တော်ရှည်ဆရာတော်ကြီးများအား (၅)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားကို ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော်များနှင့် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ဒေါက်တာအောင်ကျော်မင်း အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး ဖွင့်လှစ်ကြသည်။

**ပူဇော်ကန်တော့**

ဆက်လက်၍ စစ်တွေမြို့ စည်းကမ်း ထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းတော်များ ဦးဆောင်ဆရာတော် စစ်တွေမြို့ အာဂျိတ်တော်ကုန်း၊ အဗ္ဗာရာမကျောင်းတိုက် ဆရာတော်မှ သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်ပွဲ ကျင်းပရခြင်း အကြောင်းကို လျှောက်ထားပြီး ကြွရောက်တော်မူလာကြသော သံဃာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြသည်။

**ငါးပါးသီလခံယူ**

ထို့နောက် ဧဒဝတီရပ်ကွက် တေဇာရာမ ကျောင်းတိုက် သက်တော်ရှည် ဆရာတော်ကြီးထံမှ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ ဒေါက်တာအောင်ကျော်မင်း အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်၊

ယင်းနောက်သက်တော်ရှည် ဆရာတော်ကြီးများအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး (ဓါတ်ပုံ) စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက် မဏိရတနာပရိယတ္တိစာသင်တိုက်၊ ဦးစီပဓာနနာယက၊ (နိုင်ငံတော်သံဃ မဟာနာယက-ငြိမ်း)၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သက်တော်ရှည် ဆရာတော် ဘဒ္ဒန္တသောမက သြဝါဒစကားမိန့်ကြားသည်။ ထို့နောက် စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယက၊ ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောမထံမှ ရေစက်ချ အနုမောဒနာ တရားကြားကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် စစ်တွေမြို့ပေါ်ရှိ သိက္ခာတော် (၆၀)၊ သက်တော်(၈၀)နှစ်အထက်ရှိကြသော သက်တော်ရှည် ဆရာတော်ကြီး ၁၂ ပါးအား စစ်တွေမြို့ စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းတော်များက ဦးဆောင်ကာ ရဟန်းသံဃာများ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စေတနာရှင် အလှူရှင်များက ပူဇော်ကန်တော့ကြခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရသေ့တောင်မြို့ မြို့မဈေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြ



**ရသေ့တောင် မေ ၃၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန်နှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်နိုင်စေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဦးသိန်းမောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ ယနေ့ နံနက် ၁၀ နာရီက မီးငြိမ်းသတ်ရေးနှင့် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ချမ်းသာက မီးလောင်မှုဖြစ်ပွားနေစဉ် မီးငြိမ်းသတ်တတ်စေရန် ဈေးသူ၊ ဈေးသားများအား သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။ (ဓာတ်ပုံ)

ဆက်လက်၍ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေပိုက်ခေါင်းများ ၊ မီးသတ်ဆေးဘူးများထားရှိမှု၊ မီးသတ်ဆေးဘူးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်တပ်ဆင်ကြစေရန်နှင့် ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ငါတို့ ရန်သူ၊ ဘယ်ဘက်မှမပါ ကြားနေလျှင်လည်း ငါတို့ ရန်သူ။ ငါတို့နှင့်မတူ ငါတို့ကို ဆန့်ကျင်သူများကို လူတောမတိုးအောင်၊ အရှက်တကွဲဖြစ်အောင်၊ အကျိုးနည်းအောင် လုပ်ကြ၊ ဖျက်ဆီးကြ၊ သတ်ဖြတ်ကြ၊ တိုက်ခိုက်ကြမည်။ ဤဝါဒသည် ဒီမိုကရေစီလား၊ ကွန်မြူနစ်လား၊ အကြမ်းဖက်သမားလား မေးခွန်းထုတ်စရာပင် လိုမည်မထင်။

**အတွင်းပါလှိုက်စား**

ယနေ့ကာလတွင် မီးရှို့ဖျက်ဆီးနေကြသူများ၊ ဗုံးခွဲနေကြသူများ၊ တိုက်ခိုက်သတ်ဖြတ်နေကြသူများ၊ ငါနဲ့မတူသူများကို ရစရာမရှိအောင် ဖန်တီးနေကြသူများသည် ဒီမိုကရေစီဘက်တော်သားလား၊ ဒီမိုကရေစီကို လိုလားသူလား၊ မြတ်နိုးသူလားဟု ခွဲခြားပြစရာပင် လိုမည်မထင်တော့ချေ။ နိုင်ငံတော်ကြီး ပျက်စီးရာပျက်စီးကြောင်းကို အုံနှင့်ကျင်းနှင့် ပြုလုပ်နေကြပေပြီ။ နေ့စဉ်ရက်ဆက် ပြုလုပ်နေကြသည်။ မည်သို့ပင် ပြုလုပ်သည်ဖြစ်စေ မကောင်းမှုတို့သည် တစ်နေ့တွင် ချုပ်ငြိမ်းသွားမည်သာဖြစ်သည်။ လက်ရှိတွင် အပြစ်မဲ့ပြည်သူများမှာ မကောင်းကြံသည့် ဒဏ်ရာ ဒဏ်ချက်တို့ကို အလူးအလဲခံစားနေကြရသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ မြန်မာ့နိုင်ငံရေး အစကတည်းက အကြမ်းဖက်စရိုက်သည် အမြစ်တွယ်လာခဲ့သည်။ ယခုအခါ အတွင်းပါလှိုက်စားလာခဲ့ပြီ ဖြစ်သည်။

**❑ ယနေ့ကာလတွင် မီးရှို့ဖျက်ဆီးနေကြသူများ၊ ဗုံးခွဲနေကြသူများ၊ တိုက်ခိုက်သတ်ဖြတ်နေကြသူများ၊ ငါနဲ့မတူသူများကို ရစရာမရှိအောင် ဖန်တီးနေကြသူများသည် ဒီမိုကရေစီဘက်တော်သားလား၊ ဒီမိုကရေစီကို လိုလားသူလား၊ မြတ်နိုးသူလားဟု ခွဲခြားပြစရာပင် လိုမည်မထင်တော့ချေ။ နိုင်ငံတော်ကြီး ပျက်စီးရာပျက်စီးကြောင်းကို အုံနှင့်ကျင်းနှင့် ပြုလုပ်နေကြပေပြီ။ နေ့စဉ်ရက်ဆက် ပြုလုပ်နေကြသည်။ မည်သို့ပင် ပြုလုပ်သည်ဖြစ်စေ မကောင်းမှုတို့သည် တစ်နေ့တွင် ချုပ်ငြိမ်းသွားမည်သာဖြစ်သည်။ လက်ရှိတွင် အပြစ်မဲ့ပြည်သူများမှာ မကောင်းကြံသည့် ဒဏ်ရာဒဏ်ချက်တို့ကို အလူးအလဲခံစားနေကြရသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ မြန်မာ့နိုင်ငံရေး အစကတည်းက အကြမ်းဖက်စရိုက်သည် အမြစ်တွယ်လာခဲ့သည်။ ယခုအခါ အတွင်းပါလှိုက်စားလာခဲ့ပြီ ဖြစ်သည်**

**အတိုင်းအတာတစ်ခု**

တစ်ချိန်သောအခါက အကြမ်းဖက် အဖျက်သမားတို့သည် မြေအောက်တွင်ပုန်းခို၊ တောတွင်းခိုအောင်းပြီးမှ တစ်ခါတစ်ခါ အဖျက်လုပ်ရပ်ထွက်၍ လုပ်ကိုင်ခဲ့သည်။ ယခုအခါ မြေပေါ်မြို့ပြများမှာပင် လက်ရဲဇက်ရဲလုပ်ကိုင်လာကြသည်။ ဒီမိုကရေစီကို ပုံဖျက်သည့် နိုင်ငံရေးစနက်ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များ အားကောင်းလာခဲ့သည်။ ငါနှင့်မတူလျှင် ပြည်သူအချင်းချင်း ခြိမ်းခြောက်လာကြသည်။ နှိပ်စက်လာကြသည်။ ရက်စက်လာကြသည်။ သတ်ဖြတ်လာကြသည်။ အကြမ်းဖက်လုပ်ရပ်များကို မည်သည့်နိုင်ငံမျှ လက်မခံ။ အကြမ်းဖက်လုပ်ရပ်များ လုပ်လာလျှင် အကြမ်းဖက်နှိမ်နင်းခံရမည်သာဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ပြည်သူများမနစ်နာစေရန် အဘက်ဘက်ကို ချင့်ချိန်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေသဖြင့် အတိုင်းအတာတစ်ခုအထိ ရှိနေမည်ဖြစ်သည်။

**ချုပ်ငြိမ်းသွားမည်**

**တပ်မတော်၏ သမိုင်းကြောင်းတွင် ယခုထက် အဆမတန်ကြီးမားသော အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဖြိုခွင်းဖယ်ရှားခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီကို အကြောင်းပြု၍ ဒီမိုကရေစီနှင့် မဆီလျော်သည့် အကြမ်းဖက်လုပ်ရပ်ဟူသမျှကို တိုက်ဖျက်ရမည်သာဖြစ်သည်။ ဒီမိုကရေစီကို မြတ်နိုးသည်ဆိုပါလျှင် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ရှောင်ရှားရမည်သာဖြစ်သည်။**

ဒီမိုကရေစီနှင့်လျော်ညီသည့် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ငြိမ်းချမ်းခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းနှင့် မတူကွဲပြားမှုများအချင်းချင်း လက်တွဲပူးပေါင်းခြင်းတို့ကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းသို့ မဟုတ်မူဘဲ ငါနှင့်မတူ ငါ့ရန်သူဟုခံယူပါလျှင် နောက်ဆုံးတွင် ဒီမိုကရေစီနှင့်လည်း ဝေး အကြမ်းဖက်ဘဝဖြင့်သာ နိဂုံးချုပ်ငြိမ်းမည် ဖြစ်ပါကြောင်း။ ။

# ဘုရားဖူးပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် မန်းရွှေစက်တော်ရာဘုရားတွင် ဓာတ်လှေကားတပ်ဆင်မည်

**နေပြည်တော် မေ ၃၀**

ဘုရားဖူးပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် မန်းရွှေစက်တော်ရာဘုရားတွင် ဓာတ်လှေကား တပ်ဆင်မည်ဖြစ်ကြောင်း မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ရာဘုရား ဓာတ်လှေကား တပ်ဆင်ခြင်းလုပ်ငန်းကို ဆရာတော်ကြီးများ၏ ဩဝါဒနှင့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်အရ မန်းရွှေစက်တော်ရာဘုရား နှစ်ကျိပ်ရှစ်ဆူမှ ကိုးခန်းကြီးတန်ဆောင်းအထိ အမြင့်ပေ ၁၀၁ ပေခန့်ရှိသည့် ဓာတ်လှေကားကို တပ်ဆင်သွားမည်ဖြစ်သည်။

"ဓာတ်လှေကားက နှစ်စင်းတပ်ဆင်သွားမှာ ဖြစ်ပါတယ်။ လေဝင်လေထွက်ကောင်းအောင် Steel Structure နဲ့ တပ်ဆင်သွားမှာဖြစ်ပြီး အင်လမ်း အရှည်က ပေ ၂၁၀ ရှိမှာဖြစ်ပါတယ်"ဟု မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့ဝင် ဦးသိန်းလှိုင်က ပြောသည်။

မန်းရွှေစက်တော်ရာဘုရား ဓာတ်လှေကား တပ်ဆင်ခြင်းလုပ်ငန်းကို ဇွန် ၁ ရက်တွင် စတင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် လုပ်ငန်းများပြီးစီးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းဆောင်ရွက်မှုကာလကို ခုနစ်လခွဲ အတွင်း အပြီးဆောင်ရွက်မယ်လို့ မျှော်မှန်းထား ပါတယ်။ Phase 1 အနေနဲ့ ဓာတ်လှေကားအိမ်၊ လျှောက်လမ်းနဲ့ တာဝါအတွက် စုစုပေါင်းကုန်ကျစရိတ်က ငွေကျပ်သိန်းပေါင်း ၁၆၃၈၇ သိန်း ကုန်ကျမယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ Phase 2 အနေနဲ့ ဓာတ်လှေကားအတွက် တင်ဒါခေါ်ယူပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဦးသိန်းလှိုင်က ပြောသည်။

"မန်းရွှေစက်တော်ရာဘုရားကိုလာတဲ့ ဘုရားဖူးတွေ အဆင်ပြေစေဖို့ရည်ရွယ်ချက်နဲ့ တပ်ဆင်တာ ဖြစ်ပါတယ်။ ပွဲတော်ရက်အတွင်း ရုံးပိတ်ရက်ရှည် ရှိတဲ့အခါ ဘုရားဖူးခရီးသွား များပြားတဲ့အတွက် အထက်စက်တော်ရာက တောင်တက်လမ်းမှာ ကားကျပ်တာမျိုးတွေ ရှိပါတယ်။ တောင်ပေါ်ဆိုတော့ ကားထားတဲ့နေရာကလည်း ကားအစီးရေ ၁၅ စီး၊ ၂၀ လောက်ပဲ ထားနိုင်တယ်။ ပြီးတော့ ဘုရားဖူးလာတဲ့ သက်ကြီးရွယ်အိုတွေအတွက်လည်း အထက်စက်တော်ရာအထိ အဆင်ပြေပြေနဲ့ ဘုရားဖူးနိုင်အောင် ရည်ရွယ်တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



မန်းရွှေစက်တော်ရာဘုရားတွင် တပ်ဆင်မည့် ဓာတ်လှေကားပုံစံ။

မန်းရွှေစက်တော်ရာဘုရားတွင် ဓာတ်လှေကား တပ်ဆင်မည့်လုပ်ငန်းသည် ငွေကျပ်သိန်းပေါင်း နှစ်သောင်းကျော် ကုန်ကျမည်ဖြစ်သည့်အတွက် လှူဒါန်းလိုသူများအနေဖြင့် မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကေတာ**

# မူဆယ်နယ်စပ် ကျင်စန်းကျော့ဂိတ်အဝင်အထွက် အချိန်ကြန့်ကြာမှုကြောင့် ကုန်တင်ယာဉ်အစီးရေထောင်ချီပိတ်မိ

မူဆယ် မေ ၃၀

**တရုတ် - မြန်မာ မူဆယ်နယ်စပ် ကျင်စန်းကျော့ဂိတ် အဝင် အချိန်ကြန့်ကြာမှုကြောင့် ကုန်တင်ယာဉ်များ အစီးရေထောင်နှင့်ချီ ပိတ်မိနေကြောင်း သိရသည်။**

ပို့ကုန်ယာဉ်များ တရုတ်နိုင်ငံသို့ဝင်ရောက်ရန် မြန်မာဘက်ခြမ်းမှ ဆေးဖျန်းချိန် ငါးမိနစ်ခန့်သာ ကြာသော်လည်း တရုတ်ဘက်ခြမ်းတွင် ယာဉ်တစ်စီးကို ဆေးဖျန်းချိန် အနည်းဆုံး နာရီဝက်ခန့် ကြန့်ကြာနေကြောင်း၊ မြန်မာဘက်မှ တရုတ်နိုင်ငံဘက်သို့ ပို့ကုန်ယာဉ် တစ်ကြိမ်လျှင် ၁၂ စီး ဝင်ရပြီး ကုန်တင်ယာဉ် ၁၂ စီးကို တစ်ပြိုင်တည်း ဆေးဖျန်းပေးကြောင်း၊ တရုတ်ဘက်သို့ တစ်ရက်လျှင် ပို့ကုန်ယာဉ်အစီးရေ ၁၂၀ ခန့်သာ ဝင်ရောက်နိုင်ပြီး တရုတ်ဘက်မှ မြန်မာဘက်သို့ သွင်းကုန်ယာဉ် တစ်ရက်လျှင် အစီးရေ ၂၀၀ ကျော်သာ ဝင်ထွက်လျက်ရှိကြောင်း သိရသည်။



နယ်စပ်ကုန်သွယ်ရေးဇုန်အနီး ပိတ်မိနေသည့် ကုန်တင်ယာဉ်များကို တွေ့ရစဉ်။

" အခုဆိုရင် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ထဲကနေ ဂျူတီဆောင်ပြီး ဆင်းလာတဲ့ ကုန်တင်ယာဉ် ကျင်စန်းကျော့နဲ့ ပန်ဆိုင်းလမ်းဘက်ဆိုရင် အစီးရေထောင်နဲ့ ချီ ပိတ်မိနေတာဖြစ်တယ်။ တချို့ကားသမားတွေက ကျော်တက်တာတွေလည်း ရှိပါတယ်။ ကုန်ခြောက်တွေက ပြဿနာ မရှိပေမယ့် ကုန်စိမ်းတွေက အခက်အခဲရှိတယ်။ ဒီလို ရက်ရှည်ပိတ်မိနေတဲ့အတွက် ကားဆရာတွေအပါအဝင် ကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ကုမ္ပဏီတွေ၊ အသီးစိုက်ပျိုးတောင်သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံး ဆုံးရှုံးနစ်နာမှုတော့ ရှိနေပါတယ်" ဟု ကျင်စန်းကျော့ဂိတ်တွင် ရှန်တိန်ကားအဝင်အထွက်ပြုလုပ်ပေးနေသည့် တာဝန်ခံ ကိုရှောက်ကျင်းက ပြောသည်။

မူဆယ်နယ်စပ် မန်ဝိန်းဂိတ် ပိတ်ထားသည့်အတွက် ပို့ကုန်ယာဉ်များအားလုံး ကျင်စန်းကျော့ဂိတ်မှ ဝင်ရောက်ကြခြင်းဖြစ်ပြီး ကျင်စန်းကျော့ဂိတ်တွင် ယခင်က မြန်မာဘက်မှ အသီးယာဉ်များသာ ဝင်ရောက်သော်လည်း ယခုနောက်ပိုင်းတွင် မန်ဝိန်းဂိတ်ပြီးချိန်မှစ၍ ပို့ကုန်ယာဉ်အားလုံး ကျင်စန်းကျော့ဂိတ်မှလည်းကောင်း၊ ပန်ဆိုင်း ( ကြူကုတ်) ဘက်မှလည်းကောင်း ဝင်ရောက်နေကြောင်း သိရသည်။ တရုတ်ဘက်သို့ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များကို တရုတ်ဘက်မှ ဆေးဖျန်းခ တစ်စီးလျှင် တရုတ်ယွမ် ၂၆၄ ယွမ် ကောက်ခံနေပြီး ဝင်ရောက်လာသည့် ကုန်ပစ္စည်းများမှ ကုန်ပစ္စည်းလေးမျိုးကို နမူနာယူပြီး အဖြေထွက်မှသာ ကုန်ပစ္စည်းချခွင့်ပေးသည့်အတွက် ကြန့်ကြာမှုများရှိကြောင်း သိရသည်။

လက်ရှိအနေအထားအရ ကျင်စန်းကျော့ဂိတ်မှ မူဆယ် ၁၀၅ မိုင် ကုန်ပစ္စည်းကွင်းအပါအဝင် မော်တောင်းအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ကုန်တင်ယာဉ်အစီးရေ၂၀၀၀ ကျော်ခန့် စောင့်ဆိုင်းနေရကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# ဗန်းမောက်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး အခြေခံမူလတန်းကျောင်းဖွင့်ပွဲ ကျင်းပ

**ဗန်းမောက် မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လယ်နက်ကြီးကျေးရွာအုပ်စု နားယောကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

မူလတန်းကျောင်းဖွင့်ပွဲကို ဗန်းမောက်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူး ကျော်မင်းဟန်၊ ဒုတိယမြို့နယ် ပညာရေးမှူး ဆရာကြီး ဦးမျိုးသက်အောင်၊ ပေကုန်းကျေးရွာ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးနွံ့မောင်နှင့် လယ်နက်ကြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်မှူး ကျော်မင်းဟန်နှင့် ဒုတိယမြို့နယ် ပညာရေးမှူး ဆရာကြီး ဦးမျိုးသက်အောင်တို့က အမှာစကား ပြောကြားသည်။

အဆိုပါ အခြေခံပညာမူလတန်းကျောင်းဆောင်ကို ရပ်ရွာပြည်သူလူထုထည့်ဝင်ငွေများ၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့်၂၀၁၉ ခုနှစ် မတ် ၆ ရက်မှ စတင်တည်ဆောက်ခဲ့ပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၂၀ နှင့် အမြင့် ၁၃ ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ မြေစိုက် အခန်းငါးခန်းပါ ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျောင်းများသို့ သွားရောက်ကြည့်ရှု

မန္တလေး မေ ၃၀

**မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၃၉)၊ အမှတ်(၂၉)၊ အမှတ်(၂၇)နှင့် အမှတ်(၃၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးပြီး အဆိုပါကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် တွေ့ဆုံသည်။** (အောက်ပုံ)

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ကျောင်းများဖွင့်လှစ်တော့မည် ဖြစ်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ သင်ကြားနိုင်ရေး၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်သွားကြသူများ ပြန်လည်တာဝန်ထမ်းဆောင်ရန်အတွက် ဝင်ရောက်လာသည့်အခါ နွေးထွေးစွာ ကြိုဆိုပေးစေချင်ပါကြောင်း၊ COVID-19 ကပ်ရောဂါဆိုးကြီးကြောင့် ကျောင်းဖွင့်ချိန် တစ်နှစ်နောက်ကျသွားသော်လည်း ကလေးများ၏ ပညာသင်ကြားရေး ဆက်လက်နောက်မကျစေရန် ယခုနှစ်တွင် ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ပညာရေးစနစ်မှာလည်း အစိုးရအဆက်ဆက် ရေးဆွဲပြဋ္ဌာန်းထားသည့်အတိုင်းသာ ပြောင်းလဲခြင်းမရှိ ဆက်လက်သင်ကြားပေးခြင်း ဖြစ်ပါကြောင်း၊ ကူညီပံ့ပိုးရန်လိုအပ်သည်များကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



### လိုအပ်ချက်များ တင်ပြ

ယင်းနောက် ကျောင်းအုပ်ကြီးများက ကျောင်းများဖွင့်လှစ်ချိန် ပညာသင်ကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ထားမှုများ၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ စာသင်ကျောင်းဆောင်များ ပြုပြင်ထိန်းသိမ်းရေး၊ လုံခြုံရေး စသည့် လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်ချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ကျော်မင်းက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အဖွဲ့ဝင်(၂) မန္တလေး မြို့တော်ဝန် ဦးကျော်ဆန်းက ကျောင်းပတ်ဝန်းကျင် သန့်ရှင်း သာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အဖွဲ့ဝင်(၃) ဦးမျိုးအောင်က စာသင်ကျောင်းဆောင် ဥပဓိရုပ်ကောင်းမွန်စေရန် လိုအပ်သည့်ပြုပြင်မှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှတ်(၃၉)၊ အမှတ်(၂၉)၊ အမှတ်(၂၇)နှင့် အမှတ်(၃၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းအပ်နှံ လက်ခံဆောင်ရွက်ပေးနေကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအတွက် တစ်ကျောင်းလျှင် ချီးမြှင့်ငွေကျပ် နှစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ရှစ်သိန်း ချီးမြှင့်ခဲ့သည်။

### ကျောင်းအပ်လက်ခံမှု ဆောင်ရွက်

ပြည်ကြီးတံခွန်မြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း လေးကျောင်း၊ အထက်တန်းကျောင်းခွဲ ငါးကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ မူလတန်းလွန်ကျောင်း သုံးကျောင်းနှင့် မူလတန်းကျောင်း ခြောက်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၄ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၅ ကျောင်းရှိပြီး ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်ဖြစ်သည့် ၂၀၂၁ မေလ ၂၄ ရက်မှစ၍ မေလ ၃၁ ရက်နေ့အထိ ကျောင်းအပ်လက်ခံမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ မေ ၂၄ ရက် နံနက်ပိုင်းမှ စတင်၍ နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာ ကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ အပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြသည်။ ကျောင်းနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာ လုံခြုံရေး တာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျောင်းများလာရောက်အပ်နှံစဉ် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့် COVID-19 ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် COVID- 19 ရောဂါ ကာကွယ်ကုသမှုကာလအတွင်း Qurantine ဆောင်များအဖြစ် အသုံးပြုခဲ့သော စာသင်ဆောင်များကိုလည်း နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သားများက လိုအပ်သည့် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ဥတ္တရသီရိမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ အခမဲ့ဖြန့်ဝေသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်နှင့် စာရေးကိရိယာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ပြည့်ဖြိုးလင်းနှင့် တာဝန်ရှိသူများမှ ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ လင်းပြည်သိမ်းက ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးကို မိဘ၊ ဆရာများအနေဖြင့် ပူးပေါင်းပါဝင်ပေးကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောင်းအပ်နှံရေးအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မွေး**

---

❖ *ကျောဖုံးမှ*

အဆင့်သတ်မှတ်ချက်တွင် အဆင့် ၂၉ နေရာ၌ ရပ်တည်နေပြီး လက်ရှိအဆင့်အတိုင်း ရပ်တည်နိုင်ပါက အိုလံပစ်ဝင်ခွင့်ရရန် အခြေအနေကောင်းနေသည်။ သက်ထားသူဇာသည် အိုလံပစ်ဝင်ခွင့်ကာလအတွင်း ပြိုင်ပွဲ ၁၅ ခု ယှဉ်ပြိုင်ထားကြောင်း BWF က ထုတ်ပြန်ထားပြီး ရမှတ်စုစုပေါင်း ၂၃၆၅၀ မှတ် ရရှိထားကြောင်း သိရသည်။ သက်ထားသူဇာသည် ကပ်ရောဂါကြောင့် ၂၀၂၀ ဖေဖော်ဝါရီလကုန်အထိသာ ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့ရပြီး နောက်ပိုင်းတွင် ယှဉ်ပြိုင်ရခြင်းမရှိတော့ပေ။ ယခုနှစ်အတွင်း ပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းခဲ့သော်လည်း ကပ်ရောဂါကြောင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပေ။ သက်ထားသူဇာသည် ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ပြုလုပ်သည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။

**ရဲရင့်လွင်**

❍ *ကျောဖုံးမှ*

ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းသည် ချယ်ဆီးအသင်းအပေါ် နည်းဗျူဟာပိုင်း အသာစီးရယူထားနိုင်ခဲ့သော်လည်း ဂိုးကန်သွင်းမှု၊ ဂိုးပေါက်တည့်မတ်မှုတွင် ချယ်ဆီးအသင်းက အသာရခဲ့သည်။ နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ယနေ့ပွဲစဉ်တွင် ချယ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ချယ်ဆီးအသင်းနှင့်တွေ့ဆုံခဲ့သည့် ပြိုင်ပွဲစုံ နောက်ဆုံးသုံးကြိမ်တွင် သုံးကြိမ်စလုံး ရှုံးနိမ့်ထားသည့် မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

ချယ်ဆီးနည်းပြ တူချယ်နှင့် ခံစစ်ကစားသမား ဆေးဗားလ်တို့သည် ယမန်နှစ်က ပီအက်စ်ဂျီအသင်းနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ပြီးနောက် ဆုဖလားလက်လွှတ်ခဲ့ရသော်လည်း ယခုနှစ်ရာသီတွင် နည်းပြ တူချယ်ရော ခံစစ်ကစားသမား ဆေးဗားလ်ပါ ချယ်ဆီးအသင်းနှင့်အတူ ဆုဖလားကိုင်မြှောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင် နည်းပြ တူချယ်သည် ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ်ဖလားကို ချယ်ဆီးအသင်းနှင့် ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်နောက်ဆုံး သုံးကြိမ်တွင် ဂျာမန်လူမျိုး နည်းပြများကသာ ဆွတ်ခူးသည့် မှတ်တမ်း ပိုင်ဆိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ကလော့ပ်က လီဗာပူးအသင်းနှင့် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဟန်စီဖလစ်က ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ချယ်ဆီးအသင်းမှ မောင့်သည် ၂၀၀၈ ခုနှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် မန်ယူအသင်းမှ ဝက်စ်ဘရောင်း ချယ်ဆီးအသင်းဘက်သို့ ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့ပြီးနောက် ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်သည့် ပထမဆုံး အင်္ဂလိပ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့အပြင် ချယ်ဆီးအသင်းမှ ဂိုးသမား မန်ဒီသည် ယခုနှစ်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၂ ပွဲတွင် ကိုးပွဲအထိ ဂိုးမပေးရအောင် စွမ်းဆောင်ပေးထားနိုင်သည်။ ထို့ကြောင့် မန်ဒီသည် ၂၀၀၀-၀၁ ခုနှစ်က ဗလင်စီယာ ဂိုးသမား ကာနီဇာရက်စ်၊ ၂၀၁၅-၁၆ ခုနှစ်က ရီးရဲမက်ဒရစ်ဂိုးသမား နာဗက်စ်တို့၏ ပွဲအများဆုံး ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည့် စံချိန်ကို လိုက်မီခဲ့သည်။

**အောင်ဇော်**

# မိုက်မဲသောလုပ်ရပ်များနှင့် ဝေးရာသို့ ....

**— — မောင်ပြည်ချစ် — —**

> ❍ အပြစ်မဲ့လူငယ်ကလေးအရွယ်များ ပညာသင်ကြားခြင်းသည် လူကောင်း သူကောင်း ဖြစ်စေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ လူဆိုးလူမိုက်များ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးမှုလည်း ဖြစ်သည်။ ဤအခြေခံ ကောင်းကျိုးပြု လုပ်ငန်းစဉ်ကို နည်းလမ်းမျိုးစုံဖြင့် တရားလက်လွတ် ဖုံးခွဲ၊ မီးရှို့အဖျက်လုပ်ငန်း အမျိုးမျိုး လုပ်နေကြသူများသည် လူဆိုးလူမိုက်ထက်ပင် ဆိုးရွားသော လူယုတ်မာ အကြီးစားများပင်ဖြစ်

လောကလူ့ရွာတွင် လူကောင်းသူကောင်းကိုသာ လူအများက နှစ်သက်မြတ်နိုးတန်ဖိုးထားကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

လူကောင်းဆိုသည်မှာ မိမိ၏ အကျိုးစီးပွားနှင့် ယှဉ်လာပါက တစ်ပါးသူ၏ အကျိုးစီးပွားကို အလေးထား အရေးပေးတတ်သူဖြစ်သည်။ ဆိတ်ကွယ်ရာအရပ်၌ပင် ဖြစ်စေကာမူ မကောင်းမှု ပြုလုပ်ရန် ရှက်သောသူ၊ မကောင်းမှုပြုလုပ်ရန် ကြောက်သောသူသည် လူကောင်းဖြစ်သည်။

လူကောင်းသူကောင်းများသည် မိတ်ဆွေပေါများကာ အများ၏ ချစ်ခင်ကိုးစားမှုနှင့် ယုံကြည်အလေးထားမှုများကို ရရှိမည်မှာ ဧကန်မုချပင်ဖြစ်ပါသည်။ မြန်မာမှုနယ်ပယ်တွင် မိတ်ဆွေစစ်လေးမျိုး ရှိသည်ဟု သတ်မှတ်ထားကြသည်။

ကျေးဇူးပြုတတ်သော၊ ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ ချမ်းသာအတူ ဆင်းရဲလည်းအတူဖြစ်သော ကောင်းသောစိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသော စိတ်နှလုံးရှိသည့် မိတ်ဆွေစစ်၊ အကျိုးစီးပွားကို အစဉ်စောင့်ရှောက်တတ်သည့် စိတ်နှလုံးကောင်းရှိသည့် မိတ်ဆွေစစ်တို့သည် မိတ်ဆွေစစ်မိတ်ဆွေမှန်များ ဖြစ်ပါသည်။

လူလိမ္မာတို့မည်သည်မှာ တစ်ပါးသူ၏ အမှားက တစ်ဆင့် သင်ခန်းစာယူကြသည်။ လူမိုက်တို့မည်သည်မှာ ကိုယ်တိုင်အမှားက သင်ခန်းစာယူကြသည်။ လူမိုက်ထက် ပို၍မိုက်မဲသောသူတို့သည် ကိုယ်တိုင်မှားပါလျက်နှင့်ပင် သင်ခန်းစာမယူတတ်ကြဟု သတ်မှတ်ထားကြသည်။

### ပညာမဲ့လူမိုက်ဟု သတ်မှတ်ကြ

လူဆိုး၊ လူမိုက်များကို လူ့ပတ်ဝန်းကျင်က အော့နှလုံးနာကြသည်။ မတတ်သာ၍သာ သည်းခံဆက်ဆံကြရသည့် သဘောရှိပါသည်။ ဆိုးသွမ်းသော အကျင့်စရိုက်ရှိပြီး စရိုက်အတိုင်း အထိန်းအကွပ် အဆင်အခြင်မဲ့စွာ ကျင့်သုံးသူ၊ ပါဠိလို ဗာလ(ဝါ) ဗာလန် သူမိုက်ပညာအရည်အချင်း သိမ်ဖျင်းသူများဖြစ်ပြီး အမှားအမှန် ခွဲခြားမသိသူများကို ဆိုသည်။ သူမိုက်များမှာ လူဆိုးဖြစ်လွယ် ဖြစ်တတ်ကြသည်။ လူမိုက်ဖြစ်လျက် မိမိကိုယ်မိမိ ပညာရှိထင်နေသူကိုမူ မိမိမိုက်ကြောင်း နားမလည်သောကြောင့် တကယ့်ပညာမဲ့လူမိုက်ဟု သတ်မှတ်ကြမည်ဖြစ်သည်။

**အပြစ်မဲ့လူငယ်ကလေးအရွယ်များ ပညာသင်ကြားခြင်းသည် လူကောင်း သူကောင်း ဖြစ်စေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ လူဆိုးလူမိုက်များ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးမှုလည်းဖြစ်သည်။ ဤအခြေခံ ကောင်းကျိုးပြုလုပ်ငန်းစဉ်ကို နည်းလမ်းမျိုးစုံဖြင့် တရားလက်လွတ် ဖုံးခွဲ၊ မီးရှို့အဖျက်လုပ်ငန်း အမျိုးမျိုး လုပ်နေကြသူများသည် လူဆိုးလူမိုက်ထက်ပင် ဆိုးရွားသော လူယုတ်မာ အကြီးစားများပင်ဖြစ်သည်။**

လူယုတ်မာတို့မည်သည် မိမိအကျိုးစီးပွားနှင့် ယှဉ်လာပါက မိမိအပေါ်တွင် ကျေးဇူးရှိခဲ့ဖူးသည်ကိုပင် စာနာထောက်ထားမှုမရှိဘဲ အရာအားလုံး ဖျက်ဆီးတတ်သူဖြစ်သည်။ လူဆိုး၊ လူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံ၍ ရကောင်းရနိုင်သော်လည်း လူယုတ်မာတို့နှင့်မူ ပေါင်းသင်းဆက်ဆံခြင်း မပြုရုံမျှမကဘဲ လူယုတ်မာများကို လူကောင်းသူကောင်းများက ဝိုင်းဝန်းဖော်ထုတ်ပြီး လူယုတ်မာနှင့် ထိုက်တန်သည့် အရေးယူမှုများခံရစေရန် ပူးပေါင်းပါဝင်ကြရမည် ဖြစ်ပါသည်။

လက်ရှိကာလတွင် လူယုတ်မာများသည် နိုင်ငံ့အနာဂတ် ရင်သွေးငယ် လူမည်ကလေးများ၏ ပညာရေးနှောင့်နှေးစေရန် စာသင်ကျောင်းများကို ဖုံးခွဲ၊ မီးရှို့ အဖျက်လုပ်ရပ်များလုပ်နေကြသည်မှာ လူယုတ်မာလူရမ်းကားများ၏ အတ္တကြီးစိုးသော အမိုက်မှောင်ဖုံးနေသည့် နိုင်ငံရေးအဆိပ်အတောက်များကြောင့် ဖြစ်ပါသည်။ ဆိုးသွမ်းမိုက်မဲ ယုတ်မာရမ်းကားသည့် ဝါဒမှိုင်းမိနေသော လူဗာလများသည် ယင်းတို့ ပြုလုပ်သောကံ ယင်းတို့သာ အနေးနှင့်အမြန်ခံနေကြရသည်ကို နေ့စဉ်သတင်းများက မြင်တွေ့ ကြားသိနေရပါသည်။

### မိမိတို့၏ ရန်စွယ်အန္တရာယ်ကို မွေးမြူဖိတ်ခေါ်

ရန်ငြိုးရန်စမရှိသော အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ရန်ရှာလိုသော လူယုတ်မာများ ဖုံးခွဲ၊ မိုင်းထောင်ရန်ကြံစည် အားထုတ်မှုများကိုလည်း ခပ်စိပ်စိပ် တွေ့လာမြင်လာရပါသည်။ အပြစ်မရှိသော ပြည်သူများ ဒုက္ခမဖြစ်စိမ့် ယင်းတို့၏ မိုက်မဲသော အကုသိုလ်ကံက ယင်းတို့ထံ အမြန်ရောက်ရှိကာ စမ်းသပ်ချိန် ပေါက်ကွဲ၍သေကျေ ဒဏ်ရာရကြသည်များ ဖြစ်နေကြပေသည်။ အများအတွက်လည်း အကျိုးမရှိ၊ ကိုယ်တိုင်လည်း ဒုက္ခသုက္ခများစေသော လုပ်ရပ်များကိုဆင်ခြင်တုံတရား ကင်းမဲ့စွာ မိုက်မိုက်ကန်းကန်း လုပ်နေကြသူ လူရမ်းကားများကို ကာကွယ်ပေးနေခြင်းသည် မိမိတို့၏ ရန်စွယ်အန္တရာယ်ကို မွေးမြူဖိတ်ခေါ်ပေးနေခြင်းပင် ဖြစ်ပါသည်။

အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ စာသင်ကျောင်းများ၊ ရုံးများ၊ လမ်းများ၊ ရပ်ကွက်များတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူနေမှုဘဝများ ပုံမှန်မဖြစ်စေဘဲ ကျီးလန့်စာစားဖြစ်အောင် ဖန်တီးနေကြသော လူယုတ်မာများကို ဖော်ထုတ်အရေးယူနိုင်ရေးသည် လူတိုင်းတွင်တာဝန်အပြည့်အဝရှိပါသည်။ သို့မှသာလျှင် မိမိတို့ ရပ်ရွာအေးချမ်းသာယာပြီး မိမိတို့၏ လူမှုရေး၊ စီးပွားရေးနှင့် နေ့စဉ်ဘဝများ ပုံမှန်လည်ပတ်ဖြတ်သန်းနိုင်ကြမည်ဖြစ်ပါသည်။ လူတိုင်း လူတိုင်း ကောင်းမွန်တည်ငြိမ်အေးချမ်းပျော်ရွှင်သော လူနေမှုဘဝကို ပိုင်ဆိုင်ဖြတ်သန်းလိုကြပါသည်။

ထိုသို့ ပျော်ရွှင်သာယာ အေးချမ်းတည်ငြိမ်သော လူမှုအသိုက်အဝန်း ထူထောင်နိုင်မှသာ တိုးတက်ကြီးပွားချမ်းသာသော လူထုလူတန်းစားများ ပေါ်ပေါက်လာကြမည် ဖြစ်ပါသည်။ ကြီးပွားချမ်းသာသော တိုးတက်ပျော်ရွှင်သော လူမှုပတ်ဝန်းကျင် ပေါ်ထွန်းရေးတွင် မိမိကစ လူကောင်းသူကောင်းဖြစ်ရေးက အစပထမ အဓိကကျသော အကြောင်းတရား ဖြစ်ပါသည်။ လူကောင်းသူကောင်းများ ပေါများလာပါမှ ကိုယ်ချမ်းသာ စိတ်ချမ်းသာသော လူမှုပတ်ဝန်းကျင်ကို ထူထောင်နိုင်ကြမည် ဖြစ်ပါသည်။

### သောက ဒုက္ခ ဗျာပါဒများ ခံစားရရှိစေမည်

လိမ္မာယဉ်ကျေးသော လူကောင်းသူကောင်းများသည် ရပ်ရွာသာယာအေးချမ်းရေးအတွက် လူမှုသားကောင်း သမီးမွန်များ ဖြစ်ပါသည်။ ဆိုးသွမ်းမိုက်မဲသော အဖျက်အမှောင့်နောက် အကျိုးမဲ့စွာလိုက်ပါနေသော လူမိုက်လူရမ်းကား၊ လူယုတ်မာများသည် ပစ္စုပ္ပန်အတွက်လည်း ကျက်သရေမရှိ၊ သမိုင်းကြောင်းတွင်လည်း အော့နှလုံးနာ လူမပီသသော အရိုင်းအစိုင်းများအဖြစ် သတ်မှတ်ခံကြရကာ လူယုတ်မာများနှင့် ပတ်သက်ဆက်နွှယ်သမျှ သောက ဒုက္ခ ဗျာပါဒများ ခံစားရရှိစေမည်သာ ဖြစ်ပါသည်။

လူမိုက်လူဆိုး လူရမ်းကားများကို မွေးထုတ်ပုံဖော်ပေးနေသော လူယုတ်မာအကြီးစားများ၏ တရားလက်လွတ် ဥပဒေမဲ့ ပြောဆို ပြုမူလုပ်ကိုင်နေမှုများကို သဘာဝကျကျ အမှန်တရားရှုထောင့်များက မြင်အောင်ကြည့်ကြပြီး နားလည်နိုင်ကြဖို့သည် အထူးအရေးကြီးသော အချိန်ကာလကို ရောက်ရှိနေပြီဖြစ်ပါသည်။ စိတ်ကူးယဉ် စီမံချက်များဖြင့် မဖြစ်နိုင်သော မက်လုံးပေး မျှော်လင့်ချက်များနောက်သို့ မိမိတို့၏ အသိနုနယ်သော ကလေးလူငယ်များ မလိုက်ပါ မမိုက်မှားမိကြစေရေးမှာ အားလုံးက ဝိုင်းဝန်းထိန်းကျောင်းကြရမည့် ပြည်သူ့တာဝန်ပင် ဖြစ်ပါသည်။

ယနေ့လူငယ် နောင်ဝယ်လူကြီး ဖြစ်ကြမည့် လူမည်လေးများတွင် လူကောင်းစိတ် သူကောင်းစိတ်များ ကိန်းအောင်းအမြစ်တွယ်ရေးသည် တိုင်းပြည်နိုင်ငံအတွက် အခြေခံကျသော နိုင်ငံတည်ဆောက်မှုတစ်ခုဖြစ်ပါသည်။ လက်ဆင့်ကမ်း ပခုံးပြောင်း တာဝန်ယူကြမည့် အနာဂတ်၏ နိုင်ငံ့ခေါင်းဆောင်များ ဖြစ်လာကြမည့် တန်ဖိုးရှိသော လူငယ်လူရွယ်များ ပညာပြည့်ဝ နှလုံးလှကြစေဖို့ လူဆိုး၊ လူမိုက် လူရမ်းကား၊ လူယုတ်မာများ မဖြစ်စေရေးကို ရိုးရှင်းသောအမြင် မျှတသောတရားအတွေးများဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် တည်ဆောက်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> **ရန်ငြိုး ရန်စ မရှိသော အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ရန်ရှာလိုသော လူယုတ်မာများ ဖုံးခွဲ၊ မိုင်းထောင်ရန် ကြံစည်အားထုတ်မှုများကိုလည်း ခပ်စိပ်စိပ် တွေ့လာ မြင်လာရပါသည်။ အပြစ်မရှိသော ပြည်သူများ ဒုက္ခမဖြစ်စိမ့် ယင်းတို့၏ မိုက်မဲသောအကုသိုလ်ကံက ယင်းတို့ထံ အမြန်ရောက်ရှိကာ စမ်းသပ်ချိန် ပေါက်ကွဲ၍ သေကျေ ဒဏ်ရာရကြသည်များ ဖြစ်နေကြပေသည်။ အများအတွက်လည်း အကျိုးမရှိ ကိုယ်တိုင်လည်း ဒုက္ခ သုက္ခများစေသော လုပ်ရပ်များကို ဆင်ခြင်တုံတရား ကင်းမဲ့စွာ မိုက်မိုက်ကန်းကန်း လုပ်နေကြသူ လူရမ်းကားများကို ကာကွယ် ပေးနေခြင်းသည် မိမိတို့၏ ရန်စွယ်အန္တရာယ်ကို မွေးမြူဖိတ်ခေါ် ပေးနေခြင်းပင်ဖြစ်**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဂျိုင်းမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ဘားအံ မေ ၃၀**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်နယ်အတွင်း ငါးသယံဇာတပေါများ၍ စားနပ်ရိက္ခာဖူလုံ ပိုလျှံစေရေးအတွက် သဘာဝရေပြင် မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိရာ မေ ၂၈ ရက်တွင် ဘားအံမြို့နယ် သံလှယ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ ဂျိုင်းမြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်၍ ငါးခုံးမကြီးသားပေါက် ကောင်ရေ တစ်သိန်းကျော်ခန့်ကို ဂျိုင်းမြစ်အတွင်း မျိုးစိုက်ထည့်ခဲ့ကြ သည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသယံဇာတ ပေါများပိုလျှံရေးအတွက် ငါးရှင်သန်ပေါက်ပွားရန် အကောင်းဆုံးအရွယ်အစားဖြစ်သည့် နှစ်လက်မအောက်ခံအရွယ်ကို ရွေးချယ်၍ မြစ်ချောင်းအင်းအိုင်များအတွင်း အမြောက်အမြား မျိုးစိုက်ထည့်ပေးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် နှစ်လက်မအောက်ခံအရွယ် ငါးသားပေါက် ကောင်ရေ ၁၂ သိန်းကျော်ကို သဘာဝရေပြင်များအတွင်း မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဂျိုင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်နေစဉ်။

ငါးမျိုးစိုက်ထည့်ပွဲအပြီးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် သံလှယ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ မြစ်ရေတင်ဖြင့် ရေပေးဝေနေမှု အခြေအနေ၊ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာအတွင်း ဧကပြည့် စိုက်ပျိုးနိုင်ရေးနှင့် မည်သည့် သီးနှံအမျိုးအစားကိုမဆို စဉ်ဆက်မပြတ်စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းအောင်စိုက်ပျိုးရန် လမ်းညွှန်မှာကြားခဲ့ပြီး တောင်သူများ၏ တင်ပြချက်များနှင့်ပတ်သက်၍လည်း သက်ဆိုင်သည့်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် အထက ဝဲကရင်၊ အထက(ခွဲ) ခနိမ်းဒို၊ အထက အိန္ဒူ၊ အထက နောင်လုံ၊ အထက(ခွဲ) အုန်းတစ်ပင် ကျောင်းများ၌ ကျောင်းအပ်လက်ခံနေသော အခြေအနေများနှင့် ကျောင်းဝင်းအတွင်း အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အခက်အခဲများရှိပါက အချိန်မရွေး ဆက်သွယ် အကူအညီတောင်းခံနိုင်ပါကြောင်း အားပေးပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး မေ ၃၀**

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် တောင်ကြီးခရိုင်အသင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားပြီး ဆုချီးမြှင့်ပွဲကျင်းပရာ ပူးတွဲ တတိယဆုရရှိသော လင်းခေးခရိုင်အသင်းနှင့် ကျိုင်းတုံခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသား ကျပ် ငါးသိန်းစီတို့ကို ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအောင်မြင့်နှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ အတွင်းရေးမှူး ဦးနေလင်းတို့က ဆုချီးမြှင့်ပေးသည်။ ဒုတိယဆုရရှိသော တောင်ကြီး ခရိုင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆု ကျပ် ရှစ်သိန်းကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်သိန်းမောင်ကလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရရှိသည့် ဂိုး အကောင်းဆုံး၊ နောက်တန်း အကောင်းဆုံး၊ အလယ်တန်းအကောင်းဆုံး၊ ရှေ့တန်း အကောင်းဆုံး၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားကျပ် တစ်သိန်းစီတို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးကလည်းကောင်း ဆုချီးမြှင့်ပေးကြပြီး ပထမဆုရရှိသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလိတ်၊ ငွေသားကျပ် ၁၀ သိန်းနှင့် ဆုဖလားတို့ကို ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းတို့က အသီးသီးဆုချီးမြှင့်ပေးကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မောက်မယ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မောက်မယ် မေ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အရ မြို့နယ်အတွင်းရှိ ပန်းတန်ကျေးရွာအုပ်စု ဖာစန်းကျေးရွာနှင့် လွိုင်ဆမ်ဆစ်ကျေးရွာတို့မှ ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေ ၂၉ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ကွင်းဆင်းဆောင်ရွက်ရာတွင် အိမ်ထောင်စုစာရင်းနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား အသစ်/လဲလှယ်/မိတ္တူများ ပြုလုပ်ပေးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း စုစုပေါင်း ၄၀ ကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် မောက်မယ်မြို့နယ်အတွင်းရှိ အခြားကျေးရွာများမှ ပြည်သူများအတွက်လည်း ယခုလို ကျေးရွာအရောက်ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးစိုင်းစိုးစိုးလွင်ထံမှ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူး၍ မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပ

**မြစ်ကြီးနား မေ ၃၀**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကြီးမှူး၍ မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ် (အထက်မြန်မာပြည်)က ဦးဆောင်ကျင်းပသည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မေ ၂၈ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပသည်။

လက်ဝှေ့ပွဲကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးနှင့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်(အထက်မြန်မာပြည်)ဥက္ကဋ္ဌ ဦးကျော်မင်းခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တွဲဆိုင်းအလိုက် ဆုငွေများနှင့် အကောင်းဆုံး လက်ဝှေ့ကစားသမားဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် နိုင်ငံအတွင်းရှိ ရိုးရာလက်ဝှေ့ကလပ် ရှစ်ခုမှ ကစားသမားများ ပါဝင်ခဲ့ကြပြီး ရွှေခါးပတ်ချန်ပီယံ ဂျပန်ဘုရင့်ဖလားဆုရ ဆီးဂိမ်းလက်ရွေးစင် ဗျူဟ (ကျားဖြူကလပ်)နှင့် ရွှေခါးပတ်ချန်ပီယံ စောမင်းနိုင်(ရွှေဖလားကလပ် မွန်ပြည်နယ်)တို့၏ တွဲဆိုင်းအပါအဝင် အမျိုးသားတွဲဆိုင်း ၁၃ ဆိုင်းနှင့် ရွှေစွန်ညို(ရိုးရာမာန်ကလပ်)နှင့် လထော်(မြစ်ကြီးနားကလပ်ဆိုင်းတောင်)အမျိုးသမီးတွဲဆိုင်း တစ်ဆိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လက်ဝှေ့ဝါသနာရှင် ပြည်သူများက အားပေးကြည့်ရှုပြီးနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် လက်ဝှေ့ဝါသနာရှင်များက ဆုငွေများ ချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဒိုင်အဖွဲ့ဝင်များ၊ လက်ဝှေ့ကစားသမားများနှင့် မြန်မာ့ဆိုင်းအဖွဲ့တို့အတွက် ထောက်ပံ့ချီးမြှင့်ငွေ ကျပ် ၁၄၂၀၀၀၀ နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး လက်ဝှေ့ကစားသမားဆုအဖြစ် အာရှုနဂါး(ကျားဖြူကလပ်)အား ဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။

**ပြည်နယ်(ပြန်/ဆက်)**



ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အကောင်းဆုံးကစားသမားဆုရ အာရှုနဂါးအား ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။

# မြောက်ဦးမြို့နယ်၌ ကျေးလက်နေပြည်သူများ သွားလာရေးအဆင်ပြေစေရန် ကျေးရွာ ၁၅ ရွာ၌ ဆိပ်ခံတံတား ၁၅ စင်းတည်ဆောက်

**မြောက်ဦး မေ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးလက်နေပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် ၎င်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၌ ဆိပ်ခံတံတား ၁၅ စင်းကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။



မြောက်ဦးမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသည့် ဆိပ်ခံတံတားတစ်စင်းကို တွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ပုဇွန်ဖေကျေးရွာ၊ ဥက္ကန်ကျေးရွာ၊ ချရားကျေးရွာ၊ ကြိမ်ချောင်းကျေးရွာ၊ ကန်ဇောက်ကျေးရွာ၊ ဆားသည်မကျေးရွာ၊ သူငယ်တော်ကျေးရွာ၊ အောက်စည်မောင်းကျေးရွာ အစရှိသည့် ကျေးရွာ ၁၅ ရွာတွင် အလျား ပေ ၃၀၊ အနံ ရှစ်ပေရှိသော ဆိပ်ခံတံတား ၁၅ စင်းကို တင်ဒါအောင်ကုမ္ပဏီဖြစ်သည့် ဝင်းအောင်လံ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ထားခြင်းဖြစ်ကာ တံတားအားလုံး ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ၎င်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အထက်ပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ၎င်းကျေးရွာများမှ ပြည်သူများမှာ မိုးရာသီတွင် လမ်းခရီးများ သွားလာရာ၌ အဆင်ပြေချောမွေ့စွာသွားလာနိုင်မည်ကာ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

**တင်ဝင်း**

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် မေ ၃၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ဆွမ်ဆီးကိုအနိုင်ယူပြီး ပရီမီယာလိဂ်သို့ ပထမဆုံးအကြိမ် တန်းတက်ခွင့်ရရှိခဲ့သည့် ဘရန့်ဖို့ဒ်

ချန်ပီယံရှစ် ပလေးအော့ဖ်ဗိုလ်လုပွဲအဖြစ် ယမန်နေ့ညပိုင်းက ဘရန့်ဖို့ဒ်အသင်းနှင့် ဆွမ်ဆီးအသင်းတို့ ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရန့်ဖို့ဒ်အသင်းက ဆွမ်ဆီးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပရီမီယာလိဂ်သို့ ပထမဆုံးအကြိမ် တန်းတက်ခွင့်ရရှိခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းအတွက် ဂိုးများကို ပွဲချိန် ၁၀ မိနစ်နှင့် မိနစ် ၂၀ တို့တွင် တိုနေးနှင့် မာကွန်ဒက်စ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ဘရန့်ဖို့ဒ်အသင်းရော ဆွမ်ဆီးအသင်းပါ ယနေ့ပွဲစဉ်တွင် အနိုင်ရရှိပါက ပရီမီယာလိဂ်သို့နေ့ဝှစ်ချ်၊ ဝက်ဖို့ဒ်အသင်းတို့နှင့်အတူ တန်းတက်ခွင့်ရရှိမည်ဖြစ်၍ အားစိုက်ကစားလာသည့်အတွက် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းသည် ရာယာ၊ ဂျန်ဆန်၊ ပင်းနော့ခ်၊ ကာနို့စ်၊ မာကွန်ဒက်စ်၊ တိုနေး စသည့်ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ဆွမ်ဆီးအသင်းက ဝုဒ်မန်း၊ ကာဘန်ကို၊ နော်တန်၊ လိုဝီ၊ အယူး၊ ရောဘတ်စ်စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် ဆွမ်ဆီးအသင်းမှ ဖူလ်တန်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသောကြောင့် ဆွမ်ဆီးအသင်း နစ်နာခဲ့ရသည်။ ဘရန့်ဖို့ဒ်နှင့် ဆွမ်ဆီးအသင်းတို့ ယခုအကြိမ်တွေ့ဆုံမှုသည် ယခုနှစ်ရာသီ၏ တတိယအကြိမ်မြောက်တွေ့ဆုံမှုဖြစ်ပြီး ဘရန့်ဖို့ဒ်အသင်းက နှစ်ကြိမ်သရေကျပြီး တစ်ကြိမ်အနိုင်ရရှိသည်။

ဘရန့်ဖို့ဒ်အသင်းနှင့် ဆွမ်ဆီးအသင်းတို့သည် ယမန်နှစ်ကလည်း ချန်ပီယံရှစ်ပလေးအော့ဖ် ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခဲ့ဖူးပြီး ဘရန့်ဖို့ဒ်အသင်းက နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံရှစ်ပလေးအော့ဖ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ သို့သော်လည်း ဗိုလ်လုပွဲတွင် ဖူလ်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့ပြီး ပရီမီယာလိဂ်သို့ တန်းတက်ခွင့်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

## အသက်အရွယ်အလိုက် သင့်တော်တဲ့ ကိုယ်လက်လှုပ်ရှားအားကစား ပုံမှန်ပြုလုပ်လျှင် ဘယ်လိုအကျိုးကျေးဇူးတွေရမလဲ ?

ကလေးနှင့် ဆယ်ကျော်သက်များ (အသက် (၅)နှစ်မှ (၁၇)နှစ်အရွယ်) အနေဖြင့် အတော်အသင့်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားခြင်းကို နေ့စဉ်ပြုလုပ်သင့်၍ အသက် (၁၈)နှစ်နှင့် အထက်ဖြစ်ပါက အတော်အသင့်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားခြင်းနှင့် သင့်တော်သောလေ့ကျင့်ခန်းပြုလုပ်ခြင်းတို့အား တစ်နေ့လျှင်မိနစ် (၃၀)ခန့်ဖြင့် တစ်ပတ်လျှင် (၅)ကြိမ်ခန့် ပြုလုပ်သင့်ပါသည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် -

- ✓ ကြွက်သားများကြီးထွား သန်မာစေခြင်း၊ အဆီကျ၍ ကိုယ်အလေးချိန် ပုံမှန်ဖြစ်စေခြင်း၊
- ✓ ရင်အုပ်ကြွက်သားများ၊ အဆုတ်နှင့် အသက်ရှူရာတွင် အထောက်အကူပြုသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပိုမိုအားကောင်းစေခြင်း၊
- ✓ မကူးစက်နိုင်သော နာတာရှည်ရောဂါများဖြစ်သည့် အဝလွန်ရောဂါ၊ လေဖြတ်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ချေကို လျှော့ချပေးခြင်း၊
- ✓ ကိုယ်ခန္ဓာအရိုးထုကို ကျစ်လစ်သန်မာစေ၍ အသက်ကြီးလာသည့်အခါ ခါးနာခြင်းနှင့် အရိုးပွခြင်းများကို ကာကွယ်ပေးနိုင်ခြင်း၊
- ✓ ညဘက်တွင် အချိန်တိုအတွင်း၌ အိပ်ပျော်၍ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခြင်းဖြင့် နောက်တစ်နေ့တွင် ကိုယ်ရောစိတ်ပါ လန်းဆန်းစေခြင်း၊
- ✓ ဦးနှောက်သွေးလည်ပတ်မှုကို ကောင်းမွန်စေပြီး ဦးနှောက်နှင့် အာရုံကြောကိုအားကောင်းစေ၍ ဉာဏ်ရည်ထက်မြက်စေခြင်း၊ စိုးရိမ်ပူပန်မှု (Anxiety)၊ စိတ်ဖိစီးမှု (Stress)များ လျော့နည်းစေ၍ စိတ်ကိုကြည်လင်စေခြင်း၊
- ✓ အသက်အရွယ်ကြီးရင့်လာ၍ ကိုယ်ခန္ဓာအစိတ်အပိုင်းများ၏ လုပ်ငန်းတာဝန်များ ချို့ယွင်းပျက်စီးလာမှုကို နှေးကွေးလျော့နည်းစေခြင်း - စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။

**"ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး"**

**"Exercise is Medicine"**

**ရည်ညွှန်းကိုးကားချက်** - Physical Activity Guidelines Advisory Committee. 2018 Physical Activity Guidelines Advisory Committee Scientific Report Series. 2018 Washington DC, US Department of Health and Human Services.

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးသောဒေသများတွင် ဘာတွေသတိထားရမှာလဲ?

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုအန္တရာယ်၊ ရုတ်တရက် ရေလွှမ်းမိုးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓါတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်၊ အအေးမိ၍ ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်ပါ၍-

၁။ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ ထုတ်ပြန်သော **လိုက်နာဆောင်ရွက်ရမည့်သတိပေးချက်များကို တိကျစွာ လိုက်နာပါ။**

၂။ ရေလွှမ်းမိုးနေချိန်တွင် သက်ဆိုင်ရာမှ **ညွှန်ကြားချက်ရမှသာ ယာယီနားခိုနေသော အဆောက်အဦး၊ အမိုးအကာများအောက်မှ ထွက်ခွာပါ၊ ချိုင့်ခွက်နှင့် မြောင်းများအတွင်းသို့ ချော်ကျ၍ ရေနစ်နိုင်သည့် အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာပါ။**

၃။ **လျှပ်စစ်ဓါတ်လိုက်မှုအန္တရာယ်ရှိ၍ သတိပြုသွားလာပါ။**

၄။ **မြွေအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုပါ။**

၅။ **ထိခိုက်ဒဏ်ရာရရှိပါက** ဆေးရုံများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများတွင် **ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။**

၆။ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တက်သော ရောဂါများဖြစ်ပွားနိုင်သဖြင့် **ကျိုချက်ထားသောရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်ပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသောရေများကို မသောက်ပါနှင့်။**

၇။ အစာအဆိပ်သင့်မှု မဖြစ်စေရန် **ရေမျောအစားအစာများနှင့် စည်သွတ်ဗူးများ၊ အခြားအမျိုးအမည်မသိ အစားအစာများ မစားသောက်ပါနှင့်။** (အစားအစာများကို မစားသောက်မီ စစ်ဆေးပါ။)

၈။ **ရက်လွန်အစားအစာများနှင့် လတ်ဆတ်မှုမရှိသော အစားအစာ၊ သိုးနေသောအစားအစာများနှင့် သန့်ရှင်းမှုမရှိသော အစားအစာများကို မစားပါနှင့်။ အမှည့်လွန် အသီးများ မစားပါနှင့်။**

၉။ သောက်သုံးရေအရင်းအမြစ်များနှင့် **ရေတွင်းရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်။**

၁၀။ **အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။ နွေးထွေးသောအဝတ်များဝတ်ဆင်ထားပါ။** (ကလေးသူငယ်များကို အထူးဂရုစိုက်ပါ။)

၁၁။ **တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ပါ။**

၁၂။ **နာမကျန်းဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။**





# အိန္ဒိယနိုင်ငံမြို့တော်တွင် ကိုဗစ် -၁၉ အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဇွန် ၇ ရက်အထိ ဆက်လက်ထားရှိမည်

နယူးဒေလီ မေ ၃၀

**အိန္ဒိယနိုင်ငံမြို့တော် ဒေသတစ်ဝိုက်တွင် ကိုဗစ်-၁၉ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကာလကို နောက်ထပ်တစ်ပတ် အချိန်ထပ်တိုးလိုက်သည်ဟု အစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ကဏ္ဍနှစ်ခုအတွက် ကန့်သတ်ချက်များကိုမူ ဖြေလျှော့ပေးမည်ဖြစ်သည်။**



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ အန္တရာယ်ကြောင့် အပူချိန်တိုင်းတာနေသည်ကို တွေ့ရစဉ်။

ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် ဖြေလျှော့မှုများ ပြုလုပ်မည်ဟု အစိုးရက မေ ၂၉ ရက်တွင် ပြောသည်။

လက်ရှိချမှတ်ထားသည့် အသွားအလာပိတ်ဆို့ ကန့်သတ်မှုမှာ မေ ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဇွန် ၇ ရက်အထိ နောက်ထပ်သက်တမ်းတိုးလိုက်သည်ဟု အစိုးရအရာရှိတစ်ဦးက ပြောသည်။

လုပ်ငန်းပြန်စမည့် ကုမ္ပဏီများအနေဖြင့် ကိုဗစ်-၁၉ ကန့်သတ်ချက်များနှင့် ကြိုတင်ကာကွယ်မှုများကို တိကျစွာလိုက်နာရမည်ဖြစ်သည်။ လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်နေကြသူများကို အစိုးရဘက်မှ ကျပန်း ကိုဗစ်-၁၉ ဝင်ရောက်စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်သည်။

မေ၂၈ ရက်က ဒေလီမြို့အကြီးအကဲ အာဗင်ကက်ဂျရီဝဲလ် က ဒေလီမြို့တွင် ကိုဗစ်-၁၉ ဒုတိယအကြိမ်ကို ထိန်းချုပ်နိုင်ပြီး လာမည့်သီတင်းပတ်မှစတင်ကာ အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးတော့မည်ဟု ပြောသည်။

သို့သော်လည်း ကိုဗစ်-၁၉ တိုက်ဖျက်ရေးမှာ အဆုံးမသတ်သေးဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဒေလီမြို့တွင် မေ ၂၈ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၄၁ ဦး ရှိပြီး သေဆုံးသူ ၁၃၉ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သီတင်းပတ်တိုင်း ကျွမ်းကျင်သူများနှင့် အများပြည်သူများ၏ အကြံဉာဏ်များအပေါ် အခြေခံကာ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဆက်လက်ထားရှိသင့် မသင့် ဆုံးဖြတ်မည်ဟုလည်း ဒေလီမြို့အကြီးအကဲက ပြောသည်။

မည်သူတစ်ဦးတစ်ယောက်မျှ အသွားအလာပိတ်ဆို့ကန့်သတ်ခံရခြင်းကို မကြိုက်သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုများမှာ ဆက်လက်များပြားဆဲဖြစ်နေလျှင် ဖြေလျှော့မှုများကို ကန့်သတ်ပစ်ရမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တိုကျိုတွင် ရုပ်ရှင်ရုံကြီးများ ပြန်ဖွင့်ရန်စီစဉ်လျက်ရှိ

**တိုကျို မေ ၃၀**

တိုကျိုအစိုးရက မကြာမီအချိန်အတွင်း ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးတော့မည်ဖြစ်ရာ လာမည့်လတွင် ရုပ်ရှင်ရုံကြီးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တိုကျိုတွင် ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု သိရသည်။

တိုကျိုတွင် အရေးပေါ်အခြေအနေကြေညာမှုမှာ ဇွန် တစ်ရက်မှစတင်ကာ ထပ်တိုးသွားမည်ဖြစ်သော်လည်း ကန့်သတ်ချက်အချို့ကိုမူ ဖြေလျှော့ပေးမည်ဖြစ်သည်။

ရုပ်ရှင်ရုံများကို ပိတ်ထားရန် မပြောထားသော်လည်း ည ၉ နာရီတွင် ပိတ်ရမည်ဖြစ်သည်။ တိုကျိုမြို့လယ်ရှိ ရုပ်ရှင်ရုံကြီးတွင် တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦးကမူ ဇွန် ၁ ရက်တွင် ရုပ်ရှင်ရုံပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ရင်း အလုပ်ရှုပ်နေသည်။

ရုပ်ရှင်လာရောက်ကြည့်ရှုသူများ ခုံခြား၍ ထိုင်နိုင်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည်။ လူအချင်းချင်း ခပ်ခွာခွာနေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။ ကဇာတ်ရုံကြီးများတွင် ပွဲသေးများကိုသာ လက်ခံကျင်းပခွင့်ပေးမည်ဖြစ်ပြီး လက်ချင်းဆွဲ နှုတ်ဆက်ခြင်းကိုမူ ရှောင်ကြဉ်ရမည်ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ကတည်းက သိမ်းဆည်းထားရသည့် ရုပ်ရှင်ကားများကို ပြသခွင့်ရမည်ဖြစ်သည့်အတွက် ဝမ်းသာမိသည်ဟု ရုပ်ရှင်ရုံမန်နေဂျာက ပြောသည်။

**အင်န်အိတ်ချ်ကေ**




တိုကျိုမြို့ ရုပ်ရှင်ရုံတစ်ရုံတွင် ပြင်ဆင်ထားမှုကို တွေ့ရစဉ်။

# စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၃ ဦး ထပ်မံတွေ့ရှိ

**စင်ကာပူ မေ ၃၀**

စင်ကာပူနိုင်ငံ၌ မေ ၂၉ ရက်တွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၃ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကူးစက်မှုများထဲတွင် ဒေသတွင်းကူးစက်ခံရသူ ၂၃ ဦးရှိပြီး ပြည်ပမှ ကူးစက်ခံရသူ ၁၀ ဦးရှိရာ နိုင်ငံအတွင်း စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၆၂၀၀၃ ဦးအထိ ရှိလာသည်ဟု သိရသည်။

ပြည်တွင်းကူးစက်မှုများတွင် ၁၉ ဦးမှာ ရောဂါရာဇဝင်ရှိသူများနှင့် ထိတွေ့သူများဖြစ်ပြီး လေးဦးမှာမူ ကူးစက်မှု ရာဇဝင်လိုက်၍ မရသေးဟု သိရသည်။ လက်ရှိဆေးရုံတွင် ကုသမှုခံယူနေသူ ၂၂၆ ဦးရှိပြီး အများစုမှာအခြေအနေတည်ငြိမ်ကြသည်။ အထူးကြပ်မတ်ကုသဆောင်တွင် စိုးရိမ်ရသည့်လူနာ သုံးဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံတွင် ဓာတ်ဆီဈေးနှုန်း မြင့်တက်

**ဝါရှင်တန် မေ ၃၀**

အမေရိကန်နိုင်ငံတွင် ဓာတ်ဆီဈေးမှာ တစ်ဂါလန်လျှင် သုံးဒေါ်လာဖြစ်ပြီး ယင်းသို့ ဈေးတက်သွားခြင်းမှာ ခုနစ်နှစ်အတွင်း ပထဆုံးအကြိမ်ဖြစ်သည်ဟု သိရသည်။ မေ ၂၄ ရက်တွင် တိုင်းပြည်အတွင်း ပျမ်းမျှ ဓာတ်ဆီဈေးနှုန်းမှာ တစ်ဂါလန်လျှင် သုံးဒေါ်လာနှင့် နှစ်ဆင့် ဖြစ်သည်




ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ဝယ်ယူနေသူတစ်ဦးကို တွေ့ရစဉ်။

ဟု အမေရိကန် စွမ်းအင်သတင်းအချက်အလက်စီမံခန့်ခွဲမှုက ပြောသည်။

ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် တစ်ဒေါ်လာတက်သွားခြင်းဖြစ်ပြီး ယင်းသို့ဖြစ်ရခြင်းမှာ ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်ဟု သိရသည်။ ယခုလအစောပိုင်းတွင် ဆိုက်ဘာတိုက်ခိုက်ခံရမှုကြောင့် ပိုက်လိုင်းထုတ်လုပ်ရေးလုပ်ငန်းများ ဆိုင်းငံ့သွားပြီး ကုန်ကားသမားများအတွက် ဓာတ်ဆီပြတ်တောက်မှုဖြစ်ပေါ်ခဲ့ရသည်။ ယင်းနှင့် ဆက်စပ်၍ ဓာတ်ဆီဈေး မြင့်တက်လာခြင်းဖြစ်သည်။

အမေရိကန်ပြည်နယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လှုပ်ရှားလာကြသည်။ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ တိုင်းပြည်လူဦးရေ၏ တစ်ဝက်နီးပါးမှာ အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးပြီဟု သိရသည်။

အမေရိကန်တပ်ဖွဲ့အတွင်း တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားသူများအတွက် အမှတ်တရအထိမ်းအမှတ်နေ့အဖြစ် သုံးရက်ရုံးပိတ်သည့်ကာလတွင် ပြည်နယ်များရှိလူများမှာ ခရီးသွားလာကြမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၅၆၅ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ မေ ၃၀**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၅၆၅ ဦးတွေ့ရှိခဲ့ပြီး သေဆုံးသူလည်း ၁၆၂ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ဝန်ကြီးဌာန၏ ပြောကြားချက်အရ ဆေးရုံမှဆင်းသွားသူဦးရေ ၅၄၁၇ ဦး ထပ်တိုးလာသည့်အတွက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၆၅၉၉၇၄ ဦးရှိလာခဲ့သည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်မှာ ပြည်နယ်ပေါင်း ၃၄ ခုတွင် ပျံ့နှံ့နေပြီဖြစ်သည်။ ဂျာဗားအလယ်ပိုင်းတွင် ၁၀၅၀၊ အနောက်ဂျာဗားတွင် ၉၂၇ ဦး၊ ဂျကာတာတွင် ၈၉၈ ဦးတို့ အသီးသီးစီ တွေ့ရှိခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယရဲ့ ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်က ဗြိတိန်အတွက် ပြဿနာကြီးတစ်ခုဖြစ်လာသလား

**လင်းဟန်သစ်**

အိန္ဒိယနဲ့ ဆက်နွှယ်လျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်တစ်မျိုးဟာ လျင်မြန်စွာကူးစက်ပျံ့နှံ့လာတဲ့အတွက် ကန့်သတ်ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးလိုက်တဲ့ ဗြိတိန်မှာတော့ ဒါဟာ တကယ့်ကို ကြီးမားတဲ့ ပြဿနာတစ်ရပ် ဖြစ်လာပါတယ်။




ဗြိတိန်နိုင်ငံ ဘက်ဖို့ဒ်မြို့ တစ်နေရာတွင် ဖြတ်သန်းလာသည့် နှာခေါင်းစည်းတပ်ဆင်သွားလာသူများကို တွေ့ရစဉ်။

### လျင်လျင်မြန်မြန်နဲ့အခြေအနေဆိုးလာ

အစိုးရဟာ ကန့်သတ်ပိတ်ဆို့မှုတွေကို နောက်ထပ် သတိနဲ့ ဖြေလျှော့မှုတွေ မလုပ်ဘူးဆိုရင် ဗြိတိန်ရဲ့ ကိုရိုနာဗိုင်းရပ်စ် ဆန့်ကျင်တိုက်ဖျက်မှုဟာ တကယ့်ကို လျင်လျင်မြန်မြန်ပဲ အခြေအနေဆိုးလာနိုင်ပါတယ်လို့ ကိန်းဘရစ်တက္ကသိုလ် ပါမောက္ခ တင်မ်ဂိုဝါက သတိပေး ပြောကြားခဲ့ပါတယ်။

အခြေအနေအကြောင်းအရာတွေကို အလိုက်သင့်လုပ်ဆောင်ဖို့ ကြိုးစားတော့မယ်ဆိုရင်လည်း ကိုယ်လုပ်ဆောင်တော့မယ့် အဆင့်တိုင်းကို သတိကြီးစွာထားဖို့လိုအပ်တယ်လို့ ထင်မြင်မိကြောင်း တင်မ်ဂိုဝါက ပြောကြားခဲ့ပါတယ်။ အားလုံးက အစီအစဉ်တကျ ဖြစ်လာမယ်ဆိုရင် ကောင်းပါတယ်။

သို့သော်လည်း အစီအစဉ်အတိုင်းဖြစ်မလာခဲ့ဘူးဆိုရင် အခြေအနေတွေဟာ လျင်မြန်စွာဆိုးရွားလာမှာဖြစ်ပါတယ်လို့ သူက ပြောပါတယ်။ အနည်းဆုံးကတော့ ဖြေလျှော့မှုတွေကို လျင်လျင်မြန်မြန် မစသင့်ဘူး။ ဒါမှမဟုတ်ရင် လျင်မြန်စွာကူးစက်မှုတွေ ဖြစ်လာမှာပါ။ အဲလိုဆိုရင်တော့ တကယ့်ပြဿနာကြီးတစ်ရပ် ဖြစ်လာမှာပါလို့ တင်မ်ဂိုဝါက ပြောပါတယ်။

### ကာကွယ်ဆေးတွေကို အရှိန်အဟုန်မြင့်မြင့်နဲ့ ထိုးနှံသွားရမယ်

ကာကွယ်ဆေးထိုးခြင်းနဲ့ ကိုယ်ခံအားဆိုင်ရာ ဗြိတိန်တွဲဖက်ကော်မတီရဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ အန်တိုနီဟာဒန်က အိန္ဒိယအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်ဟာ ပိုပြီးကူးစက်မြန်တယ်လို့ ပြောပါတယ်။

မိမိတို့တွေအနေနဲ့ အခြေအနေမတူဘူးဆိုတာ ကျိန်းသေဖို့လိုပါတယ်။ ပြီးတော့လည်း ကာကွယ်ဆေးထိုးထားတဲ့ လူဦးရေများဖို့ လိုပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးတာတွေကို အရှိန်အဟုန်မြင့်မြင့်နဲ့ လုပ်ဆောင်သွားဖို့ လိုပါတယ်လို့ သူက ဘီဘီစီကို ပြောကြားလိုက်ပါတယ်။

### ဗြိတိန်ရဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ လေးသန်းခွဲနီးပါးရောက်ရှိ

ဒီအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်ကို အပြည့်အဝကာကွယ်ဖို့ ကာကွယ်ဆေးနှစ်ကြိမ် ထိုးဖို့လိုတယ်ဆိုတာကို ကျိန်းသေသိနေဖို့ လိုပါတယ်။ အသက် ၅၀ ကျော်အရွယ်တွေနဲ့ ဖျားနေတဲ့သူတွေကိုလည်း ဒီအခြေအနေတွေကို ကျော်လွှားနိုင်ဖို့ ဒုတိယအကြိမ် ကာကွယ်ဆေးကို မြန်မြန်ထိုးနှံပေးဖို့ လိုအပ်ပါတယ်။

ဗြိတိန်မှာနောက်ထပ် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ဖြစ်ပွားသူ ၄၁၈၂ ဦး ရှိလာခဲ့ပါတယ်။ ဒါဟာ ဧပြီ ၁ ရက်မှစကာ တစ်နေ့တည်း အမြင့်ဆုံးကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားတဲ့ အရေအတွက်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်က ထုတ်ပြန်လိုက်တဲ့ တရားဝင်သတင်းအချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

ထို့အပြင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ သုံးရက်ဆက်တိုက် ၃၀၀၀ ကျော်လွန်ခဲ့တဲ့ နေ့လည်းဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူပေါင်းဟာ အခုအခါမှာတော့ ၄၄၇၇၇၀၅ ဦးအထိ ရောက်ရှိလာပြီဖြစ်ပါတယ်။

### အစိုးရရဲ့ ကန့်သတ်ပိတ်ဆို့မှုအပေါ် စိုးရိမ်

ဗြိတိန်မှာ အိန္ဒိယအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ အရေအတွက်ဟာ တစ်ပတ်အတွင်းမှာ နှစ်ဆအထိမြင့်တက်လာပြီးတော့ ၇၀၀၀ နီးပါးဖြစ်လာပါတယ်။ အစိုးရရဲ့ ကန့်သတ်ပိတ်ဆို့မှုနည်းလမ်းဟာ ခုတ်ရာတခြား ရှရာတခြားဖြစ်နေသလားဆိုပြီး စိုးရိမ်ပူပန်နေရပါတယ်။

မေ ၁၇ ရက်မှစတင်ကာ အင်္ဂလန်မှာရှိတဲ့ အရက်ဆိုင်တွေ၊ ဘားတွေ၊ စားသောက်ဆိုင်တွေကို အတွင်းဘက်မှာသာ ဖွင့်လှစ်ဖို့ ကန့်သတ်ထားပါတယ်။ ထို့အတူ ရုပ်ရှင်ရုံ၊ ပြတိုက်၊ ကလေးကစားစရာ စတဲ့ အတွင်းပိုင်းဖျော်ဖြေမှုတွေကိုလည်း ပြန်လည်စတင်ခဲ့ပါတယ်။

### ခရီးသွားခွင့်ပြု

ထို့အတူ နိုင်ငံခြားတိုင်းပြည်များသို့ ခရီးသွားလာခွင့်တားမြစ်ချက် ဖြေလျှော့ပေးလိုက်တဲ့အချိန်မှာ ပြည်သူတွေကိုလည်း အစိမ်းရောင်စာရင်း (အန္တရာယ်ကင်းကြောင်း) ဖော်ပြထားပြီး ဆိုက်ရောက်ချိန်မှာ ကန့်သတ်စောင့်ကြည့်စရာမလိုတဲ့ နိုင်ငံတွေကိုခရီးသွားလာခွင့်ပြုထားပါတယ်။

ဗြိတိန်အစိုးရရဲ့ လမ်းညွှန်ချက်အနေနဲ့ လူမှုဆက်ဆံရေးပေါ်မှာသတ်မှတ်ထားတဲ့ ကန့်သတ်ချက်တွေကို ဇွန် ၂၁ ရက်မှာ ဖယ်ရှားပေးသွားမှာဖြစ်ပါတယ်။ ကြိုတင်စီစဉ်ထားတဲ့ ကန့်သတ်ချက်လျှော့ပေါ့မှုဆိုင်ရာ ဆုံးဖြတ်ချက်ကို ဇွန် ၁၄ ရက်မတိုင်ခင် ချမှတ်သွားမှာ မဟုတ်ပါဘူး။

### ထိရောက်စွာကာကွယ်နိုင်ပါ့မလား

ဗြိတိန်နိုင်ငံရဲ့ လူဦးရေ ၃၈ ဒသမ ၈ သန်းသို့မဟုတ် အရွယ်ရောက်ပြီးသူ ၇၀ ရာခိုင်နှုန်းကို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ပထမအကြိမ် ထိုးပေးသွားမှာဖြစ်တယ်လို့ အစိုးရရဲ့ တရားဝင်ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

နှောင်နှစ်ပေါင်း အတော်ကြာလာတဲ့အခါ ကိုရိုနာဗိုင်းရပ်စ်ဟာ ဆက်လက်ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာနိုင်သေးတဲ့အတွက် လက်ရှိထုတ်လုပ်ထားတဲ့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးတွေဟာ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါ့မလားဆိုပြီး ကျွမ်းကျင်သူတွေကလည်း သတိပေးထားပါတယ်။

ပုံမှန်ဘဝပြန်လည်ရောက်ရှိဖို့ ဗြိတိန်၊ တရုတ်၊ ရုရှား၊ အမေရိကန်ပြည်ထောင်စုလိုမျိုး နိုင်ငံတွေနဲ့ ဥရောပသမဂ္ဂတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို အလုံးအရင်းနဲ့ ထုတ်လုပ်ဖို့ ကြိုးစားနေကြပါတယ်။ အဲဒီလို ကိုရိုနာဗိုင်းရပ်စ်ကို လုံလုံလောက်လောက်ထုတ်လုပ်ပြီး လူသားတိုင်း ကာကွယ်ဆေးထိုးနိုင်မှသာ ကိုရိုနာဗိုင်းရပ်စ်ဟာ အပြီးတိုင် ပျောက်ဆုံးသွားတော့မှာ ဖြစ်ပါတယ်။

**ကိုးကား - ဆင်ဟွာ**

* **အသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ် ကို အပြည့်အဝကာကွယ်ဖို့ ကာကွယ်ဆေးနှစ်ကြိမ် ထိုးဖို့လိုတယ်ဆိုတာကို ကျိန်းသေသိနေဖို့ လိုပါတယ်။ အသက် ၅၀ ကျော်အရွယ်တွေနဲ့ ဖျားနေတဲ့သူတွေကိုလည်း ဒီအခြေအနေတွေကို ကျော်လွှားနိုင်ဖို့ ဒုတိယအကြိမ် ကာကွယ်ဆေးကို မြန်မြန်ထိုးနှံပေးဖို့ လိုအပ်ပါတယ်**
* **ဗြိတိန်မှာ အိန္ဒိယအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ အရေအတွက်ဟာ တစ်ပတ်အတွင်းမှာ နှစ်ဆအထိမြင့်တက်လာပြီးတော့ ၇၀၀၀ နီးပါးဖြစ်လာ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၃၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၄ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၅၆၁၄၃၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၇၆၀၅၀ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၂၁၈၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ များမှာ ၄၂၆၃ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၆၅၉၀ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မြိတ်မြို့နယ် | ၂၂၇ | ၂၂၆၇၉၈ | ၁၄၃၅၆၃ | ၃၈၅၁၉ | ၁၅၄၈ | ၂၁၂၇၆ |
| ၂ | ပုလောမြို့နယ် | ၈၉ | ၁၁၄၀၂၃ | ၇၆၇၇၂ | ၁၆၈၆၂ | ၁၃၂၅ | ၁၃၁၀၄ |
| ၃ | သရက်ချောင်းမြို့နယ် | ၁၁၀ | ၁၀၆၄၃၆ | ၇၈၇၂၇ | ၁၁၆၉၃ | ၆၆၄ | ၁၀၈၉၄ |
| ၄ | ရေဖြူမြို့နယ် | ၁၁၄ | ၁၁၄၁၇၄ | ၇၆၉၈၈ | ၁၅၁၀၉ | ၇၂၆ | ၁၁၃၁၆ |
| | စုစုပေါင်း | ၅၄၀ | ၅၆၁၄၃၁ | ၃၇၆၀၅၀ | ၈၂၁၈၃ | ၄၂၆၃ | ၅၆၅၉၀ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။



သရက်ချောင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၄ မြို့နယ်တွင် မဲရုံပေါင်း ၅၄၀ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၁၁၉၃၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၇၀၇၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၄၁၁၈၂၊ မြေပြင်လက်ကျန် ၂၃၅၃၁၈ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၆၆၇၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၁၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြိတ်မြို့နယ် | ၂၂၇ | ၂၄၁၂၇၂ | ၁၅၆၇၇၈ | ၈၄၄၉၄ | ၈၂၇၁၂ | ၁၈၆၉ | ၈၇ |
| ၂ | ပုလောမြို့နယ် | ၈၉ | ၁၂၅၅၁၉ | ၇၆၉၈၈ | ၄၈၅၃၁ | ၄၇၇၇၆ | ၈၀၇ | ၅၂ |
| ၃ | သရက်ချောင်းမြို့နယ် | ၁၁၀ | ၁၁၈၅၂၂ | ၆၆၀၄၁ | ၅၂၄၈၁ | ၅၀၂၀၄ | ၂၆၄၁ | ၃၆၄ |
| ၄ | ရေဖြူမြို့နယ် | ၁၁၄ | ၁၂၆၆၁၈ | ၇၀၉၄၂ | ၅၅၆၇၆ | ၅၄၆၂၆ | ၁၃၆၀ | ၃၁၀ |
| | စုစုပေါင်း | ၅၄၀ | ၆၁၁၉၃၁ | ၃၇၀၇၄၉ | ၂၄၁၁၈၂ | ၂၃၅၃၁၈ | ၆၆၇၇ | ၈၁၃ |

၆။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၈၅၃၈၁ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၈၂၁၈၃ ဦးရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ စာမျက်နှာ ၁၆ သို့ ❐

- တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၄ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၅၆၁၄၃၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၇၆၀၅၀ ဦးဖြစ်
- မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၂၁၈၃ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၄၂၆၃ ဦး၊ ၂ ကြိမ် ပါဝင် နေသူများမှာ ၅၆၅၉၀ ဦးဖြစ်

- **မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၄ မြို့နယ်တွင် မဲရုံပေါင်း ၅၄၀ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၁၁၉၃၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၇၀၇၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၄၁၁၈၂၊ မြေပြင်လက်ကျန် ၂၃၅၃၁၈ ဖြစ်ကြောင်း တွေ့ရှိရ**
- **ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၆၆၇၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၁၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရ**
- **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၈၅၃၈၁ ဦး ပိုမိုများပြားနေ**



ပုလောမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ရေဖြူမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

❐ စာမျက်နှာ ၁၅ မှ

**"အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ"**ဟု ပြဋ္ဌာန်းထားသော်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၄ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၄၂၆၃ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၅၆၅၉၀ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ သရက်ချောင်းမြို့နယ်၊ မယ်ကဲကျေးရွာအုပ်စု၊ ရေဖျက်ကျေးရွာ မဲရုံအမှတ်(၇၉)တွင် မဲဆန္ဒရှင် ၂၀၇ ဦး ရှိသည့်အနက် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မပါရှိသူ ၅၃ ဦး၊ ပဲဒက်ကျေးရွာအုပ်စု မဲရုံအမှတ်(၁ဂ၆) တွင် မဲဆန္ဒရှင် ၂၃၃ ဦး ရှိသည့်အနက် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မပါရှိသူ ၉၀ ဦး၊ စုံစင်ကျေးရွာအုပ်စု၊ စုံစင်ဖျားကျေးရွာ မဲရုံအမှတ်(၅၂)တွင် မဲဆန္ဒရှင် ၉၅၁ ဦးရှိသည့်အနက် မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်မပါသူ ၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်မပါသူ ၂၄၄ ဦး၊ မွေးသက္ကရာဇ်မပါသူ ၁၀ ဦး၊ အဖအမည်မပါသူ ၁၁ ဦး၊ အမိအမည်မပါသူ ၁၀ ဦးတို့အား ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရသည်။

၉။ သရက်ချောင်းမြို့နယ်၊ ကဇိတံတားဦးကျေးရွာအုပ်စု မဲရုံအမှတ်(၁၀)တွင် ဆန္ဒမဲပေးပြီး လက်ခံဖြတ်ပိုင်းများ ပျောက်ဆုံးနေသဖြင့် ဆန္ဒမဲလက်မှတ်များကိုသာ စစ်ဆေးခဲ့ရာ ကြိုတင်မဲလက်မှတ် အရေအတွက်နှင့် လက်ကျန်မဲအရေအတွက်စာရင်း အတိအကျမရရှိနိုင်ကြောင်း စိစစ်တွေ့ရှိရသည်။

၁၀။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၃၇၂၉၇၂ ဦးဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၃၇၀၇၄၉ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၂၂၃ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၆၆၇၇ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၈၁၃ စောင် တွေ့ရှိရခြင်း၊

(ဃ) မဲဆန္ဒရှင်စာရင်းပုံစံ(၁)တွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မွေးသက္ကရာဇ်၊ အမိ အမည်၊ အဖအမည် စသည့်အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိဘဲ မဲစာရင်းတွင် ထည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုခဲ့ခြင်း၊

(င) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင် စာရင်း ပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

(စ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ မဲဆန္ဒရှင်လက်မှတ် စသည်တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဇ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဈ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူ မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❒ *ကျော့ဖုံးမှ*

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃၀–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၄) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၂) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၃) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၈) ခု | (၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁၃) ခု | (၁၁) ဦး |
| စုစုပေါင်း | (၉၁၂) ခု | (၄၅) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၃၀-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၀၃၅၃၁၈ | ၂၇၈၁၈၉၆၁ | ၆၀၉၄၂၁ |
| ၂။ | အိန္ဒိယ | ၂၇၈၉၄၈၀၀ | ၂၅၈၁၈၉၆၁ | ၃၂၅၉၉၈ |
| ၃။ | ဘရာဇီး | ၁၆၄၇၁၆၀၀ | ၁၄၈၆၉၆၉၆ | ၄၆၁၁၄၂ |
| ၄။ | ပြင်သစ် | ၅၆၅၇၅၇၂ | ၅၃၁၂၁၀၅ | ၁၀၉၃၅၈ |
| ၅။ | တူရကီ | ၅၂၃၅၉၇၈ | ၅၀၉၄၂၇၉ | ၄၇၂၇၁ |
| ၆။ | ရုရှား | ၅၀၆၃၄၄၂ | ၄၆၇၇၈၇၀ | ၁၂၁၁၆၂ |
| ၇။ | ဗြိတိန် | ၄၄၈၀၉၄၅ | ၄၂၈၆၂၄၉ | ၁၂၇၇၇၅ |
| ၈။ | အီတလီ | ၄၂၁၃၀၅၅ | ၃၈၄၅၀၈၇ | ၁၂၆၀၀၂ |
| ၉။ | အာဂျင်တီးနား | ၃၇၃၂၂၆၃ | ၃၂၈၈၄၆၇ | ၇၇၁၀၈ |
| ၁၀။ | ဂျာမနီ | ၃၆၈၄၆၇၂ | ၃၄၇၈၆၀၀ | ၈၉၀၀၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀ – ၅ – ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၁၆၀၄၁ | ၁၆၆၃၉၉၈ | ၅၀၄၀၄ |
| ဖိလစ်ပိုင် | ၁၂၂၃၆၂၇ | ၁၁၄၉၀၁၀ | ၂၀၈၆၀ |
| မလေးရှား | ၅၆၅၃၃ | ၄၈၄၇၈၇ | ၂၇၂၉ |
| ထိုင်း | ၁၅၄၃၀၇ | ၁၀၅၂၄၄ | ၁၀၁၂ |
| မြန်မာ | ၁၄၃၅၇၁ | ၁၃၂၃၁၈ | ၃၂၁၆ |
| စင်ကာပူ | ၆၂၀၂၈ | ၆၁၄၂၃ | ၃၂ |
| ကမ္ဘောဒီးယား | ၂၉၄၀၄ | ၂၂၁၈၈ | ၂၀၉ |
| ဗီယက်နမ် | ၆၉၀၈ | ၂၉၅၀ | ၄၇ |
| လာအို | ၁၉၁၁ | ၁၄၂၆ | ၃ |
| ဘရူနိုင်း | ၂၄၁ | ၂၂၈ | ၃ |



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မေ ၃၀

**တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ အောင်မြေဗောဓိမဏ္ဍိုင်သာ အလိုတော်ပြည့် ကျောင်းတိုက်နှင့် မှော်ဘီမြို့နယ် ရိုးကြီးရွာဦးကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့ နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဓမ္မဗိမာန်ကျောင်းတိုက်မှ သံဃာတော်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခေမာရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီး၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်တော်မူကြသော သံဃာတော်များနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု ကျောင်းတိုက်မှ သံဃာတော်များအား မေ ၂၉ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းနှစ်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် မေ ၃၀



တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများ ခွဲစိတ်ကုသပေးခြင်း၊ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၆၆၆ ဦးနှင့် အတွင်းလူနာပေါင်း ၆၈၁၈၈ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၀၅၈၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၄၀၁ ဦး၊ စုစုပေါင်း ၁၅၉၈၁ ဦးတို့ကို ခွဲစိတ် ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက် ရှိသည်။ ထို့ပြင် ကလေးမီးဖွား လူနာ ၅၄၁၅ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၇၉၀၇ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၃၃၂၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ ဟံဇား တိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ် ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုး ရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့သို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၃၀

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏



ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၃၀


မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# သုခမိန် စိန်ဆရာ၏ ဘဝပန်းချီ ဩဝါဒအဆီ စာအုပ်ထွက်ရှိ

**မန္တလေး မေ ၃၀**

ဘာ၀နဂုဏ်ရည် ဆရာတော် အရှင်တေဇနိယ တက္ကသိုလ် တေဇာလင်း ရေးသားစီစဉ်သည့် သုခမိန်စိန်ဆရာ၏ ဘဝပန်းချီ ဩဝါဒအဆီစာအုပ် မေလတွင် ထွက်ရှိသည်။



အဆိုပါ စာအုပ်သည် တောင်သာမြို့နယ် မြို့ဘကျေးရွာ ဓမ္မရေ ကျောင်းတိုက်ကြီး၏ စတုတ္ထမြောက် ပဓာနမဟာ နာယကသာသနဓဇ ဓမ္မာစရိယ သာသနပါလ ဓမ္မာစရိယ တောင်သာမြို့နယ် သံဃနာယက ဒုတိယဥက္ကဋ္ဌ မန္တလေးတိုင်း တိုင်းသံဃာ့ဝန်ဆောင်၊ ပခုက္ကူ မဟာဝသုတာရာမိက ဂဏဝါစကနိကာယ ဒေသိယ ဂဏဘာရနိတ္ထာရက ဘဒ္ဒန္တ ဣန္ဒဝံသ သုခမိန်ဆရာတော်၏ (၇၅) နှစ်မြောက် စိန်ရတုမွေးနေ့အတွက် ရည်ရွယ်၍ ဆရာတော် ဖြတ်သန်းတော်မူခဲ့သော ဘဝဩဝါဒ အဆီအနှစ်တို့ကို ရှာဖွေဖော်ထုတ် ရေးသားခဲ့သည့် အလွန်တန်ဖိုးများသော စာအုပ်တစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်တွင် ဆရာတော်၏ထေရုပ္ပတ္တိ အကျဉ်း၊ စာအုပ်ရေးသားသူ ဘာ၀နဂုဏ်ရည် ဆရာတော် အရှင်တေဇနိယတက္ကသိုလ် တေဇာလင်း၏စာမွန်ဦး၊ ဆရာ မြေလတ်မင်းလွင်၏ ထပ်ကွန့် ရှစ်ဆယ်ပေါ်တေးထပ်နှင့်အတူ မှတ်တမ်းဓာတ်ပုံပေါင်းများစွာဖြင့် အောင်ချမ်းပြည့်စာပေမှ ထွက်ရှိလာသည်ဟု သိရသည်။ အိမ်တိုင်း၊ စာကြည့်တိုက်တိုင်းတွင် ရှိသင့်သည့် စာအုပ်ဖြစ်သည်။

**ခင်ခင်ဝင်း(ပညာရေး)**




၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပိုစတာ




## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၄၆၃ | ၁၃၁၆၇၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၈၉၇၇ | ၃၁၃၆၉၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၁၅ | ၃၂၂၀၀၀ |
| EFR | ၂၉၀၀ | ၃၀၅၀ | ၂၀၁ | ၅၈၃၀၅၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများစုပေါင်း အောင်ပွဲဆင်မှုကို ဦးတည်သည့် မြန်မာ့ရိုးရာ ဝိုင်းခြင်းအားကစား

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ခြင်းလုံးခတ်ကစားနည်းဟာ မြန်မာ့ရိုးရာအားကစားနည်းစစ်စစ်ဖြစ်ပါတယ်။ ရှေးနှစ်ပေါင်း ၁၅၀၀ ကျော်ကတည်းက ခေတ်စားခဲ့ပြီး သန်မာထွားကျိုင်းတဲ့ ယောကျ်ားတိုင်း ကိုယ်ခံပညာတစ်ခု တတ်မြောက်ကစားရသလို နှစ်သက်စွာကစားကြတဲ့ အားကစားနည်းတစ်ခု ဖြစ်ပါတယ်။ မူလက ဘုရင်မင်းမြတ်များကို တင်ဆက်ပြသ အသုံးတော်ခံရာမှာသာ သုံးခဲ့ပေမယ့် နောက်ပိုင်းမှာ တစ်မျိုးသားလုံးရဲ့အသည်းစွဲအားကစားနည်းတစ်ခု ဖြစ်လာခဲ့ပါတယ်။

မြန်မာ့ရိုးရာ ဝိုင်းခြင်းခတ်ကစားနည်းမှာ လူသုံးယောက်၊ လေးယောက်ကနေ ခြောက်ယောက်၊ ခုနစ်ယောက်အထိ ပါဝင်ပြီး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဖွဲ့ကစားခဲ့ကြတယ်။ ယှဉ်ပြိုင်ခြင်းထက် အဖွဲ့သားချင်း ညီညွတ်မှု စုပေါင်းအားကို ဖော်ကျူးတဲ့ အားကစားလည်း ဖြစ်ပါတယ်။ အခုအခါမှာတော့ အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ ကလေးအရွယ်မရွေး ကစားနိုင်တဲ့ အားကစား ဖြစ်နေပါပြီ။

**မြန်မာ့ရိုးရာ အားကစားနည်းစစ်စစ်**

ဝိုင်းခြင်းအပြင် တစ်ယောက်တည်း အလှပြခတ်ကစားပြတဲ့ "တပင်တိုင်ခြင်း" ဆိုရင်လည်း ခြင်းခတ်အမျိုးသမီးငယ်လေးများရဲ့ ထူးခြားတဲ့ ကစားပြမှုဟာ အလွန်ကျော်ကြားလာတာကို တွေ့နိုင်ပါတယ်။ ခြင်းလုံးခတ်ကစားနည်းဟာ မြန်မာ့ရိုးရာ အားကစားနည်းစစ်စစ် မြန်မာ့မြေမှာ မွေးဖွားသန့်စင်တဲ့ အားကစားနည်း ဖြစ်ပါတယ်။

အိမ်နီးချင်းနိုင်ငံတွေမှာလည်း ခြင်းခတ်တာနဲ့ အလားတူ ရိုးရာအားကစားနည်းများ ရှိပါတယ်။ ဗီယက်နမ်မှာ da cau၊ လာအိုမှာ kator၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းနဲ့ အင်ဒိုနီးရှားတို့မှာ sepak raga၊ ဖိလစ်ပိုင်မှာ sipa နဲ့ ထိုင်းနိုင်ငံမှာ takraw စတဲ့ အားကစားနည်းတွေလည်း ရှိပါတယ်။

**ဂုဏ်ယူစွာပါဝင်**

မြန်မာ့ခြင်းလုံးကတော့ ၁၉၁၁ ခုနှစ်ကစပြီး ဥရောပနဲ့ အာရှဒေသများဆီ ခြေဆန့်ခဲ့ပြီး လူအများ စိတ်ဝင်စားမှုရခဲ့ကြောင်း သိရပါတယ်။ ၂၀၁၄ ခုနှစ် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့စဉ်ကလည်း မြန်မာ့ရိုးရာ အားကစားနည်းဖြစ်တဲ့ ခြင်းလုံးကို အားကစားနည်းတစ်ခုအဖြစ် ဂုဏ်ယူစွာ ပါဝင်စေနိုင်ခဲ့ပါတယ်။

**ငြိမ်းချမ်းသော အားကစားနည်း**

ခြင်းလုံးခတ်ကစားနည်းဟာ ကျန်းမာရေးနဲ့ အလွန်ညီညွတ်တယ်၊ တစ်စုံတစ်ယောက်ကို ဆန့်ကျင် တုံ့ပြန်ရတာမဟုတ်ဘဲ ကစားသူတိုင်းကို အခြေပြုတယ်၊ အချင်းချင်းကြား ချစ်ခင်ရင်းနှီးမှုကို ကောင်းစွာ တည်ဆောက်ပေးနိုင်တယ်။ "Peaceful togetherness, the less important the ego, the more fun the game. ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ပါ၊ အတ္တသည် အရေးမပါသည့်အရာ၊ ပျော်ရွှင်ချမ်းမြေ့စွာသာ ကစားပါ"ဆိုတဲ့ ငြိမ်းချမ်းသော သဘောတရားကို အခြေခံတဲ့ အားကစားနည်းတစ်ခု ဖြစ်ပါတယ်။

One for All, All for One ဆိုတဲ့ တစ်ဦးချင်းသည် အများအတွက်၊ အများအောင်ဖို့ တစ်ဦးချင်းစီက တက်ညီလက်ညီရှိကြဖို့ဆိုတဲ့ ချစ်စရာသဘောကိုလည်း တွေ့နိုင်ပါတယ်။



**"ဝိုင်းခြင်း"**

အားသွန်ခွန်စိုက်၊ ပြန်လှန်ရိုက်ရင်း
စိတ်လိုက်မာန်ပါ၊ ပြင်းထန်စွာလျှင်
ခမျာတုံ့ပြန်၊ မလှန်နိုင်အောင်
အပိုင်ရိုက်ချ၊ သူရှုံးရစေ
ပွဲစမှုဆုံး၊ ဒေါသဖုံးလျက်
အမုန်းတလင်း၊ အပြုံးကင်းသည့်
တင်းနစ်လိုမျိုး ကစားနည်း။
တစ်ဖက်သင်းက၊ မဆယ်မ နိုင်
မပြန်နိုင်အောင်၊ အပိုင်ဆယ်လျက်
ပင့်ထောက်ချက်ကို၊ လှည့်ကွက်သုံးကာ
ရိုက်ခုတ်ပါရင်း၊ လဲကာပြိုသွား ကျရှုံးသွားက
လက်ဝါးချင်းရိုက်၊ ဂုဏ်ယူလိုက်ကြ
နှိမ့်ချသဘော၊ လှောင်ရယ်မောကြ
ဘော်လီဘောလို ကစားနည်း။
ဒေါသမာန်ပြင်း၊ မျက်လုံးချင်းဆိုင်
လက်ရုံးချင်းပြိုင်၊ အပိုင်ထိုးသတ်
တရစပ်ပစ်သွင်း၊ သွေးချင်းနီရဲ
အံကြိတ်ခဲရင်း၊ အကွဲအကျိုး
အလဲထိုးလျက်၊ အောင်ပွဲဆက်တဲ့
လက်ဝှေ့လိုမျိုး၊ ကစားနည်း။
ခြင်းလုံးလေးသာ၊ လေမှာပျံလျက်
မြေမသက်ရေး၊ တက်ညီလက်ညီ
ဝိုင်းဝန်းတည်ကြ၊ ဝိုင်းလည်အောင်ပို့
ကိုယ့်ထံသူ့ထံ၊ ကျန်သူဦးစားပေး
ထောက်ကူဖေးလျက်၊ အပေးအယူ
ကြည်ဖြူမျှတ၊ မာန်မာနကင်း
လောဘရှင်းသည့်
ဝိုင်းခြင်းလိုမျိုး ကစားနည်း။
သူငယ်ချင်း၊ မင်းစဉ်းစားကြည့်
ကစားနည်းများစွာ၊ စုံလင်ပါလည်း
ငါကတော့လေ၊ တို့မြေတို့မျိုး
တို့ပြည်ကျိုးတွက်
သယ်ပိုးဆောက်တည်၊ ထုံးနည်းမှီဖို့
တက်ညီလက်ညီ၊ သဘောညီလျက်
ဦးတည်ချက်တူ၊ လုပ်ရပ်တူလျက်
ပြုစုမှုကင်း၊ ရန်လိုကင်းသည့်
ဝိုင်းခြင်းကိုပဲ၊ နှစ်သက်သည်။
ခြင်းပဲခတ်ကြစေချင်သည်။ ။

**(ကဗျာရှင်-ဇော်မင်းမင်းဦး)**
ကြေးမုံသတင်းစာ-၆.၁၁.၂၀၁၆။

အထက်ပါကဗျာလေးကတော့ လွန်စွာနှစ်သက်ဖွယ်ကောင်းတဲ့ "ဝိုင်းခြင်း"ဆိုတဲ့ ကဗျာလေး ဖြစ်ပါတယ်။ ခြင်းလုံးကို ဝိုင်းခြင်းခတ်ပြီး ကစားကြတဲ့ ကစားနည်းရဲ့ သဘောကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားပါတယ်။ အခြားအားကစားနည်းတွေနဲ့ နှိုင်းယှဉ်ပြထားပါတယ်။ ဘောလုံးကို ဘက်တံနဲ့ ပြင်းပြင်းလွှဲရိုက်၊ ကိုယ့်ပြိုင်ဘက်ရဲ့ အားနည်းချက်ကိုရှာ၊ သူရှုံးစေ၊ သူ့အရှုံးဟာ ကိုယ့်အောင်ပွဲ၊ အမုန်းတလင်း၊ အပြုံးကင်းတဲ့ တင်းနစ်ကစားနည်းပါလား။ ဘောလုံးကို ပြိုင်ဘက် မဆယ်နိုင်အောင် အလူးအလဲ လဲပြိုကျ၊ အနာရစေ၊ သူရှုံးစေ။ သူ့အရှုံးဟာ၊ ကိုယ့်အောင်ပွဲ၊ သူရှုံးတော့ ကိုယ်ပျော်ရ၊ လက်ဝါးချင်းရိုက် ဂုဏ်ယူလိုက်ကြ၊ ပြိုင်ဘက်ကို နှိမ့်ချတဲ့ သဘောနဲ့ ဘော်လီဘောပါလား။ အလိုလေး-ဒေါသမာန်ပြင်း လက်ရုံးချင်းပြိုင်ပြီး ဒင်း လဲစေ၊ ကွဲစေ၊ သွေးတွေယိုစေ၊ အလဲအကွဲထိုး၊ သူရှုံးမှ။ သူ့အရှုံးဟာ ကိုယ့်အောင်ပွဲ၊ အလဲထိုးလျက် အောင်ပွဲဆက်တဲ့ လက်ဝှေ့တဲ့ဟော့။ အလားတူပါပဲ အားကစားနည်း အများစုတို့ဟာ ပြိုင်ဘက်များကို ထိခိုက်စေ၊ ရှုံးစေပြီးမှ ကိုယ်အနိုင်ရတတ်တာတွေ ဖြစ်ပါတယ်။

**ကစားဖော်ချင်း ဦးတည်ချက်တူ**

ခြင်းလုံးကစားနည်းကတော့ ချစ်စရာကောင်းလှတယ်။ တက်ညီလက်ညီ မျှမျှတတနဲ့ ဝိုင်းလည်အောင်ပို့ရင်း အချင်းချင်း ထောက်ကူပေးကြတယ်။ မာန်မာနကင်းတယ်။ လောဘ ဒေါသ ကင်းတယ်။ အခြား အားကစားနည်းတွေလို မပူလောင်နေဘူး။ အေးချမ်းတယ်။ ကစားဖော်ချင်း သဘောတူ ဦးတည်ချက်တူ လုပ်ရပ်တူကြတယ်။

အတ္တထက် အများစုပေါင်း အောင်ပွဲဆင်မှုကိုသာ ဦးတည်တယ်။ "တို့မြေ တို့ပြည် အကျိုးအတွက် တည်ဆောက်နေချိန် ထုံးနည်းမှီဖို့" စသည်ဖြင့် ကဗျာဆရာ ဖွဲ့ဆိုထားပါတယ်။ ကဗျာရှင်ရဲ့ ထူးခြားတဲ့ အတွေးကိုလည်း ချီးကျူးမိပါတယ်။ လူအများ မတွေးမိတဲ့ ခြင်းလုံးအားကစားရဲ့ အားသာချက်တွေကို ထောက်ပြနိုင်ပါတယ်။ ခေတ်ကာလ အခြေအနေအရ နောက်ပြန်ဆုတ်သွားနေမှုတွေဖြစ်တဲ့ စာဖတ်အား နည်းလာမှု၊ အားကစားလိုက်စားမှု နည်းပါးလာမှု စသည်တို့ထဲမှာ ခြင်းလုံးကစားနည်းလည်း ပါဝင်နေပြီလားလို့ သတိပြုမိပါတယ်။

တန်ဖိုးကြီးလှတဲ့ ရိုးရာအားကစားနည်းဖြစ်တဲ့ ဝိုင်းခြင်းခတ်ကစားနည်းကို ကစားကြပါ၊ ရွေးချယ်ကြပါ၊ ထိန်းသိမ်းကြပါ။ မျိုးဆက်သစ်လေးများဆီ လက်ဆင့်ကမ်းပေးကြ၊ ထိန်းသိမ်းသွားကြပါစို့လား ခင်ဗျာ။ ။

◆ ခြင်းလုံးခတ်ကစားနည်းဟာ မြန်မာ့ရိုးရာအားကစားနည်းစစ်စစ် မြန်မာ့မြေမှာ မွေးဖွားသန့်စင်တဲ့ အားကစားနည်း ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း ခြင်းခတ်တာနဲ့ အလားတူ ရိုးရာအားကစားနည်းများ ရှိပါတယ်။ ဗီယက်နမ်မှာ da cau၊ လာအိုမှာ kator၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းနဲ့ အင်ဒိုနီးရှားတို့မှာ sepak raga၊ ဖိလစ်ပိုင်မှာ sipa နဲ့ ထိုင်းနိုင်ငံမှာ takraw စတဲ့ အားကစားနည်းတွေလည်း ရှိပါတယ်။ မြန်မာ့ခြင်းလုံးကတော့ ၁၉၁၁ ခုနှစ်ကစပြီး ဥရောပနဲ့ အာရှဒေသများဆီ ခြေဆန့်ခဲ့ပြီး လူအများ စိတ်ဝင်စားမှုရခဲ့ကြောင်း သိရပါတယ်

# ကချင်တိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေးအတွက် သုတေသနလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား မေ ၃၀

အမျိုးသားယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေးအတွက် ကချင်တိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများနှင့်ပတ်သက်၍ သုတေသနလေ့လာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) သုတေသနအဖွဲ့နှင့် ကချင်တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များအကြား ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၈ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ပြုလုပ်သည်။ (အောက်ပုံ)



ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့တိုင်းရင်းသား မျိုးနွယ်စုများအနေဖြင့် ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဂီတနှင့် ဓလေ့ထုံးစံများကို စနစ်တကျ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေးအတွက် သုတေသနအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ထူးခြားထင်ရှားသည့် စရိုက်လက္ခဏာများကို ပြည့်စုံစွာ မှတ်တမ်းတင်နိုင်ရေး၊ ရေရှည်တည်တံ့သည့် ရိုးရာယဉ်ကျေးမှုအဖြစ် ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လိုအပ်ချက်များအပေါ် ဖြည့်ဆည်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် သုတေသနလေ့လာရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာလဲ့လဲ့အောင်(ကထိက၊ သမိုင်း)က အမျိုးသားယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းနိုင်ရေးအတွက် ကချင်တိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများ သုတေသနလေ့လာခြင်း လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်နယ် ကောင်စီအဖွဲ့ဝင်များ၊ ကချင်တိုင်းရင်းသား မျိုးနွယ်စုဝင်များဖြစ်ကြသည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါး၊ လီဆူ၊ လဝမ် တိုင်းရင်းသားမျိုးနွယ်စုတာဝန်ရှိသူများက သုတေသနလေ့လာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များကို ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သုတေသနအဖွဲ့နှင့် တိုင်းရင်းသားမျိုးနွယ်စုတာဝန်ရှိသူများအကြား လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိတ်ဆုံညစာကို အတူတကွ သုံးဆောင်ကြပြီး ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ သုတေသန လေ့လာခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါ ကချင်တိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်ကြသည့် ဂျိမ်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါး၊ လီဆူ၊ လဝမ်တို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ စာပေ၊ ဂီတအနုပညာ၊ တူရိယာများနှင့် ထူးခြားသည့် စရိုက်လက္ခဏာများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဦးကျော်သူရ ဌာနမှူး (စီမံ/ဘဏ္ဍာ) ဦးစီး၍ ကထိက၊ နည်းပြများက မျိုးနွယ်စုတစ်ခုချင်းစီအလိုက် သုတေသနပြု မှတ်တမ်းတင်ခြင်းလုပ်ငန်းကို ဇွန် ၄ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ၊ စာရေးကိရိယာများထောက်ပံ့

**ကျိုင်းတုံ မေ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက်က အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အလက(၃)တွင် ပြုလုပ်သည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်က ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေး၊ ဘာသာရေး၊ လူမျိုးရေး၊ ကျား မ၊ ဆင်းရဲ၊ ချမ်းသာ၊ မသန်စွမ်းနှင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ ခွဲခြားမှုမပြုလုပ်ဘဲ အခွင့်အရေးတူညီစွာ ပညာသင်ယူခွင့်ရရှိရေး အလေးထားဆောင်ရွက်ကြရေး ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် ကျိုင်းတုံခရိုင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမင်းသိန်းတို့က အခြေခံပညာ ကျောင်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပစ္စည်းများ၊ ပြည်နယ်ပညာရေးမှူး (ရုံးခွဲ)မှ ဒုတိယ ညွှန်ကြားရေးမှူးက ရှမ်းပြည်နယ်အရှေ့ပိုင်း အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်အတွက် ကျောင်းသုံးဗလာစာအုပ် ၁၁၀ ဒါဇင်တို့ကို အခမဲ့ ထောက်ပံ့ပေးအပ်သည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် အခြေခံပညာ အထက်တန်းကျောင်း ၅၂ ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ၇၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၈၁၆ ကျောင်း ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**







## စဉ့်ကိုင်မြို့နယ်တွင် ဒုဋ္ဌဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ခြောက်သိန်းစိုက်ထည့်

**စဉ့်ကိုင် မေ ၃၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာအုပ်စု ဆယ့်နှစ်ကိုင်းကျေးရွာရှိ ဒုဋ္ဌဝတီမြစ်အတွင်း ငါးသားပေါက်ကောင်ရေ ခြောက်သိန်းစိုက်ထည့်ခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ မေ ၂၉ ရက်က စိုက်ထည့်ပေးသည်။

အဆိုပါ ငါးမျိုးများ စိုက်ထည့်ရာတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ညီတိုး၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးပြည့်ဖြိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးသိန်းလွင်နှင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ပြီး ငါးသားပေါက်ကောင်ရေ ငါးမျိုးများကို စိုက်ထည့်ပေးသည်။ **(အပေါ်ပုံ)**

စဉ့်ကိုင်မြို့နယ်အနေဖြင့် ဒုဋ္ဌဝတီမြစ်အတွင်း စိုက်ထည့်သည့် ငါးမျိုးများမှာ ငါးခုံးမကြီး တစ်သိန်း၊ ရွှေဝါငါးကြင်း ၄ ဒသမ ၃သိန်း၊ ငါးမြစ်ချင်းခုနစ်သောင်း စုစုပေါင်း ငါးကောင်ရေခြောက်သိန်းကို မျိုးစိုက်ထည့်ပေးရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ပြန့်ပွားစေရန်၊ ဒေသတွင်း ငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေချိုငါးမျိုးများ မပြုန်းတီးစေရေးနှင့် ဒေသတွင်း ငါးစားသုံးမှု ဖူလုံစေရေးတို့အတွက် ငါးမျိုးများကို ဆည်၊ ရေလှောင်တမံ၊ သဘာဝရေလျှံကွင်းများနှင့် ကျေးရွာများရှိ စပါးခင်းများအတွင်း နှစ်စဉ်ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးခြင်းဖြစ်ကြောင်း ကျောက်ဆည်ခရိုင် တာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်းထံမှ သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

## ငါးသိုင်းချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ငါးသိုင်းချောင်း မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၉ ရက်က အဆိုပါကျောင်းရှိ ဆရာ ဆရာမများ၊ မြို့ပေါ်ရှိဌာနဆိုင်ရာများ၊ နယ်မြေရဲတပ်ဖွဲ့၊ နယ်မြေမီးသတ်တပ်ဖွဲ့၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ စုပေါင်း၍ ကျောင်းသားကျောင်းသူနှင့် ဆရာ ဆရာမများ ကျောင်းဖွင့်ချိန်၌ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင်နှင့် စာသင်ခန်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်လက်ခံခြင်းနှင့် ကျောင်းဖွင့်လှစ်ခြင်းလုပ်ငန်းများတွင် ကျောင်းသန့်ရှင်းရေး၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးစည်းကမ်းချက်များ၊ ကြိုတင်ပြင်ဆင်မှုများနှင့် လုံခြုံရေးအစီအစဉ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဦးခိုက်ဖူးမြော် ရွှေမုဋ္ဌောစေတီတော်

မောင်တင်လှိုင် (ဟိုတယ်/ခရီး)

**စာရေးသူသည် အစစအရာရာ ဖွံ့ဖြိုးတိုးတက်နေသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ သွားရောက်လေ့လာခဲ့ပါသည်။ ပုသိမ်မြို့သည် လောကီအတွက်သာ အရေးပါသည်မဟုတ်။ သာသနာအတွက်လည်း အားတက်ဖွယ်ကောင်းသော ဒေသတစ်ခု ဖြစ်ပါသည်။ ယခုအခါ ဥဿျှစ်ကျောင်း၊ ကုန်းသာကျောင်း၊ သဒ္ဓမ္မ သီတဂူကျောင်း၊ ညောင်ပင်သာကျောင်း၊ ခါတော်မှီကျောင်း၊ ပဋ္ဌိမာရုံကျောင်း၊ ရတနာအုဋ္ဌ်ကျောင်း၊ စန္ဒာရုံကျောင်း၊ မြောင်းမြကျောင်း၊ တိုက်ကြီးကျောင်း၊ မဟာမြိုင်ကျောင်း၊ မဟာအောင်မြေကျောင်း၊ မဟာသိမ်တော်ကြီးစသည့် ကျောင်းတော်ကြီးများ၊ ပရိယတ္တိစာသင်တိုက်ကြီးများ၊ သာသနာ့ရိပ်သာများ၊ ပရဟိတကျောင်းများ စည်ပင်တိုးပွားလျက်ရှိနေပေသည်။**

### ဘုရားနှင့် ဆရာတော်များအား အလွန်ရိုသေကိုင်းရှိုင်း

ဗုဒ္ဓဘာသာ သာသနာတိုးတက်စည်ပင်မှုသည် သာသနာ ဦးသျှောင်ရဟန်း သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ အားပေးမှုအပေါ်မှာလည်း တည်နေပါသည်။ ပုသိမ်မြို့၌ ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားနေခြင်းသည် ရဟန်းတော်များ အပတ်တကုတ် ကြိုးစားအားထုတ်မှုနှင့် ဒါယကာ ဒါယိကာမများ အားပေးမှုကြောင့် ဖြစ်ကြောင်း ထင်ရှားလှပေသည်။ သာသနာတော်ထွန်းကားရန်အတွက် မှီတင်းနေထိုင်ကြသော ပုသိမ်မြို့သူမြို့သားများ၊ နယ်သူနယ်သားများတို့၏ ဘာသာ၊ သာသနာကိုင်းရှိုင်းမှုသည်ကား အံ့မခန်းဖြစ်မိပါသည်။ နေထိုင်ကြသူများသည် ဘုရားနှင့် ဆရာတော်များအား အလွန်ရိုသေကိုင်းရှိုင်းကြသည်ဖြစ်ရာ အတုယူစံပြုထိုက်ပေသည်။

ကျွန်တော်သည် ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ရာ ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့က သိရှိလိုသည်များကို စိတ်ရှည်လက်ရှည် ပြောပြကြသည်။

ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီသည် ငဝန်မြစ်ကမ်းနားတွင် တည်ရှိလေသည်။ မြစ်ရေပြင်၏ အလှသဘာဝနှင့် ဘုရားအား ပန်းရတင့်တယ် သပ္ပာယ်စွာဖူးမြော်ရသည်။ ဘုရားပရိဝုဏ်မှာ လွန်စွာသန့်ရှင်းပြီး ညဥ့်အချိန်အခါသမယတွင် လျှပ်စစ်ဆလိုက်မီးများဖြင့် ပူဇော်ထားသည်မှာ လွန်စွာသပ္ပာယ်လှသည်။ ရွှေမုဋ္ဌောစေတီတော်မြတ်တွင် အရံစေတီပေါင်း ၁၆ ဆူရှိပြီး ပြာသာဒ်ဆောင်စေတီ ၁၆ ဆူ၊ တဝဂ္ဂုဘုရား ၉ ဆူရှိပါသည်။

မြန်မာနိုင်ငံတွင် မျှော်လေးမျှော် ဘုရားများရှိရာ ထားဝယ်မြို့တွင် ရွှေမုဋ္ဌ၊ ကျိုက္ကမီရေလယ်ဘုရား၊ ကျိုက်ထို မွဲ့တော်ရှင်၊ ကျိုက်ပေါလော ဘုရားများနှင့် ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရားတွင် သီဟိုဠ်ရှင်ဘုရားကို သပ္ပာယ်စွာ ဖူးမြော်ရမည်ဖြစ်ပါသည်။ ယခုအခါ အရံစေတီများကို ရွှေသင်္ကန်းများ ကပ်လှူပူဇော်နေသည့်အတွက် ကြုံတောင့်ကြုံခဲ လာရောက်၍ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ပါသည်။ ဘုရားပုရိဝုဏ်နှင့် သာသနိကအဆောက်အအုံများမှာလည်း တိုးတက်ကောင်းမွန်လျက်ရှိကြောင်း တွေ့မြင်ခဲ့ရပါသည်။ စောင်းတန်းများမှာလည်း သန့်ရှင်းမှုရှိပြီး ဆိုင်ခန်းများမှာ စနစ်တကျရောင်းဝယ်နေသည်ကို တွေ့မြင်ရသည်။ ဂေါပကလူကြီးများသည် စနစ်တကျ ဆောင်ရွက်လုပ်ကိုင်နေသူများဖြစ်ကြောင်း သိရှိရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်တွင် အချိန်ကိုလေးစားသိရှိနိုင်ရန် ဘုရားကြီးတွင် သာယာနာပျော်ဖွယ်ကောင်းသော နာရီထိုးသံများကို စနစ်တကျထားရှိလေရာ နာရီတီးခတ်သံများကို အဝေးကပင် ကြားသိရသည့်အတွက် အချိန်ကို အတိအကျမှန်ကန်စွာ သိရှိနိုင်ပေသည်။ ပုသိမ်မြို့တွင် အမှတ်တရပစ္စည်းများကိုလည်း ဝယ်ယူနိုင်သည်။

အလွန်ကောင်းမွန်လှပသည့် ပုသိမ်ထီးများ၊ အရောင်အဆင်း အနံ့ အရသာပြည့်စုံကောင်းမွန်လှသည့် ရွှေမြင်းပျံဟာလဝါများ၊ ဟာလဝါခြောက်များနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ပုစွန်ခြောက်၊ ငါးပိ၊ ငါးခြောက်၊ ဆန်၊ ကြာဆံ စသည့်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ အမျိုးမှန် ပစ္စည်းမှန်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ရိုးသားကြိုးစား ဧရာဝတီသားများပီပီ လွန်စွာရိုးသားကြ၍ ပျူငှာစွာ ဆက်ဆံတတ်ကြသူများကိုလည်း တွေ့ရလေသည်။

ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ဖူးမြော်ရင်း ဘုရားကြီး၏ သမိုင်းကြောင်းကို လေ့လာသိရှိခဲ့ရပါသည်။ ဘုရားကြီးတွင် ထင်ရှားခဲ့သော ဘွဲ့တော်များနှင့် ဉာဏ်တော်များ ရှိပေသည်။ ရွှေအာဏာ ခုနစ်ပေခွဲခန့်ရှိပါသည်။ ထူပါရုံ ၃၆ ပေ၊ ရွှေမုဋ္ဌော ၁၅၃ ပေ ရှိပေသည်။ စေတီတော်မြတ်ကြီးတွင် ထူးခြားအံ့ဖွယ်များလည်း ရှိပါသည်။



ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး။

### ဆုတောင်းပြည့် စေတီတော်ကြီးဖြစ်

ရံဖန်ရံခါ ရောင်ခြည်တော်များ ထူးခြားစွာကွန့်မြူးခြင်း၊ ထူးခြားဖြစ်ရပ်များအတွက် အတိတ်နိမိတ်ထူးပြခြင်း၊ နှစ်စဉ်တပေါင်းလအခါ၌ ပင်လယ်ငါးကြီးများ ရောက်ရှိဦးခိုက်လေ့ရှိခြင်း၊ သစ္စာပြုဆုတောင်းပါက မကြာမီ ပြည့်စုံအောင်မြင်မှုများ ရရှိခံစားရသော ဆုတောင်းပြည့် စေတီတော်ကြီးဖြစ်ပေသည်။

ရွှေမုဋ္ဌောစေတီတော်ကြီးတွင် ဆုတောင်းပြည့် သီဟိုဠ်ရှင် ဘုန်းတော်ပြည့် ရုပ်ပွားတော်၊ စကြာမုနိဆုတောင်းပြည့်ရုပ်တော်မူ သစ်ကနက်ဘုရား၊ ဦးမောင်ကြီး အာရုံခံတန်ဆောင်းအတွင်းရှိ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ် သုံးဆူ၊ ဆုတောင်းပြည့်သိုက်ဘုရားနှင့် သက်တမ်းအရှည်ဆုံး တန်ဆောင်းကြီးရှိလေသည်။

စေတီတော်ပေါင်း ၈၄၀၀၀ ၏ ဒါယကာတော် သီရိဓမ္မာသောက အမည်ခံ အိန္ဒိယနိုင်ငံ မောရိယမင်းဆက်၏ တတိယမြောက် မင်းဧကရာဇ် အသောကမင်းတရားကြီးသည် ဤစေတီတော်ကို ပထမဆုံး တည်ထားခဲ့သူဖြစ်သည်။ ဤနေရာ ဤဒေသသည် ထိုစဉ်က ရွာသိမ်စုကလေးများသာ ဖြစ်ဟန်ရှိသည်။ မြစ်ကမ်းနဖူး တလင်းပြင်မြေမြင့်နေရာ၌ ခရစ်မပေါ်မီ (၃၀၅ ဘီစီ) က မင်းကြီးသည် ဉာဏ်တော်ခုနစ်ပေခွဲခန့်၊ လုံးပတ်တော် လေးပေခွဲခန့်ရှိသော (ထိုခေတ်ပုံစံ) စေတီတော် တစ်ဆူတည်ထားခဲ့သည်။

မင်းအာဏာအရ တည်သည်ဟူ၍ စေတီတော်ကို (အာဏာ) နောင်သော် အထွတ်အမြတ်ပြုလေ့ရှိသည့် (ရွှေ) ပေါင်းကား (ရွှေအာဏာ) ဟု အမည်တွင်သည်။ စေတီတော်တွင် မွေတော်ဓာတ်တော်များနှင့်အတူ (ရွှေစင် မိုက်ပြည့်) ထည့်သွင်းဌာပနာခဲ့သည်။

ခရစ်နှစ် ၁၁၁၅ ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် မဇ္ဈိမဒေသ၊ အိန္ဒိယနှင့် သီဟိုဠ်တို့မှအပြန် ပုသိမ်တွင် တစ်ထောက်နားခိုက် မူလစေတီပေါ်တွင် ၃၆ ပေ ဉာဏ်တော်ရှိသည့် စေတီတော် တည်ထားခဲ့သည်။ စေတီတော်၏ဘွဲ့ကိုလည်း ထူပါရုံ ဟူ၍ ပြောင်းလဲခဲ့သည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ထူပါရုံမှည့်ခေါ်ခဲ့ခြင်းကို မခန့်မှန်းနိုင်စေကာမူ ထိုခေတ်က ပုဂံတစ်ဝိုက်တွင် ထူပါရုံ အမည်ဆောင်သော စေတီတော်အများအပြားရှိနေခဲ့ပြီး ဖြစ်ကြောင်း တွေ့ရသည်။

ခရစ်နှစ် ၁၂၆၃ ခုနှစ်တွင် ပုသိမ်မြို့နှင့် အရံမြို့ ၃၁ မြို့ကို အုပ်စိုးသော ဘုရင်သမုဒ္ဒဃောသနှင့် မိဖုရားဥမ္မာဒန္တီတို့သည် ထူပါရုံပေါ်တွင် ပေ ၁၃၀ အထိမြင့်သော စေတီတော်ကို ထပ်မံထည်ထား ခဲ့သည်။ ရွှေစင်မိုက်ပြည့် မူလက ဌာပနာခဲ့ခြင်းကို အကြောင်းပြု၍ စေတီတော်၏ ဘွဲ့အမည်ကို ရွှေမုဋ္ဌောဟု ခေါ်တွင်စေခဲ့သည်။ (နောင်သော် စေတီတော်ကြီး၏အရံအဖြစ် မိဖုရားဥမ္မာဒန္တီက မုဋ္ဌောကိုးဆူဟု အမည်ကျော်သည့် ဘုရားကိုးဆူ တည်ထားကိုးကွယ်စေခဲ့သေးသည်။ နှောင်းကာလများတွင် အထူးထူးသော ဒါနပါရမီရှင်တို့က ပြုပြင်မှု၊ မွမ်းမံမှု၊ တည်ဆောက်မှုများ အလီလီပြုခဲ့ကြရာ မျက်မှောက်ကာလတွင် စေတီတော်ကြီးသည် ဉာဏ်တော် ၁၅၃ ပေသို့ ရောက်ရှိနေပြီဖြစ်သည်။

ဆိုခဲ့ပြီးသော ဘုရင်သုံးပါးကို အမှတ်ရစိမ့်သောငှာ ထီးတော်ကြီးကို သုံးဆင့်ပြုလုပ်ထားသည်။ အထက်ဆုံးမှ ထီးတော်မှာ ရွှေသားအစစ်ထီးတော်ဖြစ်ပြီး အချိန်အားဖြင့် ၁၄ ပေါင်နီးပါးရှိသည်။ ဒုတိယထီးသည် ငွေသားထီးများဖြစ်ပြီး အောက်ဆုံးထီးတော်ကြီးမှာ ကြေးထီးတော်ကြီးဖြစ်သည်။ ထီးတော်ကြီးနှင့် ငှက်မြတ်နားတော် အစုံလုံးကို ရွှေသားသင်္ကန်း ကပ်လှူထားရာ၌ စုစုပေါင်းရွှေချိန် ၄၄ ပေါင်နီးပါး ရှိသည်။ စိန်ဖူးတော်အပါအဝင် စိန်ပေါင်း ၈၂၉ လုံး၊ ပတ္တမြား ၈၄၃ လုံးနှင့် အခြားကျောက်မျက်ရတနာ ၁၅၈၈ လုံးတို့ကိုလည်း ထီးတော်နှင့် ငှက်မြတ်နားတော်တို့တွင် စီခြယ်ထားသည်။ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးတွင် ဩဝါဒါစရိယဆရာတော်ကြီးများ ရှိလေသည်။ ဘဒ္ဒန္တ စာရိန္ဒ-ဥဿျှစ်ကျောင်း၊ ဘဒ္ဒန္တဝိလာသ-ကုန်းသာကျောင်း၊ ဘန္ဒန္တတေဇိန္ဒာသဘ-သဒ္ဓမ္မ သီတဂူကျောင်း၊ ဘဒ္ဒန္တဝိသုတ-ညောင်ပင်သာကျောင်း၊ ဘဒ္ဒန္တကုမာရ-ခါတော်မှီကျောင်း၊ ဘဒ္ဒန္တခေမိန္ဒ-ပဋ္ဌိမာရုံကျောင်း၊ ဘဒ္ဒန္တနန္ဒမာလာ-ရတနာအုဋ္ဌ်ကျောင်း၊ ဘဒ္ဒန္တဣန္ဒောဘာသ-စန္ဒာရုံကျောင်း၊ ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ-မြောင်းမြကျောင်းတို့ ဖြစ်လေသည်။

### တစ်နှစ်ထက်တစ်နှစ် တိုးတက်စည်ကား များပြားလာ

ရွှေမုဋ္ဌောဘုရားကြီးတွင် ပွဲတော်များ ကျင်းပလျက်ရှိသည်။ ပြာသိုလ ၅၀၁ ဆူ စတုမဓု ဆွမ်းကပ်ပွဲ၊ တပို့တွဲလပြည့် နှမ်းထမနဲဆွမ်းကပ်ပွဲ၊ တပေါင်းလပြည့် စာရေးတံမဲချ၍ သံဃာတော်များပူဇော်ပွဲ၊ တပေါင်းလ ရွှေသင်္ကန်းကပ်ပွဲနှင့် အဘိဓမ္မာပွဲ၊ ကဆုန်လပြည့် ဗုဒ္ဓနေ့ညောင်ရေသွန်းပွဲ၊ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဂေါပကအဖွဲ့နှင့် သီလရက္ခိတအဖွဲ့မှ ကြီးမှူးကျင်းပကြရာ မြို့လုံးကျွတ် တစ်နှစ်ထက်တစ်နှစ် တိုးတက်စည်ကား များပြားလာသည်ကို တွေ့ရပေသည်။

ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား တွေ့မြင်ဖူးမြော်ခဲ့ရသည့်အတွက် ဆောက်လုပ်လှူဒါန်းခဲ့သော ဘုရားဒါယကာများ၊ ဆရာတော်ကြီးများအား ဦးခိုက်ပူဇော်ခဲ့ရပါသည်။ ဆက်လက်ဆောင်ရွက်တော်မူနေသော ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပုသိမ်မြို့သူမြို့သားများ၊ နယ်သူနယ်သားများနှင့် အဝေးရောက် အလှူရှင်များ၊ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာနုဂ္ဂဟအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား များစွာကျေးဇူးတင် ဂုဏ်ယူလျက်ရှိပါကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးသည် သာသနာ့အရောင် ထွန်းလင်းပြောင်၍ အစစအရာရာဖွံ့ဖြိုးတိုးတက်နေသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ခဲ့ရပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**❖ ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီသည် ငဝန်မြစ်ကမ်းနားတွင် တည်ရှိလေသည်။ မြစ်ရေပြင်၏ အလှသဘာဝနှင့် ဘုရားအား ပန်းရတင့်တယ်သပ္ပာယ်စွာဖူးမြော်ရသည်။ ဘုရားပရိဝုဏ်မှာ လွန်စွာသန့်ရှင်းပြီး ညဥ့်အချိန်အခါသမယတွင် လျှပ်စစ်ဆလိုက်မီးများဖြင့် ပူဇော်ထားသည်မှာ လွန်စွာသပ္ပာယ်လှသည်။ ရွှေမုဋ္ဌောစေတီတော်မြတ်တွင် အရံစေတီပေါင်း ၁၆ ဆူရှိပြီး ပြာသာဒ်ဆောင်စေတီ ၁၆ ဆူ၊ တဝဂ္ဂုဘုရား ၉ ဆူရှိ**

# ဖြူးချောင်းဆည်ရေကြောင့် ဝင်ငွေတိုးလာသည့် ဖြူးမြို့နယ်အရှေ့ခြမ်းမှ နွေစပါးစိုက်တောင်သူများ

*ကျော်ဆွေဝင်း(ရွှေအင်း)*

**ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတိုင်း မိုင်တိုင်အမှတ်(၁၁၅)မှ လမ်းမကြီးအနောက်ဘက် ပဲခူးရိုးမတောင်ပေါ်သို့ ငါးမိုင်ခန့် ဆက်၍ သွားလျှင် စိမ်းမြစိုလွင်သော တောင်ကုန်းများကြား ခံ့ညားထည်ဝါစွာ တည်ရှိနေသည့် ဖြူးချောင်းရေလှောင်တမံကြီးနှင့် စီမံကိန်းဆိုင်ရာ အဆောက်အအုံများကို တွေ့ရမည်ဖြစ်သည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၉၀၀၀၀ သို့ စိုက်ပျိုးရေ ပေးဝေနိုင်ရန်နှင့် ၂၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက် နှစ်လုံးဖြင့် နှစ်စဉ် ပျမ်းမျှ ကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်သွားနိုင်ရန်အပြင် စစ်တောင်းမြစ်ရေကြီးရေလျှံမှုသက်သာစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၂ ခုနှစ် အောက်တိုဘာလမှစ၍ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများနှင့် ရေလွှဲဆည်တို့ကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ပြီးနောက် ဖွင့်ပွဲကို ၈-၁-၂၀၁၅ က ကျင်းပခဲ့သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၁)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအနေဖြင့် ဆည်ရေသောက်စနစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တောင်သူ၊ ပညာရှင်၊ လုပ်ငန်းရှင်၊ စိုက်ပျိုးရေးဌာန၊ စက်မှုလယ်ယာဌာန စသည်တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိသည်။ ခွဲဝေရရှိသော ရန်ပုံငွေ အခြေအနေအရ ၂၀၁၉-၂၀၂၀ အထိ ၃၂ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး စီမံကိန်း လျာထားဧရိယာ ဧက ၉၀၀၀၀ အနက် ၁၆၈၀၀ ဧကကိုသာ ရေပေးဝေနိုင်ခဲ့သည်။ ယခု ၂၀၂၀-၂၀၂၁ တွင် ရရှိသော ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအားလုံး ပြီးစီးပါက ၄၀၆၅ ဧက ပိုမိုလာပြီး ၂၀၈၆၅ ဧကကို ဆည်ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်ရာတွင် ဆည်ရေသောက် ရေပေးတူးမြောင်း မရောက်ရှိသေးသည့် ဖြူးမြို့နယ် အရှေ့ဘက်ခြမ်းမှ တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် သစ်ပတ်ချောင်းနှင့် ငနုသန်းချောင်း စသော ချောင်းရိုးမြောင်းရိုးများမှတစ်ဆင့် ဆည်ရေချပေးခဲ့ပြီး ချောင်းပိတ်စနစ်ဖြင့် ရေပေးဝေရန် စီစဉ်လျက်ရှိရာ ၂၀၂၀-၂၀၂၁ တွင် တူးမြောင်းစနစ်ဖြင့် ၁၂၉၁၆ ဧက၊ ချောင်းပိတ်စနစ်ဖြင့် ဧက ၄၀၀၀ စုစုပေါင်း ၁၆၉၁၆ ဧကကို ဆည်ရေပေးဝေနိုင်တော့မည်ဖြစ်သည်။

ဖြူးမြို့နယ် အရှေ့ခြမ်းရှိ မြို့နှင့်အလှမ်းဝေးသော ကျေးရွာများမှ နွေစပါးစိုက်တောင်သူများ၏ ဆည်ရေဖြင့်စိုက်ပျိုးနေသည့် အခြေအနေကို လေ့လာရန် ဆည်မြောင်းဌာနမှ AE ဦးဘိုဘိုဇော်၏ ဖိတ်ခေါ်မှုဖြင့် စိုက်ပျိုးရေးဌာနမှ ဦးခင်မောင်ဆွေ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နွယ်နွယ်အေးတို့နှင့်အတူ ဆည်မြောင်းဌာနမှကားဖြင့် လိုက်ပါခဲ့သည်။

ကျွန်တော်တို့ကားလေးမှာ ဖြူး-ဘန်းလောင် လမ်းမကြီးအတိုင်း မောင်းနှင်၍ အကြပ်အင်း၊ ရင်းတိုက်စိန် စသည့် ကျေးရွာများကို ကျော်ဖြတ်ခဲ့ပြီး ကျော်လှကြီးကျေးရွာနားရောက်သည့် အချိန်မှစ၍ လမ်းဘေးဝဲယာတွင် ရိတ်သိမ်းပြီးစ နွေစပါးခင်းအချို့နှင့် ရွှေရောင် နွေစပါးခင်းကြီးများကို စတင်တွေ့ရှိလာရသည်။

ကျော်လှကြီးရွာကို ကျော်လာပြီး ကွန်ကရစ်လမ်းမမှ မြေသားဆက်သွယ်ရေးလမ်းမအတိုင်း လှသင်းမောင်ကျေးရွာဘက်သို့ ဦးတည်မောင်းနှင်လာချိန်တွင် လမ်းဘေး မလှမ်းမကမ်းရှိ နွေစပါးခင်းအတွင်း ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးများရိတ်သိမ်းနေပြီး လယ်သမားများက စပါးအိတ်များကို ကားတင်ရန် စည်းပုံနေကြသည်ကို တွေ့ရသည်။ လှသင်းမောင်ကျေးရွာကို ကျော်လွန်လာချိန်တွင် ရေသွယ်မြောင်းပေါင်ပေါ်၌ နွေစပါးအိတ်များ တင်ဆောင်မောင်းနှင်လာသည့် ထော်လာဂျီများ၊ ဖောကားများကို တွေ့ရသည်။ တစ်ချိန်တစ်ခါက တစ်နှစ်လုံး မိုးစပါးတစ်သီးသာ စိုက်ပျိုးရပြီး ယခုလို နွေရာသီတွင် ရိုးပြတ်ငုတ်တိုများအကြား ပပ်ကြားအက် တစ်တောင်လောက်နက်သည့် ဤဒေသမှ



ဖြူးချောင်းတမံမှ စိုက်ပျိုးရေပေးဝေသော လက်တံမြောင်းတစ်ခု။

လယ်ယာမြေများပေါ်တွင် ယခုကဲ့သို့ ရွှေရောင် နွေစပါးခင်းများဖြင့် အစားထိုးကာ အလှဆင်ပေးရင်း တောင်သူလယ်သမားတို့အတွက် မြေမတိုးသော်လည်း ဝင်ငွေတိုးအောင် မြှင့်တင်ပေးနေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ကျေးဇူးတင်မိသည်။

ကျွန်တော်တို့ အင်ပင်ကောက်ရွာသို့ ရောက်လာရာ ရွာအပြင်ဘက် နွေစပါးခင်းများရှိရာ ရေသွယ်မြောင်းဘေးရှိ ဇရပ်ကလေးတွင် လှသင်းမောင်ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမိုးမြင့်နှင့် နွေစပါးစိုက်တောင်သူများက ကြိုနေကြသည်။ တစ်မျှော်တစ်ခေါ်လှပနေသောစပါးခင်းကြီးများကို နောက်ခံထား၍ အမှတ်တရ ဓာတ်ပုံများ ရိုက်ကြပြီးနောက် ရိုးသားပွင့်လင်းစွာနှင့် ဟန်ဆောင်မှုကင်းစွာ ပြောဆိုလာသော နွေစပါးစိုက်တောင်သူကြီးများ၏ ရင်တွင်းစကားသံများကို ယခုလို ကြားခဲ့ရသည်။

**တောင်သူများ၏ ရင်တွင်းစကားသံများ**

“ကျွန်တော်က ကင်မွန်းခြံရွာက ဦးသန်းဆောင်ပါ။ အသက် ၇၆ နှစ်ပါ။ ကျွန်တော် ၁၄ နှစ်သားကတည်းက လယ်လုပ်လာတာ ဒီလိုစိတ်ချမ်းသာမှုမျိုး တစ်ခါမှ မရခဲ့ပါဘူး ။ ဒီမြေတွေက အနိမ့်ပိုင်းကျတော့ အရင်ကဆိုရင် မိုးစပါး တစ်သီးပဲရတယ်။ ပဲလည်း ရာသီမမီတော့ မဖြစ်ဘူးလေ။ ဒီနှစ်မှာ နွေစပါးစစိုက်တော့ တစ်ဧက တင်း ၁၀၀ နှုန်းထွက်တယ်။ မိုးစပါးက တစ်ဧကမှ တင်း ၅၀ ပဲထွက်တယ်။ ထွက်နှုန်းက နှစ်မိုးနဲ့တစ်နွေ ညီနေတာပေ့ါ။ အကျိုးခံစားခွင့်ကတော့ နွေစပါး တင်း ၁၀၀ ကို ခြောက်သိန်းနှုန်းလောက်၊ အချို့လည်း စပါးမျိုး အနေအထားအရ ငါးသိန်းခွဲနှုန်းလောက်နဲ့ ရောင်းကြရပါတယ်။ တစ်ဧကကို အရင်းနုတ်ပြီး သုံးသိန်းလောက်မြတ်လို့ လှသင်းမောင်ကျေးရွာအုပ်စုမှာရှိတဲ့ လယ်ဧက ၂၀၀၀ လောက် အကုန်စိုက်နိုင်ရင် ကျေးရွာမှာ ဝင်ငွေတိုးပြီး အများကြီးဖွံ့ဖြိုးလာမှာပါ။ ဒါကြောင့် နွေစပါးမစိုက်သေးတဲ့သူတွေလည်း စိုက်ကြပါလို့ တိုက်တွန်းရင်း ဆည်မြောင်းဌာနကို အထူးကျေးဇူးတင်ကြောင်း ပြောလိုပါတယ်”ဟု ပြောသည်။

အင်ပင်ကောက်ကျေးရွာမှ နွေစပါးစိုက်တောင်သူ ကိုမင်းမင်းစိုးကလည်း “ဆည်ရေ စပေးတဲ့ဒီနှစ်မှာ နွေစပါးခြောက်ဧက စိုက်ခဲ့တယ်။ တစ်ဦးနဲ့တစ်ဦး စပါးမျိုးမတူ၊ ထွက်နှုန်းမတူတာကြောင့် ရတဲ့အကျိုးခံစားခွင့်ကတော့ မတူဘူးပေ့ါ။ ကျွန်တော်က တစ်ဧကကို နှစ်သိန်းနှုန်းလောက် မြတ်ပါတယ်။ နွေစပါးစိုက်တာဟာ မိုးစပါးစိုက်တာထက် အကျိုးအမြတ် ပိုပါတယ်။ မိုးစပါးစိုက်တာလို မိုးမရွာမှာ ရေမရမှာလည်း မကြောက်ရဘူး။ ရေကို ကိုယ်လိုချင်တဲ့အချိန် သွင်းပေးရုံပဲ။ ဒီလိုဖြစ်အောင်စီစဉ်ပေးတဲ့ ဆည်မြောင်းဌာန ကို အထူးကျေးဇူးတင်ပါတယ်။ အရင်က မိုးတစ်သီးပဲရတဲ့လယ်တွေ အခုနှစ်သီးစားရတော့ ဝင်ငွေတိုးတာပေ့ါ”ဟု ဆိုသည်။

ထို့နောက် AE ဦးဘိုဘိုဇော်က တောင်သူများအား နွေစပါးစိုက်ပျိုးရာတွင် ဆည်ရေသောက်စနစ် မှန်ကန်ရန်၊ စပါးမျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ရန်နှင့် အချိန်နှင့်တစ်ပြေးညီစိုက်ပျိုးရန်၊ နွေစပါးစိုက်ပျိုးခြင်းမရှိသေးသည့် တောင်သူများလည်း ရှေ့နှစ်မှစ၍ စိုက်ပျိုးကြရန် ပညာပေး စည်းရုံးဟောပြောခဲ့ပြီး စိုက်ပျိုးရေးဌာနမှ ဦးခင်မောင်ဆွေက နှစ်သီးစားမှ သုံးသီးစားအထိ တိုးမြှင့်စိုက်ပျိုးနိုင်ရန် အချိန်နှင့်ကိုက်ညီသော သက်တမ်းအလိုက် စပါးမျိုးရွေးချယ်ပုံနှင့် စနစ်တကျ မြေသြဇာသုံးစွဲနည်းတို့ကို ပညာပေးဟောပြောခဲ့သည်။

ထို့နောက် လက်တံမြောင်းပေါင်အတိုင်း ကားမောင်း၍ သပြေခင်ကျေးရွာအနီးရှိ နွေစပါးခင်းများဆီ ရောက်ခဲ့ကြသည်။ ဆီးကြိုနေကြသော လယ်သမားများထဲမှ တစ်ဦးက “ကျွန်တော်က ကျီးရိုးကျေးရွာအုပ်စု သပြေခင်ရွာက ဦးကျော်သောင်းပါ။ ဆည်မြောင်းဌာနက ဒီရေမြောင်းကြီးဖောက်တော့ ကျွန်တော့်ရဲ့လယ်ဧက ၂၀ ရှိတဲ့အထဲက တစ်ဧကခွဲနီးပါး ပါသွားပါတယ်။ ကျွန်တော်ကိုယ်တိုင်က ကျေနပ်စွာပေးပြီး ရေမြောင်းဖောက်ဖို့ကို အစည်းအဝေးမှာ တောင်းဆိုခဲ့တာပါ။ အစက မိုးစပါးတစ်သီးနဲ့ ဆောင်းသီးနှံ မတ်ပဲတစ်သီး၊ နှစ်သီးစားပဲရတယ်။ ဒီနှစ်တော့ ပဲစိုက်ပြီးချိန်မှာ ဆည်ရေနဲ့ နွေစပါးစိုက်လိုက်တော့

*စာမျက်နှာ ၂၆ သို့*

○ **ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ရေသောက်ဧရိယာ ဧက ၉၀၀၀၀ သို့ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ၂၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက်နှစ်လုံးဖြင့် နှစ်စဉ် ပျမ်းမျှကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်သွားနိုင်ရန်အပြင် စစ်တောင်းမြစ်ရေကြီးရေလျှံမှုသက်သာစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၂ ခုနှစ်အောက်တိုဘာလမှစ၍ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများနှင့် ရေလွှဲဆည်တို့ကို ရာနှုန်းပြည့် တည်ဆောက်ပြီးစီးခဲ့ပြီးနောက် ဖွင့်ပွဲကို ၈-၁-၂၀၁၅ က ကျင်းပခဲ့**

# သတိထားဖွယ် မိုးကြိုးပစ်ခြင်း သဘာဝဘေးအန္တရာယ်

**ကျွန်းသားငမန်း**



မိုးလေဝသပညာရှင်များက ဧပြီလ ၁၅ ရက်နေ့နောက်ပိုင်းကို မိုးကြိုကာလဟု သတ်မှတ်ကြသည်။ မိုးကြိုကာလဖြစ်သော ဧပြီလ၊ မေလများတွင် ရာသီဥတုမှာ အပူအအေးမညီမျှမှုကြောင့် မိုးတိမ်တောင်များ ဖြစ်ပေါ်လာတတ်သည်။ အောက်ခြေတွင် အေးပြီး ရေငွေ့ပါသောလေများ တိုက်ခတ်တတ်သည့် မတ်လနောက်ဆုံးပတ်မှ စတင်၍ မိုးတိမ်တောင်များ ဖြစ်ပေါ်လေ့ရှိကြောင်းလည်း သိရသည်။ မိုးတိမ်တောင်များနှင့်အတူ ပါလာတတ်သည့် လေစီးကြောင်းများသည် အောက်သို့ စိုက်ဆင်းကာ လေပွေလှိုင်းများကို ဖြစ်ပေါ်စေတတ်ပြီး ယင်းလေပွေလှိုင်းများမှတစ်ဆင့် လေပြင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းများ တိုက်ခတ်တတ်ခြင်းတို့ကို ဖြစ်ပေါ်စေတတ်သည်။ ယနေ့ ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီးက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာမြေ၏ ပျမ်းမျှအပူချိန်မှာ ၁၉၈၁–၂၀၁၀ ကာလအတွင်း ပုံမှန်ဖေဖော်ဝါရီလအပူချိန်ထက် ၀ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ပိုနေခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ် မတ်လ ၅ ရက်နေ့မှာ ထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနှင့်အတူ မြန်မာနိုင်ငံတွင်လည်း ရာသီဥတု ပြောင်းလဲဖြစ်ပေါ်မှုများ ရှိလာခဲ့သည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုဖြစ်စဉ်များမှာ နေရာဒေသအလိုက် ကွဲပြားမှုများ ရှိနိုင်သော်လည်း အပူလွန်ကဲလာခြင်း၊ မိုးသည်းထန်လာခြင်းများ ရှိလာနိုင်ပြီး မိုတိမ်တောင်များ ဖြစ်ပေါ်လာကာ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း စသည်များလည်း ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မိုးလေဝသ ထူးခြားဖြစ်စဉ်များကိုအထူးသတိထားနေထိုင်ကြရန် လိုသည်။

### မိုး/ဇလ၏သတိပေးချက်

ရာသီဥတုဖြစ်စဉ်များနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း မိုးကြိုကာလနှင့် မုတ်သုံအဝင်ကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်ပေးထားသည်။ သတိပေးချက်တွင် "မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်းနှင့် အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်နေစဉ်ကာလအတွင်း လေထု မငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/လေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်းနှင့် အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်နေစဉ်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်" ဟု ဖော်ပြထားသည်။

> **မိုးကြိုကာလတွင် မုန်တိုင်းအန္တရာယ်ကိုသာမက မိုးကြိုကာလ ဖြစ်ပေါ်တတ်သော မိုးတိမ်တောင်များကြောင့် နေရာဒေသအချို့တွင် နေရာကွက်၍ မိုးကြီးခြင်း၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်း၊ ရေဆင်နှာမောင်း ဖြစ်ပေါ်စေခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်းနှင့် လေပြင်းတိုက်ခတ်မှုများကို ဖြစ်ပေါ်စေကြောင်းဖြင့် သိရသည်။ ယင်းတို့အနက် ပူးတွဲပါလာတတ်သည့် မိုးကြိုးအန္တရာယ်မှာ ဆေးမမီသော အန္တရာယ်တစ်ခုဖြစ်သည်။ အထူးသဖြင့် မိုးကြိုကာလ၊ မိုးဦးကျစကာလ၊ မိုးလယ်နှင့် မိုးနှောင်းကာလများတွင် အန္တရာယ်ပေးလေ့ရှိပြီး မည်သူမျှ ကယ်တင်နိုင်ခြင်း မရှိသေးသော အန္တရာယ်လည်းဖြစ်**

### မိုးကြိုကာလသဘာဝအန္တရာယ်များ

မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်များအရ မြန်မာနိုင်ငံသို့ မုန်တိုင်းများ ဝင်ရောက်သည့်ကာလမှာ မိုးကြိုကာလဖြစ်သော ဧပြီလ၊ မေလနှင့် မိုးနှောင်းကာလဖြစ်သည့် အောက်တိုဘာ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ဖြစ်တတ်သည်။ လေ့လာချက်များအရ ၁၈၇၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် မုန်တိုင်းများအနက် ဧပြီလနှင့် မေလတွင် ဝင်ရောက်တိုက်ခတ်သည့်မုန်တိုင်းမှာ ၄၉ ရာခိုင်နှုန်းခန့်ရှိခဲ့ပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ဝင်ရောက်ခဲ့သည့် မုန်တိုင်း မှာ ၄၅ ရာခိုင်နှုန်းခန့် ရှိတတ်ကြောင်းဖြင့်လည်း သိရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်တတ်သည့် မုန်တိုင်းများအနက် ၁၅ ရာခိုင်နှုန်းခန့်သာ မြန်မာနိုင်ငံသို့ ဝင်ရောက်တတ်ပြီး ကျန်မုန်တိုင်းများမှာ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ဝင်ရောက်လေ့ရှိကြောင်းလည်း သိရသည်။ မည်သို့ဆိုစေ ဧပြီလနှင့် မေလများတွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်ပြီး မုန်တိုင်းများဖြစ်ပေါ်လာပါက မြန်မာနိုင်ငံအနေဖြင့် အထူးဂရုပြုသင့်ကြောင်းဖြင့်လည်း သိရသည်။ အထူးသဖြင့် ဧပြီလ တွင် မြန်မာနိုင်ငံမြောက်ဘက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများရှိပါက ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် မြို့များမှာ လက်ရှိရေမှတ်ထက်မြင့်တက်လာသည့် အန္တရာယ်ကိုလည်း ထည့်တွက်ရန်လိုကြောင်းဖြင့် ပညာရှင်များက ခန့်မှန်းထားကြသည်။ ထို့အတူ ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်လေ့ရှိတတ်သော မုန်တိုင်းအန္တရာယ်ကိုလည်း သတိထားကြရန် လိုသည်။

### မိုးကြိုးပစ်ခြင်းအန္တရာယ်

မိုးကြိုကာလတွင် မုန်တိုင်းအန္တရာယ်ကိုသာမက မိုးကြိုကာလ ဖြစ်ပေါ်တတ်သော မိုးတိမ်တောင်များကြောင့် နေရာဒေသအချို့တွင် နေရာကွက်၍ မိုးကြီးခြင်း၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လေဆင်နှာမောင်း၊ ရေဆင်နှာမောင်း ဖြစ်ပေါ်စေခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်းနှင့် လေပြင်းတိုက်ခတ်မှုများကို ဖြစ်ပေါ်စေကြောင်းဖြင့် သိရသည်။ ယင်းတို့အနက် ပူးတွဲပါလာတတ်သည့် မိုးကြိုးအန္တရာယ်မှာ ဆေးမမီသော အန္တရာယ်တစ်ခု ဖြစ်သည်။ အထူးသဖြင့် မိုးကြိုကာလ၊ မိုးဦးကျစကာလ၊ မိုးလယ်နှင့် မိုးနှောင်းကာလများတွင် အန္တရာယ်ပေးလေ့ရှိပြီး မည်သူမျှ ကယ်တင်နိုင်ခြင်း မရှိသေးသော အန္တရာယ်လည်း ဖြစ်သည်။

မိုးကြိုးပစ်ခံရပုံများကို လေ့လာကြည့်သောအခါ သမားရိုးကျဖြစ်လေ့ဖြစ်ထရှိသည့် မိုးကြိုးပစ်ခံရခြင်းနှင့် ထူးခြားဆန်းပြားသည့် မိုးကြိုးပစ်ခံရခြင်းများလည်းရှိသည်ကို တွေ့ရသည်။ လွင်တီးခေါင်ခေါင်၊ ကွင်းပြောင်ပြောင်မှာ၊ လယ်ကွင်းပြင်မှာ၊ မြင့်မားလှသည့် သစ်ပင်အောက်မှာ၊ အဆောက်အအုံအောက်မှာ မိုးကြိုးပစ်ခံရသည်မှာ မဆန်းပြားသောဖြစ်စဉ်များ ဖြစ်ကြသည်။ သို့ရာတွင် ခေတ်မီတိုးတက်လာမှုနှင့်အတူ ရာသီဥတုပြောင်းလဲဖောက်ပြန်သော ဆိုးကျိုးများကြောင့် ဖြစ်ရိုးဖြစ်စဉ်ထက်လွန်ကဲသော မိုးကြိုးပစ်ခံရမှုများကို လည်း တွေ့နေရသည်။ လက်ကိုင်ဖုန်းအား မိုးရေဝင်မှာစိုး၍အင်္ကျီရင်ဘတ်ကြားထည့်ပြီး သွားလာသူတစ်ဦး မိုးကြိုးပစ်ခံရပြီး သေဆုံးခဲ့ရမှုသတင်း၊ ကိုယ့်အိမ်ကိုယ့်ယာထဲတွင် ဘာမျှပူပင်သောကမရှိဘဲ လျှပ်စီးတွေပြက်၊ မိုးကြိုးထစ်ချုန်းနေသော်လည်း အိမ်မှာဆိုတော့ စိတ်ချရပါတယ်ဟု ထင်မှတ်ကာ တီဗွီထိုင်ကြည့်နေသည့် မိသားစုတစ်စု မိုးကြိုးပစ်ခံရကာ သေဆုံးခဲ့ပြီး နေအိမ်ပါ မီးလောင်ဆုံးရှုံးခဲ့ရသည့် သတင်း၊ ကိုယ့်အိမ်၏ အောက်ထပ်အိမ်အမိုးနှင့် အပေါ်ထပ်အခင်းတွေနှင့် လုံခြုံစိတ်ချရသည့် မြေပြင်ပေါ်တွင် စိတ်ချလက်ချအလုပ်လုပ်ကိုင်နေသည့် မိသားစုတစ်စု မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့ရသည့် သတင်း၊ နေအိမ်ပြတင်းမှ အပြင်သို့ လှမ်းမျှော်ကြည့်နေစဉ် မိုးကြိုးပစ်ခံရမှု၊ လျှပ်စီးပြက်၊ မိုးကြိုးပစ်နေစဉ် သွပ်နန်းကြိုးပေါ်လှန်း ထားသော အဝတ်ကို ဆွဲယူရုပ်နေစဉ် မိုးကြိုးပစ်ခံရမှု၊ နေအိမ်ရှိသံပန်းတံခါးကို ပိတ်နေစဉ်၊ ကိုင်ထားစဉ်၊ သံရေပိုက်ကို ထိကပ်ကိုင်ထားစဉ် မိုးကြိုးပစ်ခံရမှုသတင်းများ၊ မိုးကြိုးပစ်၍ တီဗွီ၊ လမ်းမီး၊ အိမ်မီးများ ပျက်စီးဆုံးရှုံးရသည့်သတင်းများက မိုးကြိုးအန္တရာယ်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ သို့ရာတွင် အများစုမှာ မိုးကြိုးပစ်ခြင်းအန္တရာယ်ကို အလေးထားခြင်း မရှိတတ်ကြသေး။ လျစ်လျူရှုနေသူအများအပြားပင် ရှိနေသေးသည်။

*စာမျက်နှာ ၂၅ သို့*

# ရခိုင်ပြည်နယ် မောင်တောမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မောင်တော မေ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးနှင့် ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားတတ်သည့် အခြားရောဂါများ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်ရေးအနေဖြင့် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ အရန် သားဖွားဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့များမှ စေတနာ့ဝန်ထမ်းများ ပူးပေါင်းကာ ယနေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်ရှိ နေအိမ်များသို့ သွားရောက်ကာ အဘိတ်ဆေးများ ခပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများကို ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန ၄က်ဖျား အင်စပက်တာ ဦးစောမင်းနိုင် ဦးဆောင်၍ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ အရန် သားဖွားဆရာမများ၊ ပူးပေါင်းအဖွဲ့ဝင်များ ပါဝင်ကာ မြို့မ အနောက်ရပ်ကွက်၊ ကညင်တန်းရပ်ကွက်၊ ဆယ်ထွိလ ရပ်ကွက်၊ အောင်မြေဗောဓိ၊ ရွာသစ်၊ မြို့ဦးရွာ၊ ဝိမလ၊ ဒက်ရွာ၊ ဗိုလ်မှူးရွာ၊ ရွှေဇားကျေးရွာများရှိ နေအိမ်များတွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ နေအိမ်များသို့ သွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ပေးခြင်း၊ ခြင်ခိုအောင်း ပေါက်ပွားနိုင်သော ရေလှောင်ကန်များ၊ ရေစည်များ၊ ရေတွင်း၊ ရေကန်များ ထဲသို့ ပိုးလောက်လန်းသေ အဘိတ်ဆေးများ ခပ်ပေးခြင်းကို ပြုလုပ်ပေးသည်။



ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးခြင်းကို ပြည်သူများ သိရှိစေရန်အတွက် အသိပညာ ပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေခြင်းနှင့် အဘိတ်ဆေးများ ခပ်ပေးခြင်းတို့ကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## တာမိုးညဲမြို့တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**တာမိုးညဲ မေ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း တာမိုးညဲမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကွတ်ခိုင်မြို့နယ် ဦးစီးမှူးရုံး (တာမိုးညဲရှေ့တန်းရုံး)တွင် မေ ၁၈ ရက်မှစတင်ကာ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးလျက်ရှိသည်။

တာမိုးညဲမြို့၏ မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် အမှန်တကယ်နေထိုင်ကြပြီး လက်ရှိအိမ်ထောင်စုလူဦးရေစာရင်းရှိ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ၊ အိမ်ထောင်စုလူဦးရေစာရင်းမရှိသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများကို တာမိုးညဲမြို့ရှိ ကွတ်ခိုင်မြို့နယ်ဦးစီးမှူးရုံး (တာမိုးညဲရှေ့တန်းရုံး)၌ ပန်းခင်းစီမံချက်ဖြင့် အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မေ ၂၆ ရက်အထိ လူဦးရေ ၅၀၀ ခန့်ကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း လဝကမှူး ဦးအောင်ထွေးက ပြောသည်။

**ကျော်သူဟိန်း**




## လက်ပံတန်း၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေး ကျင်းပ

**လက်ပံတန်း မေ ၃၀**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမတွင် မေ ၂၇ ရက်က မြို့နယ်အဆင့်ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ပညာရေးမှူး(တာဝန်ခံ)ဦးစိုးသန်းတို့က အမှာစကားပြောကြားသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်စင်က နိုင်ငံတော်က ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့သည့် ကျောင်းသုံးစာအုပ်များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မြို့နယ်ပညာရေးမှူးထံသို့ ပေးအပ်ပြီး မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းအုပ်ကြီးများထံ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ကျောင်းသုံးစာအုပ်များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ပေးအပ်ကြောင်းသိရသည်။

**အောင်ဆင့်(လက်ပံတန်း)**

## နတ်မောက်မြို့နယ် န/လက္ခပွင်ကျေးရွာတွင် လျှပ်စစ်ဓာတ်အားများ စတင်ပေး

**နတ်မောက် မေ ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် န/လက္ခပွင်ကျေးရွာတွင် မေ ၂၆ ရက်က လမ်းမီးများ စတင်ဖွင့်လှစ်ပေးသည်။

အဆိုပါကျေးရွာတွင် NEP Phase -1 (အစားထိုး ) အစီအစဉ်ဖြင့် ၁၁ ကေဗွီလိုင်း ၁ ဒသမ ၅၅ မိုင်၊ ၁၁/ ၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနစ်လုံး တိုးချဲ့တည်ဆောက်ပြီး ကျေးရွာမီးလင်းရေးကော်မတီမှ ၄၀၀ ဗို့လိုင်း ၂ ဒသမ ၅ မိုင် တည်ဆောက်ပြီးဖြစ်၍ မေ ၂၆ ရက်က ကျေးရွာတွင်း လမ်းမီးပွင့် ၁၁၀ ကို ဓာတ်အား စတင်ပေးသည်။

ဆက်လက်ပြီး အိမ်ထောင်စု ၅၀၀ နှင့် အ.ထ.က (ခွဲ ) ကျောင်း၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းတို့ကို ဓာတ်အားချိတ်ဆက်ပေးမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မှူးထံမှ သိရသည်။

**သင်းသင်းမြတ်**

*စာမျက်နှာ ၂၄ မှ*

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ မုတ်သုံအကြိုကာလတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ အပူချိန်ကွာခြားမှုနှင့် မိုးတိမ်တောင်များ ဖြစ်ပေါ်လာမှုက မိုးကြိုးပစ်ခြင်း၊ မိုးကြိုးထစ်ချုန်းခြင်းများကို ဖြစ်ပေါ်စေတတ်သည်။ ယခုအခါ မိုးကြိုကာလ၌ ဖြစ်ပေါ်တတ်သော စိုက်ဆင်းလေပြင်းနှင့် လေဆင်နှာမောင်းဒဏ်ကို ယခင်အခါများထက် ပိုမိုတွေ့ကြုံလာရသည်ကို တွေ့နေရသည်။ တစ်ရွာလုံးလိုလို နေအိမ်များ ပြိုပျက်သွားခြင်း၊ သစ်ပင်များ လဲပြိုသွားခြင်း၊ လေကြောင်းသင့်ရာအလိုက် ပျက်စီးခြင်းသတင်းများကို ကြားသိနေရသည်။ အထူးသဖြင့် စိုက်ဆင်းလေပြင်းဒဏ်ကို ခံရတတ်သည်မှာ မိုးကြိုကာလတွင်သာမဟုတ်၊ မိုးတွင်းကာလတွင်လည်း ကြုံရလေ့ရှိသည်။ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးကြိုးပစ်ခြင်းများကိုလည်း ဖြစ်ပေါ်စေသည်။ မိုးကြိုးပစ်ခြင်းကြောင့် လူနှင့်ကျွဲ၊ နွားများ သေဆုံးမှုကို ဖြစ်ပေါ်စေသည်။ ရခိုင်ပြည်နယ်တွင် နှစ်စဉ်မိုးကြိုးပစ်ခံရ၍ သေဆုံးသူဦးရေမှာ တစ်ဆယ်ကျော်ခန့်ပင် ရှိနေသည်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်မူ မိုးကြိုးပစ်ခံရ၍ နှစ်စဉ်သေဆုံးသူရာဂဏန်းမျှရှိကြောင်း မှတ်သားရသည်။

မိုးကြိုးပစ်ခြင်းမှာ လျှပ်စစ်စီးခြင်းအန္တရာယ်တစ်ခုလည်းဖြစ်ပြီး လျှပ်စစ်စီးဆင်းမှု သဘာဝအရစီးဆင်းလိုသော အရပ်သို့ အတိုဆုံးလမ်းကြောင်းမှသာ စီးဆင်းလေ့ရှိတတ်သဖြင့် မြင့်မားသော သစ်ပင်ကြီးများ၊ အဆောက်အအုံများ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေး တာဝါတိုင်များ၊ ကြားခံမရှိကြသော လွင်တီးခေါင်ခေါင်နှင့် ကွင်းပြောင်ပြောင်များ၊ လယ်ကွင်းပြင်များသည် မိုးကြိုးစက်ကွင်းမလွတ်ကင်းသော နေရာများ ဖြစ်ကြသည်။ မိုးကြိုးအန္တရာယ်မှာ ဆေးမမီသော ဘေးတစ်ခုဖြစ်ပြီး ကြောက်စရာအလွန်ကောင်းသည်။ မည်ရွေ့မည်မျှပင် ခေတ်မီတိုးတက်လာသည်ဆိုစေကာမူ မိုးကြိုးအန္တရာယ်ကို ကြိုတင်ကာကွယ်နည်းများကလွဲ၍ မိုးကြိုးဘေးကင်းဝေးအောင် မလုပ်နိုင်ကြသေးပေ။ မိုးကြိုးပစ်ခြင်းကိုလွှဲအောင် မိုးကြိုးလွှဲများ တပ်ဆင်ကာကွယ်ခြင်းများသာ ပြုလုပ်နိုင်ကြသေးသည်။ ဤသို့ ဆောင်ရွက်နိုင်သည်မှာ အဆောက်အအုံများတွင်သာဖြစ်ပြီး လွင်တီးခေါင်နှင့် လယ်ကွင်းပြင်များတွင် သွားလာလုပ်ကိုင်စားသောက်နေထိုင်ရသူများအဖို့မှာ အကာအကွယ်မဲ့နေသေးသည်။ သို့ဖြစ်ရာ မိုးကြိုးပစ်ခံရခြင်းကို ကာကွယ်ဖို့ မိုးကြိုးအသိ၊ မိုးကြိုးသတိထားပြီး ရှောင်ရှားတတ်ကြရန် လိုပေသည်။

### မိုးကြိုးအန္တရာယ်ကာကွယ်နည်းများ

(၁) မည်သည့် အဆောက်အအုံတွင်မဆို မိုးကြိုးလွှဲများ တပ်ဆင်ထားကြရန်၊ (၂) ကွင်းပြင်ထဲမှာ ရောက်နေစဉ် လျှပ်စီးပြက်၊ လျှပ်စီးလက်ပါက မြေပြင်တွင် ဝပ်ချလိုက်ရန်၊ ဖြစ်နိုင်လျှင် မိုးလေဝသ အခြေအနေကိုကြည့်ပြီး ကွင်းပြင်ထဲမှာသွားလာလှုပ်ရှားကြရန်၊ (၃) လယ်ကွင်းပြင် လယ်တဲများတွင် နေထိုင်သူများ အထူးသတိပြုကြရန်။ ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲရန်၊ (၄)ကွင်းပြင်ကျယ်ကြီးထဲတွင် လယ်တဲတစ်လုံးတည်းရှိနေပါက လုံးဝမနေသင့်ပါ။ မိုးကြိုးပစ်နိုင်သည့် ကွင်းကြီးထဲတွင် ထီးတည်းကြီးရှိနေခြင်းကြောင့် မိုးကြိုးဒဏ်ခံရလေ့ရှိသည်။ (၅) လျှပ်စီးလက်၊ လျှပ်စီးပြက်နေစဉ် ကွင်းပြင်ထဲရှိနေပါက စက်ဘီး၊ ဆိုင်ကယ်များပေါ်တွင် ရောက်နေပါက အမြန်ဆုံးဆင်းပါ၊ (၆) လျှပ်စီးလက်၊ မိုးထစ်ချုန်းခြင်း ငြိမ်သက်ရပ်နားပြီး နာရီဝက်ကြာမှ သွားလာလှုပ်ရှားကြပါ၊ (၇) လျှပ်စီးလက်၊ လျှပ်စီးပြက်ချိန်၊ မိုးထစ်ချုန်းချိန်များတွင် ဆံပင်များ ထိုးထိုးထောင်ထောင်ဖြစ်လာလျှင် သတိထားကြရန်၊ (၈) မြင့်မားသော အဆောက်အအုံများ၊ မြင့်မားသောသစ်ပင်များအောက်တွင် မိုးခိုခြင်းမှ ရှောင်ကြဉ်ပါ၊ (၉) လျှပ်စီးလက်၊ မိုးထစ်ချုန်းနေချိန်တွင် နေအိမ်ထဲမှာနေသည်ဆိုပြီး ဘေးကင်းသည်ဟု မယူဆသင့်ပါ။ ပြတင်းပေါက်မှန်များအား အလင်းဝင်ရောက်မှုမှ ကာကွယ်ပါ (စက္ကူကပ်ခြင်း၊ လိုက်ကာ တပ်ဆင်ခြင်း)။ (၁၀) ရေစိုအဝတ်နှင့် သမံတလင်းပေါ်မှာ ထိုင်နေခြင်း၊အလုပ်လုပ်နေခြင်းမှ ရှောင်ကြဉ်ပါ၊(၁၁) လျှပ်စီးလက်၊ မိုးကြိုးပစ်နေစဉ် နေအိမ်သံပန်းတံခါးများ ကိုင်ထားခြင်း၊ သံရေပိုက်များကို ကိုင်ထားခြင်း၊ သွပ်နန်းကြိုးမှာ အဝတ်လှန်းခြင်း၊ အဝတ်ရုပ်ခြင်းများမပြုလုပ်ကြရန်၊ (၁၂) သွပ်ဆူးကြိုးကာထားသည့် ခြံစည်းရိုး၊ သံထည်ပစ္စည်း၊ သံလမ်းများအနီးတွင်မနေပါနှင့်၊ (၁၃) ရေလွှမ်းသောလမ်းများပေါ်တွင် ရပ်နေခြင်း၊ သွားလာခြင်းများ မပြုလုပ်သင့်ပါ၊ (၁၄) လျှပ်စီးလက်၊ မိုးကြိုးပစ်နေချိန် တီဗွီဖွင့်ခြင်း၊ အောက်စက်ဖြင့် ဗီဒီယိုကြည့်ခြင်းများကို ရှောင်ရှားပါ၊ (၁၅) လျှပ်စစ်နှင့်ဆက်သွယ်ရေးတာဝါတိုင်များအနီးတွင် ရောက်ရှိနားခိုခြင်းမပြုသင့်ကြပါ၊(၁၆) နေအိမ်များ၊ အဆောက်အအုံများထက်မြင့်သော ဝါးများ၊ သစ်သားတိုင်များကို စိုက်ထူထားခြင်း မပြုကြပါနှင့်၊ (၁၇) မိုးထစ်ချုန်း၊ လျှပ်စီးလက်နေချိန်တွင် တယ်လီဖုန်းပြောခြင်း၊ အင်္ကျီအိတ်များတွင် ထည့်ပြီးသွားလာခြင်းများကို ရှောင်ကြဉ်ပါ။

အရေးကြီးသည်မှာ မိုးလေဝသနှင့် ဇလဗေဒမှ ထုတ်ပြန်လေ့ရှိသည့် မိုးလေဝသသတင်းများ၊ အထူးသတင်းထုတ်ပြန်ချက်များကို အလေးထားနားထောင်ပြီး မိုးလေဝသဘေးအန္တရာယ်များကို ရှောင်ရှားကြရန်လိုသည်။ မိုးလေဝသကြောင့် ဖြစ်ပေါ်သည့် ဘေးအန္တရာယ်ဆိုသည်မှာ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းသာ မဟုတ်၊ မိုးကြိုးကဲ့သို့ ဆေးမမီသောဘေးအန္တရာယ်များလည်း ပါသည်ဆိုခြင်းကို အလေးအနက်ထားဆင်ခြင်ပြီး မိုးရွာနေချိန်၊ လျှပ်စီးလက်၊ မိုးကြိုးပစ်ချိန်များတွင် အသွားအလာ၊ အနေအထိုင် ဆင်ခြင်ကြရန်ပင်ဖြစ်သည်။ ။

# ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ လူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

**ပုသိမ် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အထူးကု ပြင်ပလူနာဌာန အပါအဝင် အခြားသော သက်ဆိုင်ရာ ဆေးကုသမှုဌာနများကို ပြန်လည်ဖွင့်လှစ်ကာ ပြင်ပလူနာ၊ အတွင်းလူနာများအား မတ် ၂၄ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံအုပ် ဒေါက်တာကောင်းမြတ်စိုးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် အထူးကုဆရာဝန်ကြီး ၁၁ ဦး၊ အထူးကုဆရာဝန် ကိုးဦး၊ အထူးကု လက်ထောက်ဆရာဝန် ကိုးဦး၊ ရိုးရိုးလက်ထောက်ဆရာဝန် ၁၉ ဦးနှင့် သူနာပြု ၁၆၀ တို့က လူနာများအား နေ့ညမပြတ်လက်ခံ၍ ကုသပေးလျက်ရှိကြောင်း သိရသည်။

ဆေးရုံကြီး ပြန်လည်ဖွင့်လှစ်ပြီး နောက်ပိုင်းတွင် တစ်ရက်လျှင် လူနာ တစ်ရာကျော်အား နေ့စဉ် ကုသပေးလျက်ရှိရာ လက်ရှိ ဆေးရုံတက်ရောက် ကုသနေသော လူနာ ၁၄၀ ကျော်ရှိကြောင်း သိရသည်။

မတ် ၁၉ ရက်မှစ၍ အထူးကုဆရာဝန်ကြီးများက အရိုးရောဂါလူနာများအား တနင်္လာနှင့် ဗုဒ္ဓဟူးနေ့များတွင် နံနက် ၁၀ နာရီမှ ၁၂ နာရီထိလည်းကောင်း၊ ကလေးလူနာများအား တနင်္လာနှင့် ကြာသပတေးနေ့များတွင် နံနက် ၁၀ နာရီမှ ၁၁ နာရီထိလည်းကောင်း၊ မျက်စိဝေဒနာရှင်များအား တနင်္လာနှင့် ဗုဒ္ဓဟူးနေ့



များတွင် နံနက် ၁၀ နာရီ မှ ၁၁ နာရီထိလည်းကောင်း၊ သားဖွား/မီးယပ်လူနာများကို အင်္ဂါနှင့် ကြာသပတေးနေ့များတွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင်များကို အင်္ဂါနှင့် သောကြာနေ့များတွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ ခွဲစိတ်ကုသမှုခံယူမည့် လူနာများအား တနင်္လာနေ့ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိနှင့် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိလည်းကောင်း၊ ကင်ဆာရောဂါကုသမည့် လူနာများကို အင်္ဂါနှင့် သောကြာနေ့တွင် မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိလည်းကောင်း၊ ခုခံကျရောဂါ ခံစားနေရသူများအား ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိလည်းကောင်း လက်ခံ၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် တိုင်းရင်းဆေးရုံကြီးတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာ ငါးဦး တက်ရောက်ကုသလျက်ရှိပြီး ငါးဦးစလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ကျေးရွာပေါင်း ၂၀ အကျိုးပြုမည့် ကျောက်ဆည်-ကျောက်ဆောက်ကုန်း-မြစ်သားလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

**ကျောက်ဆည် မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများမှ ကျေးရွာချင်းဆက်လမ်းများကို ပြုပြင်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေး



လက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူပြီး ကျေးရွာပေါင်း ၂၀ အကျိုးပြုမည့် ကျောက်ဆည်-ကျောက်ဆောက်ကုန်း-မြစ်သားမြို့နယ်တို့ ဆက်သွယ်ထားသောလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးလျက်ရှိသည်။

အဆိုပါလမ်းကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၂၁၄ သန်းဖြင့် အရှည် ၁ မိုင် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင် ရွက်ပေးလျက်ရှိပြီး လမ်းအရည်အသွေးကောင်းရေးနှင့် ရေရှည်တည်တံ့ခိုင်မာရေးအတွက် ယင်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် တိုက်ရိုက်ဆက်သွယ်ထားသော လမ်းဖြစ်ပြီး လမ်းဖောက်လုပ် ပြီးစီးပါက ကျေးရွာပေါင်း ၂၀၊ အိမ်ခြေ ၃၃၃၅ အိမ်၊ လူဦးရေ ၁၅၆၅၀ တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး နှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# သိန္နီမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေး

**သိန္နီ မေ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတွင် မေ ၂၉ ရက်မှစ၍ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိသည်။

## ပြုလုပ်ပေးလျက်ရှိ

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် သိန္နီမြို့နယ် ဥယျာဉ်မှူးအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ဆောင်ရွက်လိုသူများအတွက် ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် ကျန်ရှိနေသော မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အိဇာချို(ပြန်/ဆက်)**

*စာမျက်နှာ ၂၃ မှ*

သုံးသီးရသွားပြီပေါ့။ လယ် ၁၈ ကေခွဲထဲက ကိုးကေမှာ ဆင်းသုခစပါး စိုက်တာ တစ်ကေကို ၁၀၂ တင်းနှုန်းလောက် ထွက်တယ်။ ကျန်တဲ့ ကိုးကေခွဲမှာ စိုက်ပျိုးရေးရဲ့ ရက် ၉၀ စပါးမျိုး စိုက်တာက တစ်ကေကို တင်း ၉၀ နှုန်းလောက်ထွက်တော့ စုစုပေါင်း နွေစပါးချည်းပဲ တင်းရေ ၁၆၆၀ လောက်ရတယ်။ ရေမြောင်းဖောက်ဖို့ လယ်ထဲက မြေတစ်ကေခွဲ ပါသွားတဲ့အတွက် ဆည်မြောင်းက တစ်ကေကို ငွေကျပ်သိန်း ၂၀ နှုန်းနဲ့ နစ်နာကြေးပေးသေးတော့ နှစ်စဉ် နှစ်သီးစားကနေ သုံးသီးစားရလို့ ခံစားရတော့မယ့် အကျိုးအမြတ်က အဲဒီမြေ ဆုံးရှုံးသွားတာထက် အများကြီးပိုပါတယ်။ ဆည်မြောင်းဌာနကိုလည်း အထူးကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

ကျေနပ်ဖွယ်သူ့စကားကို နားထောင်ပြီးနောက် AE ဦးဘိုဘိုဇော်နှင့် စိုက်ပျိုးရေးဌာနမှ ဦးခင်မောင်ဆွေတို့က နွေစပါးစိုက်ပျိုးခြင်းနှင့် မြေဩဇာသုံးစွဲပုံအကြောင်း စကားလက်ဆောင်ပါးကာ မြောင်းပေါင်လမ်းအတိုင်း ကားမောင်း၍ စက်ကုန်း၊ ကုန်းအင်း စသည့် ကျေးရွာများကို ဖြတ်ပြီး ဖြူးမြို့ဘက်သို့ ပြန်လာခဲ့သည်။ လမ်းတွင် ရိတ်ပြီးစနွေစပါးများကို သိမ်းဆည်းနေသည့် ဆင်တဲကုန်းရွာမှ တောင်သူကိုချစ်စမ်းမောင်နှင့် တွေ့ဆုံ၍ စပါးစိုက်ပျိုးမှုအခြေအနေကို မေးမြန်းဖြစ်သည်။

## ဝင်ငွေတိုးစေတဲ့ ရေရတနာသိုက်ကြီး

၎င်း၏ ပီတိလွှမ်းထနေသော စကားများကိုလည်း ယခုလို ကြားခဲ့ရပြန်သည်။ “အရင်တုန်းက ကျွန်တော်တို့လယ်တွေက မိုးစပါးစိုက်ပြီးရင် ဆောင်းသီးနှံ မတ်ပဲစိုက်၊ နွေမှာ ဒီတိုင်း ကွက်လပ်ထားရတာဆိုတော့ လယ်သမားတစ်ယောက်အတွက် အကျိုးအမြတ်နည်းတယ်။ ဒီနှစ် ဆည်မြောင်းကရေရတော့ နွေစပါးကိုပါ သီးထပ်စိုက်ပြီး သုံးသီးစားဖြစ်သွားတာပေါ့။ ကျွန်တော်တို့ ဆင်တဲကုန်းမှာ သုံးသီးစားစိုက်တာ ကေ ၃၀ လောက်ရှိတယ်။ ကျွန်တော်က ခြောက်ကေစိုက်တာပါ။ တစ်ကေ နှစ်သိန်းခွဲတော့ အနည်းဆုံးမြတ်တယ်။ ဒီနှစ် နွေစပါးစိုက်တာ ကျွန်တော့်အတွက် ဝင်ငွေကျပ် ၁၅ သိန်းလောက်တိုးတာပေါ့။ ဒါကြောင့် ဆည်ရေရရှိတဲ့သူတိုင်း မြေမတိုးပေမယ့် ဝင်ငွေတိုးဖို့ နှစ်သီးကနေ သုံးသီးစားဖြစ်အောင် တိုးချဲ့စိုက်ပျိုးသင့်တယ်လို့ပဲ ပြောချင်ပါတယ်။ ဆည်မြောင်းဌာနက ခုလို ရေမြောင်းတွေဖောက်လုပ်ပေးတာကြောင့် စိုက်ပျိုးရေရတဲ့အပြင် ဆည်မြောင်းပေါင်တွေကို ကုန်ထုတ်လမ်းအဖြစ် သုံးနိုင်လို့ အရင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့တဲ့ ရွာတွေမှာ ဆက်သွယ်ရေးကောင်းလာတယ်။ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးဟာ ဖြူးမြို့နယ် တောင်သူတွေအတွက်တော့ ဝင်ငွေတိုးစေတဲ့ ရေရတနာသိုက်ကြီးပါပဲ”ဟု ဆိုသည်။

AE ဦးဘိုဘိုဇော်က “အခုလို လယ်သမားတွေ ဝင်ငွေတိုးလာပြီး လူမှုဘဝမြင့်မားလာတာတွေ့ရတော့ ဝမ်းသာတာပေါ့ဗျာ။ ဒါပေမယ့် အခုချိန်အထိ ဆည်ရေရရှိမှုရဲ့အကျိုးတရားကို သဘောမပေါက်သေးတဲ့ သူတွေလည်း ရှိသေးတယ်ဗျ။ ကျွန်တော်တို့ ဆည်မြောင်း စဖောက်တုန်းက သူတို့မြေတွေ အပါမခံနိုင်လို့ဆိုပြီး ယန္တရားတွေရှေ့မှာ လာမှောက်အိပ်ပြီး ကန့်လန့်တိုက်တဲ့သူတွေတောင် ရှိခဲ့တယ်။ အခုလည်း ဖြူးမြို့အနောက်ဘက် တောင်ခြေနားက ရွာတချို့ဆိုရင် ဆည်ရဲ့ လက်ရင်းမှာ ရေဦးကိုရနိုင်ပါလျက်နဲ့ နွေစပါးစိုက်ခိုင်းလို့မရတဲ့ လယ်သမားတွေ ရှိသေးတယ်။ တဖြည်းဖြည်းတော့ စည်းရုံးယူရမှာပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ် အခုလို သူတို့ဆီက ဆည်မြောင်းဌာနကို ကျေးဇူးတင်စကားတွေကြားရတော့ ကျွန်တော်တို့ အခက်အခဲပေါင်းစုံကြားက ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရကျိုးနပ်တာပေါ့”ဟု ပြောသည်။

အပြန်ခရီးတွင် မြောင်းပေါင်လမ်းအတိုင်း ညောင်ကားယားရွာကို ဖြတ်၍ ဖြူးမြို့ဆီသို့ ဦးတည်မောင်းနှင်လာခဲ့ရာ ဖြူးမြို့နယ်တစ်လွှားမှ တောင်သူလယ်သမားတို့အတွက် မြေ မများလာသော်လည်း ဝင်ငွေပွားကာ များမကြာမီနှစ်များအတွင်း ဖြူးချောင်းရေလှောင်တမံကြောင့် အထူးကောင်း၍ ရွှေရောင်တွေလျှံတော့မည့်အရေး စိတ်အတွေးဖြင့် မြင်ယောင်ကြည်နူးနေမိပါတော့သည်။ ။

# ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ တံတားနှစ်စင်းကို အကြမ်းဖက်သောင်းကျန်းသူများက ဖြိုချဖျက်ဆီး

**နေပြည်တော် မေ ၃၀**

ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ တံတားနှစ်စင်းကို အကြမ်းဖက်သောင်းကျန်းသူများက ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် နံနက် ၁၀ နာရီခွဲက ကယားပြည်နယ် ဖရူဆိုမြို့နယ် လွိုင်ကော်-ဒီးမော့ဆို-ဘော်လခဲသွားကားလမ်းပေါ်ရှိ တံတားနှစ်စင်းကို အကြမ်းဖက်သောင်းကျန်းသူအင်အား ၇၀ ခန့်မှ ဖြိုချဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဖရူဆိုမြို့နှင့် ဒီးမော့ဆိုမြို့ကြား ဖရူဆိုမြို့နယ် ကဒါလားကျေးရွာအနီးရှိ အရှည်ပေ ၃၀၊ အကျယ်ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားအား ဘက်ဟိုးဖြင့် တံတား၏တစ်ဖက်တစ်ချက်စီကို အကျယ် ၁၅ ပေ၊ အနက် ၁၅ ပေခန့်ရှိ မြေကျင်းများ တူးကာ ဖြိုချဖျက်ဆီးခဲ့ပြီး အဆိုပါတံတားအနီးရှိ အရှည်ပေ ၃၀၊ အကျယ် ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားကို ဖရူဆိုမြို့နယ်ဘက်ခြမ်းမှ ဘက်ဟိုးဖြင့် အကျယ် ၁၅ ပေ၊ အနက်ပေ ၂၀ ခန့် မြေဖျက်ကျင်းများတူးခဲ့ရာ တံတားမှာ ပြိုကျခြင်းမရှိဘဲ တံတားလက်ရန်းနှင့် ကမ်းကပ်ခုံ ၁၀ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့် တံတားများပြိုကျကာ မြေဖျက်ကျင်းများ တူးဖော်ထားမှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် တံတားများကို အများပြည်သူများ ပြန်လည်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖျက်ဆီးခဲ့သူ အကြမ်းဖက်သောင်းကျန်းသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့စစ်ဆေးရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဖရူဆိုမြို့နယ်ရှိ တံတားကို အကြမ်းဖက်သောင်းကျန်းသူများက ဖြိုချဖျက်ဆီးမှု။

# ကသာ၊ စမ်းချောင်းနှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၂၉ ရက် ည ၈နာရီက ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး ကသာ-အင်းတော်သွားကားလမ်း၌ သဲကို မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၁၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀၀ တို့ကို လည်းကောင်း၊ ထိုနေ့ ညနေ ၃ နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောရ(အလယ်)ရပ်ကွက် မြောင်းမြလမ်း၌ နိုင်လင်းထက် မောင်းနှင်၍ မမာထ(ခ)ရားမီး လိုက်ပါလာသည့် Alphard အမျိုးအစား မော်တော် ယာဉ်ကို သတင်းအရ စောင့်ဆိုင်းနေစဉ် အဆိုပါ မော်တော်ယာဉ် ရောက်ရှိလာပြီး ယာဉ်ပေါ်မှ မမာထ(ခ)ရားမီးသည် ကတ်ထူပုံးတစ်ပုံးကို ကိုင်ဆောင်၍ ဆင်းလာသဖြင့် စစ်ဆေးရှာဖွေစဉ် နိုင်လင်းထက်မှာ မော်တော်ယာဉ်အား မောင်းနှင်ထွက်ပြေးသွားသောကြောင့် ၎င်းကတ်ထူပုံးအား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ညနေ ၃ နာရီခွဲတွင် စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်ရှိ နိုင်လင်းထက်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိရဘဲ နေအိမ်ရှေ့သို့ ရောက်ရှိလာသော ထွန်းကျော်(ခ)သံချောင်း မောင်းနှင်လာသည့် Crown အမျိုးအစား မော်တော်ယာဉ်ကိုစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို လည်းကောင်း။

မေ ၂၈ ရက် မွန်းလွဲ ၁နာရီခွဲတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သိန်းသန်းချီ မော်တော်ယာဉ်ရပ်နားဝင်းအတွင်းရှိ ကားဂိတ်၌ သတင်းအရ သက်ပိုင်စိုး(ခ)ပိုင်စိုးကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၃နာရီခွဲတွင် ၎င်းငှားရမ်းနေထိုင်သည့် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်ရှိ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မယဉ်လွဲအေးကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



သက်ပိုင်စိုး(ခ)ပိုင်စိုး၊ မယဉ်လွဲအေးတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူကို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**

နိုင်ငံ၏အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ဆူပူအကြမ်းဖက်လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ကလွင်ရွာမရပ်နေ မဖွေးသူအောင်(ဘ) ဦးကျော်သိန်းသည် ၎င်း၏ Pan Ei Phyu Facebook account ဖြင့် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေခြင်း၊ တရားမဝင်အဖွဲ့အစည်းဖြစ်သည့် CRPHနှင့် NUG အား ထောက်ခံသည့် စာသားများရေးသားခြင်း၊ Non CDM နိုင်ငံ့ဝန်ထမ်းများကို Social Punishment ပြုလုပ်ခြင်း၊ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန်နှင့် ပြစ်မှုကျူးလွန်လာစေရန် သွေးထိုးလှုံ့ဆော်ရေးသားခဲ့သဖြင့် ၎င်း၏နေအိမ်၌ မေ ၂၉ ရက်က ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး မြိတ်မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း-ပဒါန်းလမ်းပေါ်၌ ယာဉ်မတော်တဆမှုဖြစ်ပွား

**နေပြည်တော် မေ ၃၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် လေးအိမ်စုကျေးရွာအနီး အမ်း - ပဒါန်းလမ်း မိုင်တိုင်အမှတ်(၉၁)၌ မေ ၂၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မှ အမ်းမြို့သို့ ယာဉ်မောင်း ဦးမောင်ဦး မောင်းနှင်လာသော လိုက်ထရပ် အမျိုးအစားယာဉ်သည် ဘရိတ်ပေါက်၍ လမ်းဘေးရှိ ပေ ၇၀ ခန့် အနက်ရှိသော ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားရာ အမ်းမြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးအောင်သန်းဌေးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်သော ဝန်ချီစက်နှင့် ခေတ်မီယာဉ်ဆွဲကိရိယာတို့ ပါရှိသည့် မီးသတ်အထောက်အကူပြု ယာဉ်တစ်စီးဖြင့် အနက်ပေ ၇၀ ရှိသော ချောက်အတွင်း တိမ်းမှောက်နေသည့်ယာဉ်အား ဆွဲတင်ပေးခဲ့ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း ယာဉ်ပေါ်ပါရှိသူများ အနေဖြင့် သိရသည်။

အောင်မျိုး



# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များအရေးယူ

**နေပြည်တော် မေ ၃၀**

အမြန်လမ်းမကြီးတပ်ဖွဲ့ဝင်များသည် မေ ၂၈ ရက် ညနေ ၅ နာရီမှ မေ ၂၉ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများဆောင်ရွက်စဉ် ရန်ကုန်-မန္တလေး အမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃) လမ်းဆုံတိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်ရှစ်စီး၊ ဘောနက်ကြီးမီနီတိုးဂိတ်၌ မော်တော်ယာဉ်တစ်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ်နှစ်စီး၊ ပလွေးတိုးဂိတ်၌ မော်တော်ယာဉ် ၁၀ စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ်ငါးစီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ်လေးစီး၊ စုစုပေါင်း မော်တော်ယာဉ်အစီး ၃၀ တို့အား အသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာ ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အမြို့မြို့အနယ်နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများ ကျင်းပ

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မေ ၂၄ ရက်မှ ၃၁ ရက်အထိကို တစ်နိုင်ငံလုံး ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ ကျောင်းအပ်လက်ခံလျက်ရှိသလို ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကိုလည်း မြို့နယ်အသီးသီး၌ ယခုသီတင်းပတ်အတွင်း ကျင်းပလျက်ရှိသည်။

**ပခုက္ကူ**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပခုက္ကူမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက်က ပခုက္ကူမြို့ အထက(၁) ကျောင်း အားကစားရုံခန်းမ၌ ကျင်းပခဲ့ရာ ပခုက္ကူခရိုင် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းလှိုင်က အမှာစကားပြောကြားပြီး ပခုက္ကူခရိုင် ပညာရေးမှူး ဦးမောင်မောင်လွန်းက ခရိုင်နှင့် မြို့နယ်အတွင်း ကျောင်းအပ်နှံမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံး ပစ္စည်းများကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့သည်။

ပခုက္ကူမြို့နယ်၌ မေ ၂၄ ရက်မှ ၂၉ ရက်အထိ ကျောင်းအပ်လက်ခံသည့် ရက်များအတွင်း အခြေခံပညာကျောင်းများတွင် လာရောက်ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူ ၃၉၀၀ ကျော်ရှိကြောင်း သိရသည်။

**ဘာမီသာ(မဟာဝိဇ္ဇာ)**

**သံဖြူဇရပ်**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို သံဖြူဇရပ်မြို့ အထက(၁)ကျောင်း ပညာ့ဗိမာန်ခန်းမ၌ မေ ၂၉ ရက်က ကျင်းပခဲ့ရာ သံဖြူဇရပ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က မေ ၂၄ ရက်မှ ၃၁ ရက်အထိ တစ်နိုင်ငံလုံး ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ဆောင်ရွက်နေမှုများ၊ ကိုဗစ်-၁၉ ကာကွယ်ရေး အစီအမံများနှင့်အညီ ဆောင်ရွက်ရေး၊ ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ကျောင်းအပ်နှံရေးနှင့် ယခုနှစ် ကျောင်းအပ်နှံရေးနေ့အတွက် ဆောင်ပုဒ်ဖြစ်သော "ကျောင်းနေအရွယ်အားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"ဟူသော ဆောင်ပုဒ်နှင့်အညီဖြစ်အောင် ဆောင်ရွက်ရေး အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး(ပူးတွဲ) ဦးမြင့်ဦးက မြို့နယ်အတွင်း ကျောင်းအပ်နှံမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းအုပ်ကြီးများထံ ပေးအပ်သည်။

သံဖြူဇရပ်မြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၃၀ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်းရှိကာ မေ ၂၄ ရက်မှ ၂၈ ရက်အထိ ကျောင်းအပ်လက်ခံရာတွင် အထက်တန်းအဆင့် ၂၀ ဒသမ ၀၄ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် ၂၅ ဒသမ ၅၂ ရာခိုင်နှုန်းနှင့် မူလတန်းအဆင့် ၃၅ ဒသမ ၆၇ ရာခိုင်နှုန်းကို ကျောင်းအပ်နှံထားပြီးဖြစ်ကြောင်း၊ ဇွန် ၁ ရက်တွင် မြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်သွားမည်ဖြစ်သလို ကျောင်းအပ်နှံရန်ကျန်ရှိနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး(ပူးတွဲ) ဦးမြင့်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပျော်ဘွယ်**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက်က ပျော်ဘွယ်မြို့ အထက(၁) ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အခမ်းအနားတွင် ရမည်းသင်း တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းဦးက ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်မှ ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များကို လိုက်နာသင်ကြားနိုင်ရေး ဆွေးနွေးပြီး မြို့နယ်ဒုတိယပညာရေးမှူး ဦးသန်းဇော်လင်းက ယနေ့အထိ ကျောင်းအပ်လက်ခံပြီးမှု အခြေအနေများနှင့် ပညာရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်အစိုးရမှထောက်ပံ့သော ကျပ် ၂၃၄၂ တန်ဖိုးရှိ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျပ် ၉၂၅ သိန်း တန်ဖိုးရှိ ဗလာစာအုပ်များ၊ ကျပ် ၂၁၃ သိန်း တန်ဖိုးရှိ စာရေးကိရိယာများနှင့် ကျပ်သိန်း ၄၄၀ တန်ဖိုးရှိ နှာခေါင်းစည်းနှင့် မျက်နှာအကာများကို တပ်နယ်မှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ကြီးများထံ ပေးအပ်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**မောက်မယ်**

မောက်မယ်မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မောက်မယ်အထက နှင်းဆီဆောင်ခန်းမ၌ မေ ၃၀ ရက်က ကျင်းပရာ အခမ်းအနားတွင် အမှတ်(၁၃၂) ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးကျော်သက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် ခရိုင်ပညာရေးမှူး ဦးညီညီတို့က အမှာစကားပြောကြားပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းသုံးပစ္စည်းများကို သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းအုပ်ကြီးများထံ ပေးအပ်သည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# စေတုတ္တရာမြို့နယ်၌ ပန်းခင်းစီမံချက်အရ ပြုလုပ်ပေးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**စေတုတ္တရာ မေ ၃၀**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးက မြို့နယ်အတွင်းမှ ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ပွဲကို မေ ၂၈ ရက်က မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင်မြို့နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာ ဦးစီးမှူး ဦးထင်အောင်က ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးသည့် ရည်ရွယ်ချက်နှင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်များ ပြုလုပ်ရာတွင် ပါရှိရမည့် အထောက် အထားများ၊ နိုင်ငံသား စိစစ်ရေးကတ်၏ အသုံးဝင်မှုနှင့် ပျောက်ဆုံး/ပျက်စီးမှု မရှိစေရေးအတွက် စနစ်တကျ ကိုင်တွယ်အသုံးပြုရမည့် နည်းစနစ်များကို ပြည်သူများအား အသိပညာပေး ဟောပြောသည်။

ထို့နောက် ဦးစီးမှူးနှင့် တာဝန်ရှိသူများက စေတုတ္တရာမြို့ အမှတ် (၁) ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်များမှ အိမ်ထောင်စု လူဦးရေစာရင်း ပြုလုပ်ထားသော ဒေသခံပြည်သူ ခုနစ်ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ထားသော ဒေသခံ ပြည်သူ ၁၃ ဦးထံသို့ အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်များကို ပေးအပ်ခဲ့သည်။

စေတုတ္တရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးအနေဖြင့် ပန်းခင်း စီမံချက်အရ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ အိမ်ထောင်စု လူဦးရေစာရင်း မရှိသူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ဒေသခံပြည်သူများ အတွက် ဆက်လက်၍ ကွင်းဆင်း ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**



## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သပြေကုန်းကျေးရွာ၊ သပြေကုန်းကွင်း၊ ဦးပိုင်အမှတ်(N)၊ မြေဧရိယာ အကျယ်အဝန်း ပေ(၁၇၅၀x၁၅)ရှိသော ဦးပိုင်အမှတ်(N/၃) အတွင်းသို့ ဝင်ထွက်သွားလာနိုင်သည့်မြေကွက်၊ ဥယျာဉ်ခြံမြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ပြောဆိုလာကြသည့် (၁) ဒေါ်ချောစု ၁၂/ဒဂဆ(နိုင်)၀၁၃၇၅၈၊ (၂) ဦးကျင်သိန်း ၁၂/သလန(နိုင်) ၀၁၈၅၅၅၊ (၃)ဦးလှဝင်း ၁၂/သလန(နိုင်) ၀၂၄၄၁၇၊ (၄) ဦးတင်အေး ၁၂/သလန(နိုင်) ၀၂၅၈၀၃၊ (၅) ဦးညဏ်ထွန်း ၁၂/သလန(နိုင်)၀၉၉၀၆၁ နှင့် (၆) ဒေါ်ခင်သိန်း ၁၂/သလန(နိုင်) ၀၁၈၆၄၁တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A,H.G.P,C.B.L,D.B.L,D.M.L ၊ အထက်တန်းရှေ့နေ
တိုက်(၃၊ အေ)၊ သုံးလွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၇၉၂၇၁၉၉



## (၁၂-၉-၂၀၁၈)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ သွာနုတ္တသားသမီးများဖြစ်ကြောင်း ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်၊ နောက်မီးကျေးရွာ၊ (၈)ရပ်ကွက်နေ ဒေါ်ခင်ညိမ်းညိမ်း(ဘ)ဦးဘပွား ၁၄/ဖပန(နိုင်) ၂၄၁၁၆၅၏ လွှဲအပ်ညွှန်ကြားချက်အရ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်၊ နောက်မီးကျေးရွာ၊ (၈) ရပ်ကွက်နေ (ဦးအုန်းမောင်)-ဒေါ်ခင်ညိမ်းညိမ်း တို့၏သားသမီးများဖြစ်ကြသော ဒေါ်ခင်စန်းလွင်၊ ဦးကျော်ကျော်အုန်း၊ ဦးမင်းဇော်အုန်း၊ ဒေါ်ခင်မို့မို့အုန်း၊ ဦးအေးမင်းအုန်းတို့အား ၁၂-၉-၂၀၁၈ရက် မြန်မာ့အလင်းသတင်းစာပါ အမွေဆက်ခံခွင့်မရှိသော သွာနုတ္တသားသမီးများဖြစ်ကြောင်း ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ၎င်း၏သားသမီးများအားလုံးသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ-
ဒေါ်ခင်ညိမ်းညိမ်း

လွှဲအပ်ချက်အရ-
ဒေါ်ကြူကြူစန်း(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၆၂၇၉/၅၊ ၅-၁၂-၂၀၁၉)
အမှတ်(၂၁)၊ (၇)လမ်း၊ (၁၀)ရပ်ကွက်၊ ဖျာပုံမြို့



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေဝိုင်းရပ်ကွက်အမှတ် (၁၃၄)၊ မြေကွက်အမှတ်- (၅၃၄)၊ အင်းဝလမ်း၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးစိုးညွန့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးမျိုးဇော်ဦး (၉/မရတ (နိုင်) ၁၁၇၆၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆)၊ မြေကွက်အမှတ်(၃၇၃)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ အကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ ၆၀)ရှိ ဦးကြည်စိုးမိုးအမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၇၃)၊ ခေါင်မိုးဟိန်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံ ကတိပြုသူ ဦးညီညီလင်း ၁၂/ကတန(နိုင်) ၀၉၀၈၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေနှင့်အဆောက်အအုံအရောင်းအဝယ်အတွက် မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချယ်ရီအောင်
LL.B,D.B.L,D.I.L,D.M.L,DL(101)IP,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၀၁)
အမှတ်(၈)၊ (၅)လွှာ၊ ခနေသီဒ္ဓိလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၄၆၆၅၀၊ ၀၉-၂၆၄၁၂၆၉၀၀



## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သပြေကုန်းကျေးရွာ၊ သပြေကုန်းကွင်း၊ ဦးပိုင်အမှတ် N/၃၊ ဧရိယာ ၄ဒသမ၉၂ ဧကရှိသော ဦးအောင်မျိုးလင်း ၁၂/သလန(နိုင်)၁၁၄ ၅၃၉ အမည်ပေါက် မြေကွက်အနက်မှ ဧရိယာ ၃ဒသမ ၆၂ ဧကရှိသော ဥယျာဉ်ခြံမြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ်များ အားလုံးတို့အား တရားဝင် အမွေဆက်ခံပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ပြောဆိုလာသည့် ဦးအောင်မျိုးလင်း(ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းအေး ၁၂/သလန(နိုင်)၁၀ ၄၂၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A, H.G.P, C.B.L,D.B.L, D.M.L ၊ အထက်တန်းရှေ့နေ
တိုက်အမှတ် ၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၇၉၂၇၁၉၉



## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ အမှတ်(၁၀၀)တွင်တည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ်(၇/တ/၁)+(၇/တ/၂)၊ မြေဧရိယာ(၀ဒသမ၁၆၆ဧက-၀ဒသမ၁၄၅ဧက)၊ (စုစုပေါင်းမြေဧရိယာ-၀ဒသမ၃၁၁)ဧ က အကျယ်အဝန်းရှိ လ/န-၃(ခ)ရပြီးမြေပိုင်မြေ အမျိုးအစားမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC ၃ ၁/၂ထပ်တိုက် အဆောက်အအုံအပါအဝင်ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာ ယာ ရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးသီဟ(ဘ)ဦးဖေတင် ၁၂/ဗတထ(နိုင်) ၀၂၆၁၄၃၊ အမှတ် ၁၇/A၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-


ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)
ဖုန်း-၀၉-၅၁၇၁၄၃၃

ဒေါ်ခင်မြတ်သူ(H.G.P, LL.B,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)
ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀

အမှတ်(၁၂၂)၊ (၂)လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## 'မလေး' ဆေးပေါ့လိပ် လုပ်ငန်း၏အဓိပတိဖခင်ကြီး ဦးတင့်ဆွေ

ပခုက္ကူမြို့၊ မဟာဝိသုတာရာမ(အလယ်တိုက်) ဂေါပကအဖွဲ့၊ ဥက္ကဋ္ဌ
ပခုက္ကူမြို့၊ မဟာဝိဇယာရာမ၊ ပါဠိတက္ကသိုလ်(အရှေ့တိုက်)ဂေါပကအဖွဲ့၊ ဥက္ကဋ္ဌ
ပခုက္ကူမြို့၊ ပင်မ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ အဖွဲ့ခွဲ(၂၃)၊ ဥက္ကဋ္ဌ
ပခုက္ကူမြို့၊ သီတာအေး စာသင်ကျောင်းတိုက်၊ ဥက္ကဋ္ဌ
ပခုက္ကူမြို့၊ ဘိုးဘွားရိပ်သာ၊ ဥက္ကဋ္ဌ
ပခုက္ကူမြို့၊ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့ နာယကကြီး
ပခုက္ကူမြို့၊ သီတဂူ စက္ခုဒါန တံတားဦးဆေးရုံတော် နာယကကြီး
မြန်မာနိုင်ငံဆေးပေါ့လိပ်လုပ်ငန်းရှင်များအသင်း၏ နာယကကြီး
ပခုက္ကူမြို့၊ ချမ်းမြေ့ဆေးရုံ(Vital Company Limited)၏ နာယကကြီး
ပခုက္ကူမြို့၊ ရောဂုဏ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ နာယကကြီး
ပခုက္ကူမြို့၊ ဦးအုန်းဖေ စာကြည့်တိုက်ကော်မတီအဖွဲ့၏ ဥက္ကဋ္ဌ

### အသက်(၈၁)နှစ်

ပခုက္ကူမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိလမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးဝင်းနိုင်ဦး-ဒေါ်အေးအေးလွင်၊ ဦးရဲနိုင်ထွန်း-ဒေါ်မြင့်မြင့်မိုး၊ ဦးမျိုးလွင်-ဒေါ်မေသင်းနိုင်၊ ဦးအောင် ဖြိုးဝင်း-ဒေါ်လေးလေးမြင့်တို့၏ဖခင်၊ မဂျူးမျက်ခြယ်ဦး၊ မောင်ဆွေသန်းထွန်း၊ မဆွေ လွင်လွင်ဦး၊ မောင်ရဲမြတ်လွင်၊ မခင်ရွှေစင်၊ မောင်အောင်ကောင်းမြတ်တို့၏အဘိုး သည် ၂၉-၅-၂၀၂၂ ရက် ညနေ ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၂ရက်နံနက် ၉နာရီတွင် ပခုက္ကူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အမာစီ(Dorothy Sein Pe)
### B.A,B.Ed
### အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၁)ပုသိမ်၊ အလက(၂)ကြည့်မြင်တိုင်၊ အထက(၄)လှိုင်
### အသက်(၈၅)နှစ်

(ဦးစိန်ဖေ-ဒေါ်သန်းရီ) တို့၏သမီး၊ (ဦးတင့်လွင်) (ကြေးနန်းရုံး၊ ဆက်သွယ်ရေး)၏ဇနီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ စိမ့်လဲ့သာယာလမ်း၊ အမှတ်(၁၂၅)နေ ဒေါက်တာနီလာလွင် (အဏုမြူစွမ်းအင်ဌာန)၊ ဒေါ်စန္ဒာလွင် (အလက-၃၊ ကြည့်မြင်တိုင်)၊ ဒေါ်ချိုမာလွင်(MFTBC-ငြိမ်း၊ သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်)၊ (ဦးဇာနည်လွင်)၊ ဦးနေမျိုးလွင်၊ (ဗိုလ် ကြီး အောင်မျိုးလွင်)တို့၏မိခင်သည် ၂၉-၅-၂၀၂၂ရက် ည ၁၁နာရီတွင် ပင်လုံဆေး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၂ရက်တွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိခင်ကြီး၏ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းမိတ်ဆွေများ၊ ကျောင်းသားဟောင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၂၄-၅-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်ဖခင်ကြီး သရေစည်သူဦးအောင်တိုး-နိုင်ငံတော်တရားသူကြီးချုပ် (ငြိမ်း)အား နာမကျန်းစဉ်မှ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ ပြုစုစောင့်ရှောက်ပေးကြသည့်ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကရုဏာတရားရှေ့ထား၍ နှစ်သိမ့်ပေးပါသော နိုင်ငံတော်အကြီးအကဲနှင့် မိသားစု၊ လိုက်ပါပို့ဆောင်၍ နှစ်သိမ့်ပေးပါသော ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)များ၊ပြည်နယ်၊ တိုင်းဒေသကြီးတရားလွှတ်တော်မှ တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## မောင်သန်းဇော်ထက်
### အထက(၁)ရန်ကင်း ကျောင်းသားဟောင်း
### အသက်(၁၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ အမှတ်(၂၁၁၄)၊ ပုဂံလမ်းနှင့် ကျွန်းလှလမ်းထောင့်၊ ရာဇသင်္ဂဟအိမ်ရာ(၂)၊ ဥတ္တရသီရိမြို့နယ်နှင့်ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၁၆/အေ-၂)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် နေ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း တို့၏သား၊ ဦးကောင်းထက်စိုး-ဒေါ်တင်မျိုးဝင်း(ခ) ခိုင်မာ၊ ဦးနေဖြိုးဇင်-ဒေါ်သီသီအောင်၊ မောင်အောင်အောင်တို့၏ညီ၊ မလင်းလက်သီရိခေတ်၊ မဝင်းလဲ့သီရိမေနှင့် မသက်နှိုင်းအိန္ဒြေ တို့၏ဦးလေးသည် ၂၉-၅-၂၀၂၂ရက် (စနေနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(ခုတင်-၁၀၀၀ ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ မွန်းလွဲ ၂:၃၀ နာရီတွင် ကားများထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေး ခြံများမှ ထွက်သည့် အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာ ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင် ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်ခိုင်
### အသက်(၇၀)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်နေ (ဦးဂန့်ဂေါ်-ဒေါ်ခင်သန်းမြ) တို့၏သမီးထွေး၊ အမှတ်(၃၈)၊ ၃လွှာ(B)၊ ရုံးကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးရဲညွန့်)၏ ချစ်လှစွာသောဇနီး၊ ဦးတင်အောင်သန်း-ဒေါ်ဝါဝါမိုး၊ ဒေါ်မိုးဝင့်ဝင့်ဖြိုး၊ ဦးနိုင်လင်းထွေး-ဒေါ်နှင်းလဲ့လဲ့၊ (ဦးအောင်မြင့်မြတ်သူ)၊ ဦးနန္ဒ-ဒေါ်သိမ့်သန္တာထွန်း၊ ဦးသူရ-ဒေါ်ကျော့ဇင်လင်းထိုက်တို့၏ ချစ်လှစွာသောမိခင်၊ မြေး(၆)ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၀-၅-၂၀၂၂ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁-၆-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်)။

ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၂၂ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်အေး
### ဒုတိယညွှန်ကြားရေးမှူး(ငွေစာရင်း)(ငြိမ်း)
### မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ နေပြည်တော်
### အသက် (၆၃)နှစ်

စစ်ကိုင်းမြို့နေ (ဦးမောင်မောင် အငြိမ်းစားစက်ရှင်တရားသူကြီး-ဒေါ်ခင်မြ) တို့၏မြေး၊ စစ်ကိုင်းမြို့နေ ဝဏ္ဏကျော်ထင် ဦးတင်အို (အငြိမ်းစားခရိုင်ဝန်နှင့် တရားရုံးချုပ်ရှေ့နေ)(မင်းဘူး)-ဒေါ်ရှုခင်(ပခုက္ကူ)တို့၏သမီးချွေးမ၊ ဦးသိန်းမောင် (အငြိမ်းစား မြို့နယ်ပညာရေးမှူး)-ဒေါ်ခင်မိမိကြီးတို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအဆင့်(၂)အိမ်ရာ၊ တိုက်(၈)၊ အခန်း(၄၀၄)နေ ဦးခင်မောင်ဌေး(အငြိမ်းစား ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးနှင့် တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးစိုးဝင်းလှိုင်(ကက/ယာ)-ဒေါ်နှင်းပွင့်အေး (လက်ထောက်ကထိက ဥပဒေ၊ တောင်ကြီးတက္ကသိုလ်)၊ ဦးကျော်စိုးဟန် (University of Greenwich)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ခင်အေးသည် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ ၂၉-၅-၂၀၂၂ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပြီဖြစ်သဖြင့် ၃၁-၅-၂၀၂၂ ရက် မွန်းလွဲ ၂:၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်ရှေ့မှ ကားများ မွန်းတည့် ၁၂:၀၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးဝင်းမြင့်မောင်(ဖြူးမြို့နယ်ဦးစီးမှူးရုံး)
### လူဝင်မှုကြီးကြပ်ရေးမှူး
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်နေ(ဦးမောင်မောင်)-ဒေါ်အေးသိန်းတို့၏သား၊ တာမွေမြို့နယ်နေ ဦးထွန်းရှိန်-(ဒေါ်အုံး သွင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၄၀) နေ ဒေါ်နွယ်နီထွန်း၏ ခင်ပွန်း၊ မောင်စံလင်းထက်၏ဖခင်၊ ဒေါ်ခင်သက်ဦး၏မောင်၊ ဦးသက်နိုင်၊ ဦးစိုးနိုင်တို့၏ညီ၊ ဒေါ်ခင်ခင်သက်၊ ဒေါ်နွယ်နီအေး၊ ဦးနေမျိုး - ဒေါ်မြသီတာတို့၏အစ်ကိုသည် ၂၉-၅-၂၀၂၂ရက်(စနေနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၂ရက်(တနင်္လာ နေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၂ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတ ရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ဒေါ်နန်းအေးခင်(စစ်တွေမြို့)
### အသက်(၇၇)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်နေ ဒေါ်ဦးသိန်းနု (ကိုယ်ပွားသတင်းစာတိုက်၊ စစ်တွေ)၊ ဒေါ်ခင်ညွန့်ရီ၊ ဦးမောင်ခင်ဝင်း၊ ဦးလှမောင်ထွန်း၊ ဦးစံရွှေမောင်၊ ဦးလှကျော်ထွန်း၊ ဦးသန်းထွန်းအောင်၊ ဒေါ်မသန်းဌေး၊ ဦးအောင်ကျော်ထွန်းတို့၏မိခင် ၂၉-၅-၂၀၂၂ရက် (စနေနေ့) ည ၁၀:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ ဗိုလ်မှူးကြီး ထိန်လင်း၊ ဇနီး ဒေါ်မြင့်သီတာအောင်တို့၏ ဖခင် ဗိုလ်ကြီးသောင်းဝင်း (ငြိမ်း) ကြည်း-၈၄၇၈၊ OTS(25) အသက်(၈၉)နှစ်သည် ၂၅-၅-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ဆရက(၂/၁၀၀၀)၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်ကြောင်း သိရှိရပါသောကြောင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**DSA(30)မှ သူငယ်ချင်းမိသားစုများ**

## ဒေါ်ခင်ခင်အေး (စစ်ကိုင်း)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ နေပြည်တော်
### အသက်(၆၃)နှစ်

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ဆေးရုံကြီးလမ်းနေ (ဦးမောင်မောင်၊ ငြိမ်းရာဘက်စက်ရှင်တရားသူကြီး-ဒေါ်ခင်မြ)တို့၏မြေး၊ ဦးမောင်မောင်ခင် (ပါမောက္ခချုပ် (ငြိမ်း)၊ မန္တလေးအဝေးသင်တက္ကသိုလ်)-ဒေါ်တင်တင်သူ၊ ဒေါ်ညွန့်ညွန့်ဝင်း (မန်နေဂျာ၊ တိုင်းသမဝါယမအသင်းစုချုပ်)၊ ဦးသိန်းဌေး (ငြိမ်း၊ ဌာနမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ-ဒေါ်စန်းစန်းမြင့် တို့၏ညီမ၊ ဦးမြင့်လေး (ဦးစီးအရာရှိ၊မြို့နယ်သမဦးစီးဌာန)-ဒေါ်ခင်ယောသစ် (လ/ထညွှန်ကြားရေးမှူး စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့)တို့၏အစ်မ ဒေါ်ခင်ခင်အေးသည် ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ ၂၉-၅-၂၀၂၂ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပြီ ဖြစ်သဖြင့် ၃၁-၅-၂၀၂၂ ရက် မွန်းလွဲ ၂:၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူ ဆွေမျိုးတစ်စု**

## ဒေါ်ကြည်ကြည်ဝင်း
### အသက်(၇၆)နှစ်

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ သဇင်လမ်းသွယ်၊ နယ်မြေ (၂)၊ အမှတ် (ခ/၈၃)နေ နှင့် မကွေးတိုင်းဒေသကြီး၊ မိကျောင်းရဲမြို့နေ (ဦးသန်း-ဒေါ်စိန်တင်)တို့၏သမီး၊ ဗိုလ်မှူးလှသန်း(ငြိမ်း)၏ဇနီး၊ ကိုကျော်သူရိန်-မသီတာ(ဆာကူရာသံဆိုင်)၊ မတင်ရီနွယ်ဝင်း (အလက-၁၃၊ တောင်ကြီး)၊ ကိုဖြိုးသူအောင် - မနန်းပါကွမ်(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်)၊ ဗိုလ်မှူးခိုင်ဇော်သူ-မအေးမြသူ တို့၏မိခင်၊ မရတီစံ၊ နန်းသွန်းရတီဖြိုး၊ မောင်အောင်ခန့်ဖြိုး၊ မောင်သုတဇော်တို့၏အဘွားသည် ၃၀-၅-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါ တောင်ကြီးမြို့နေအိမ်မှ တိုင်းရင်းသား ပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ရှင်သိဒတ်(၁၀)လမ်း၊ မြေကွက်အမှတ် (၅၉၅/ခ)၊ မြေအကျယ် ပေ(၂၀x၆၀)၊ ဧရိယာ စတုရန်းပေ(၁၂၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဦးရဲဝင်း ၁၂/ကတန(နိုင်) ၀၀၆၉၅၁ အမည်ဖြင့် မှတ် သားတည်ရှိလျက်ရှိပြီး ၎င်းမှလက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိသော ယင်းအိမ်ခြံမြေကွက်နှင့် ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီရီသန့်("အလင်္ကာ"Law Firm)
LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၃၄၄)၊ မြေအ ကျယ် ပေ(၄၀x၆၀)ရှိ ဒေါ်ကြူကြူအေး ၁၄/မမန(နိုင်) ၀၂၅၃၂၅အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်ခိုင် ၁၂/မရက(နိုင်) ၀၀၂၀၉၇ထံမှ ဒေါ်သီတာအေး ၇/တငန(နိုင်)၁၀၄၆၆၀က ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး စရန်ပေးကာလအတွင်း အဆိုပါမြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းပိုင်းရှိ မြေအကျယ် ပေ(၂၀x၆၀)ကို ဂရန်မိတ္တူဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ရီရီသန့်("အလင်္ကာ"Law Firm)
LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019(COVID–19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၉ ရက်)

Coronavirus Disease 2019(COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးထားသည့်ကိစ္စရပ်များမပါ) အား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

## ယနေ့အထိ စုစုပေါင်း ၁၃၂,၃၁၈ ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်

(၃၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၉-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၁၉,၆၄၂) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၅၇၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၃၁၈) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီးဖြစ်ပါသည်။

*စာမျက်နှာ ၁၇ ကော်လံ ၁* ❐

## တိုကျိုအိုလံပစ်ကြက်တောင်ပြိုင်ပွဲ ဝင်ခွင့်ရကစားသမားများ ဇွန် ၁၅ ရက် ထွက်ပေါ်မည်

ရန်ကုန် မေ ၃၀

ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် တိုကျိုအိုလံပစ်ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ပြန်လည်ကျင်းပမည်ဖြစ်ပြီး ကြက်တောင်အားကစားနည်းလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရ အားကစားသမားများကို ဇွန် ၁၅ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲ၏ ကြက်တောင်ပြိုင်ပွဲတွင် တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်ဆန်းပိုင်းတွင် တစ်ကမ္ဘာလုံး ကြုံတွေ့ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိုလံပစ်ပြိုင်ပွဲအပါအဝင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများ အားလုံး ရွှေ့ဆိုင်းခဲ့ရသည်။ ယခင်က အိုလံပစ်ပြိုင်ပွဲ လက်ရည်စစ်ပွဲကာလကို ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ မေလဆန်းအထိ သတ်မှတ်ခဲ့သော်လည်း ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ကာ ပြိုင်ပွဲများကျင်းပနိုင်ခြင်းမရှိတော့သဖြင့် ရက်ပြောင်းလဲကာ ၂၀၂၁ ဇန်နဝါရီ ၄ ရက်မှ ဇွန် ၁၃ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ထို့ကြောင့် အိုလံပစ်ဝင်ခွင့်အတွက် ရမှတ်များကို ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် ဇွန် ၁၃ ရက်အတွင်း ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည်။ BWF သည် ယခုနှစ်အတွင်း ပြိုင်ပွဲ ၁၀ ခုနှင့်အထက်ပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း ကပ်ရောဂါကြောင့် အနည်းငယ်သာကျင်းပနိုင်ခဲ့ပြီး ပြိုင်ပွဲအများစုကို ရွှေ့ဆိုင်း/ဖျက်သိမ်းခြင်းများ ပြုလုပ်ခဲ့ရသည်။

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး လက်ရှိအနေအထားအရ ဝင်ခွင့်ရရန် အခြေအနေကောင်းနေသည်။ သက်ထားသူဇာသည် မေ ၂၅ ရက်က နောက်ဆုံးထုတ်ပြန်ထားသည့် အိုလံပစ်ဝင်ခွင့်အတွက်

*စာမျက်နှာ ၉ ကော်လံ ၁* ❖




ချယ်ဆီးအသင်းသားများ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပြီးနောက် အောင်ပွဲခံနေစဉ်။

## မန်စီးတီးကို အနိုင်ယူပြီး ဒုတိယအကြိမ်မြောက် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးခဲ့သည့် ချယ်ဆီး

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် မန်စီးတီးအသင်းနှင့် ချယ်ဆီးအသင်းတို့ ပွဲစဉ်ကို မေ ၃၀ ရက် နံနက်ပိုင်းက ပေါ်တူဂီနိုင်ငံ ပေါ်တိုရှိ Estadio Do Dragao အားကစားကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် မောင့်၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဟာဗက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။

မန်စီးတီးအသင်းသည် ယနေ့ပွဲစဉ်တွင် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန်အတွက် အီဒါဆင်၊ ဝေါ်ကာ၊ ဆီးဗားလ်၊ ဂန်ဒိုဂန်၊ ဖိုဒင်၊ မာရက်ဇ်၊ ဒီဘရိုင်း၊ စတားလင်း စသည့်အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ ချယ်ဆီးအသင်းကလည်း ချန်ပီယံလိဂ်ဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ရန်အတွက် အသင်းမှ အားထားရသည့် မန်ဒီ၊ ရူဒီဂါ၊ ချီဝဲလ်၊ ကန်တီ၊ မောင့်၊ ဟာဗက်ဇ်၊ ဝါနာ စသည့်ကစားသမားများဖြင့် မန်စီးတီးအသင်းကို ရင်ဆိုင်လာခဲ့သည်။

မှတ်တမ်းသစ်ရေးထိုးရန် နှစ်သင်းစလုံး အကောင်းဆုံး ပြင်ဆင်လာသည့်အတွက် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၃* ❍

ဒီမိုကရေစီနှင့်ဆန့်ကျင်သည့် အကြမ်းဖက်အဖျက်လုပ်ရပ်
ဆောင်းပါး | စာ | ၆

မူဆယ်နယ်စပ် ကျင်စန်းကျော့ဂိတ် အဝင်အထွက် အချိန်ကြန့်ကြာမှုကြောင့် ကုန်တင်ယာဉ်အစီးရေ ထောင်ချီပိတ်မိ
ပြည်တွင်းသတင်း | စာ | ၈

ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ တံတားနှစ်စင်းကို အကြမ်းဖက် သောင်းကျန်းသူများက ဖြိုချဖျက်ဆီး
ပြည်တွင်းသတင်း | စာ | ၂၇